# ဆားမလောက်အရက်ချက်စက်ရုံ

# ၏

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

# Pot Still နည်းစဉ်ဖြင့်

# အရက်ထုတ်လုပ်ခြင်းလုပ်ငန်း

*Prepared by*

EAS
ENVIRONMENTAL ASSESSMENT SERVICES

**Environmental Assessment Services Co., Ltd**

# ဆားမလောက်အရက်ချက်စက်ရုံ

၏

# Pot Still နည်းစဥ်ဖြင့် အရက်ထုတ်လုပ်ခြင်းလုပ်ငန်း

အတွက်

# ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဥ်

၂၀၂၅ ခုနှစ်၊ဇူလိုင်လ

# စီမံကိန်းဆောင်ရွက်သူ၏ကတိကဝတ်များ

## SML အရက်ချက်လုပ်ငန်း

ကွင်းအမှတ် - ၃၈၂၊ ဦးပိုင်အမှတ် (၁၇၊၁၈၊၁၉) ၊ ဆားမလောက်တာဆုံ၊ ဆားမလောက်ကျေးရွာအုပ်စု၊
ညောင်တုန်းမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။

---

**စီမံကိန်းဆောင်ရွက်သူ၏ကတိကဝတ်များ**

**ကျွန်တော်များ"ဆားမလောက်အရက်ချက်လုပ်ငန်း"အနေဖြင့် Pot Still နည်းစဥ်ဖြင့် အရက်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ပါအချက်များအား ကတိကဝတ်ပြုပါသည်-**

(က) ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို တိကျခိုင်မာမှုများနှင့် ပြည့်စုံစွာ ဆောင်ရွက်ထားပါသည်။

(ခ) ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာဆောင်ရွက်သွား ပါမည်။

(ဂ) လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် ကာလအတွင်း အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား တိုးတက်နေ သည့် နည်းပညာများ၊ စနစ်များနှင့် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ပိုမိုကောင်းမွန် သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ဖြစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်ရန် ညွှန်ကြားချက်များ ရှိလာပါက လိုက်နာဆောင်ရွက်သွားပါမည်။

(ဃ) စီမံကိန်းပိတ်သိမ်းချိန်တွင်လည်း ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အား ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်၍ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ အခါအားလျော်စွာ ထုတ်ပြန်ကြေငြာမည့် ညွှန်ကြားချက်များကို သိရှိလိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

Thet Tun
General Manager

Environmental Assessment Services Co., Ltd

# အကြံပေးပုဂ္ဂိုလ်များ၏ကတိကဝတ်များ

ဆားမလောက်အရက်ချက်စက်ရုံ ၏ Pot Still နည်းစဉ်ဖြင့် အရက်ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာ ရေးဆွဲသည့် အကြံပေး ပုဂ္ဂိုလ်များမှလည်း အောက်ပါ အချက်များကို ကတိကဝတ်ပြုပါသည်-

(က) ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို တိကျခိုင်မာမှုများနှင့် ပြည့်စုံစွာ ဆောင်ရွက်ထားပါသည်။

(ခ) ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပါအဝင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာ၍ ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာကို ရေးဆွဲထားပါသည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များနှင့် အညီ ပြုစု ရေးဆွဲ ဆောင်ရွက်ထားပါသည်။

U Thant Zin
Associate Consultant
Environmental Assessment Services Co., Ltd.
Email. thantzinforestry@gmail.com
Phone. +959259906057

# မာတိကာ

၁။ အကျဉ်းချုပ်အစီရင်ခံစာ ........ ၁၃
၁.၁။ နိဒါန်း ........ ၁၃
၁.၂။ ကတိကဝတ်များ ........ ၁၃
၁.၃။ မူဝါဒနှင့်ဥပဒေမူဘောင် ........ ၁၃
၁.၄။ စီမံကိန်းအကြောင်းအရာ ........ ၁၅
၁.၅။ အနီးပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက် ........ ၁၆
၁.၆။ ထိခိုက်မှုဖြစ်နိုင်ခြေဆန်းစစ်ခြင်းနှင့် လျော့နည်းစေရေးနည်းလမ်းများ ........ ၁၈
၁.၇။ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း ........ ၂၅
၁.၈။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အကျဉ်းချုပ် ........ ၂၅
၁.၈.၁။ ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ ........ ၂၅
၁.၈.၂။ လူမှုစီးပွားတာဝန်သိ အစီအစဉ် (CSR) ........ ၂၆
၁.၉။ နိဂုံး ........ ၂၆
**၂။** နိဒါန်း ........ ၂၇
၂.၁။ နောက်ခံအကြောင်းအရာ ........ ၂၇
၂.၂။ စီမံကိန်းအဆိုပြုသူ ........ ၂၇
၂.၃။ EMP အစီရင်ခံစာရေးဆွဲခြင်း ........ ၂၇
၂.၄။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲသည့်အဖွဲ့ ........ ၂၈
၂.၅။ EMP အစီရင်ခံစာရေးဆွဲသည့်အဖွဲ့ဝင်များ ........ ၂၈
၂.၆။ EMP အစီရင်ခံစာ၏ဖွဲ့စည်းပုံ ........ ၂၉
**၃။** မူဝါဒ၊ ဥပဒေနှင့် အဖွဲ့စည်းဆိုင်ရာမူဘောင် ........ ၃၀
၃.၁။ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ........ ၃၀
၃.၂။ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ ........ ၄၅
၃.၃။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅) .. ၄၇
၄။ စီမံကိန်းအကြောင်းအရာဖော်ပြချက် ........ ၅၀
၄.၁။ စီမံကိန်းလုပ်ငန်း အမျိုးအစား ........ ၅၀
၄.၂။ စီမံကိန်းတည်နေရာ ........ ၅၀
၄.၃။ စီမံကိန်း အကောင်အထည်ဖော်ကာလ ........ ၅၂
၄.၄။ စီမံကိန်းအဆောက်အဦ ........ ၅၂

၄.၅။ စက်ပစ္စည်းနှင့်စက်ကိရိယာများ........................................................................................၅၄
၄.၆။ ကုန်ကြမ်းပစ္စည်းအမျိုးအစား ..........................................................................................၅၄
၄.၇။ ကုန်ချောပစ္စည်းအမျိုးအစားနှင့် ကုန်ချောထွက်ရှိမှု..........................................................၅၅
၄.၈။ အရက်ချက်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့် ......................................................................၅၆
၄.၉။ စီမံကိန်းဆိုင်ရာအရင်းအမြစ် ..........................................................................................၆၀
၄.၉.၁။ အလုပ်ချိန်နှင့်ဝန်ထမ်းအင်အား..............................................................................၆၀
၄.၉.၂။ စွမ်းအင် ..............................................................................................................၆၁
၄.၉.၃။ ရေအရင်းအမြစ်နှင့်သုံးစွဲမှု ....................................................................................၆၁
၄.၁၀။ စွန့်ပစ်ပစ္စည်း...........................................................................................................၆၂
၄.၁၀.၁။ အစိုင်အခဲစွန့်ပစ်ပစ္စည်း .....................................................................................၆၂
၄.၁၀.၂။ အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း ...................................................................................၆၂
၄.၁၀.၃။ စွန့်ပစ်ရေ .........................................................................................................၆၃
၄.၁၁။ မီးဘေးအန္တရာယ်ကာကွယ်ရေး ....................................................................................၆၃
၅။ လက်ရှိပတ်ဝန်းကျင်အကြောင်းအရာ ...............................................................................၆၅
၅.၁။ လေ့လာမည့်နယ်နိမိတ်သတ်မှတ်ခြင်း .............................................................................၆၅
၅.၂။ ရပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များ.............................................................................၆၅
၅.၂.၁။ တည်နေရာအကျယ်အဝန်း ...................................................................................၆၅
၅.၂.၂။ မြေမျက်နှာသွင်ပြင်နှင့် ဇလဗေဒ ...........................................................................၆၆
၅.၃။ သဘာဝပတ်ဝန်းကျင် ...................................................................................................၆၆
၅ .၃.၁။ မိုးလေဝသနှင့် ရာသီဥတု......................................................................................၆၆
၅.၃.၂။ ဂေဟဗေဒဝန်းကျင် ...............................................................................................၆၉
၅.၄။ လူမှုစီးပွားပတ်ဝန်းကျင် .................................................................................................၇၁
၅.၅။ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး ...................................................................................၇၂
၅.၅.၁။ လေအရည်အသွေး.................................................................................................၇၂
၅.၅.၂။ ဆူညံသံတိုင်းတာခြင်း............................................................................................၇၅
၅.၅.၃။ ရေအရည်အသွေး...................................................................................................၇၈
၅.၅.၄။ မြေဆီလွှာအရည်အသွေး.........................................................................................၈၂
၆။ ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့် လျှော့နည်းစေရေးနည်းလမ်းများ..........................၈၅
၆.၁။ သက်ရောက်မှု အကဲဖြတ်မှု နည်းစနစ် .............................................................................၈၅

၆.၁.၁။ ထိခိုက်သက်ရောက်မှုအဆင့် ..........၈၆
၆.၁.၂။ ထိခိုက်မှုလျှော့ပါးရေးနည်းလမ်း..........၈၆
၆.၂။ ထိခိုက်မှုနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်ခြေဆန်းစစ်ခြင်းနှင့် လျှော့ချခြင်းအစီအမံများ.........၈၇
၆.၂.၁။ စီမံကိန်းတည်ဆောက်ရေးကာလအတွင်းထိခိုက်မှုများ..........၈၇
၆.၂.၂။ စီမံကိန်းလည်ပတ်ရေးကာလအတွင်းထိခိုက်မှုများ ..........၈၇
၆.၂.၃။ စီမံကိန်းပိတ်သိမ်းရေးကာလအတွင်းထိခိုက်မှုများ..........၉၈
၇။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် .......... ၁၀၈
၇.၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရေးအဖွဲ့.......... ၁၀၈
၇.၂။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ .......... ၁၀၉
၇.၂.၁။ လေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်.......... ၁၀၉
၇.၂.၂။ ဆူညံသံ စီမံခန့်ခွဲမှုအစီအစဉ်..........၁၁၁
၇.၂.၃။ ရေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်..........၁၁၂
၇.၂.၄။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်..........၁၁၃
၇.၂.၅။ မြေဆီလွှာအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ် ..........၁၁၄
၇.၂.၆။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု အစီအစဉ်.......... ၁၁၅
၇.၂.၇။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်.......... ၁၁၇
၇.၃။ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်.......... ၁၁၉
၇.၃.၁၊ ရည်ရွယ်ချက် .......... ၁၁၉
၇.၃.၂။ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုလုပ်ဆောင်မည့်အဖွဲ့အစည်း.......... ၁၁၉
၇.၃.၃။ လမ်းညွှန်ချက်များနှင့် စံနှုန်းများ .......... ၁၁၉
၇.၃.၄။ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ ..........၁၂၀
၇.၃.၅။ မှတ်တမ်းထားရှိခြင်းနှင့် အစီရင်ခံခြင်း။..........၁၂၃
၇.၄။ အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ် ..........၁၂၃
၇.၅။ လူမှုစီးပွားတာဝန်သိ အစီအစဉ် (CSR) ..........၁၂၆
၇.၅.၁။ CSR ၏ရန်ပုံငွေလျာထားချက် ..........၁၂၆
၇.၆။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်လျာထားချက် ..........၁၂၇
၇.၇။ မကျေနပ်မှုများဖြေရှင်းပေးမည့်အစီအစဉ်..........၁၂၇
၇.၈။ စီမံကိန်းစက်ရုံပိတ်သိမ်းရေးအစီအစဉ် ..........၁၂၈
၈။ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့် ထုတ်ဖော်တင်ပြခြင်း..........၁၃၀

၈.၁။ ရည်ရွယ်ချက် ....................................................................................................၁၃၀

၈.၂။ အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခြင်း.......................................................................၁၃၀

၈.၃။ သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်း ......................................................၁၃၄

၉။ နိဂုံးချုပ် ..........................................................................................................................၁၃၈

၁၀။ ကတိကဝတ် .....................................................................................................................၁၃၉

နောက်ဆက်တွဲများ.............................................................................................................၁၄၁

# ပုံစာရင်း

ပုံ ၄-၁စီမံကိန်းတည်နေရာ ..... ၅၀
ပုံ ၄-၂စီမံကိန်းတည်နေရာနှင့်အနီးဂန်းကျင်ပြပုံ..... ၅၁
ပုံ ၄-၃ စီမံကိန်းအဆောက်အဦနေရာ (Layout Plan) ပြပုံ ..... ၅၃
ပုံ ၄-၄ကုန်ကြမ်းဆန်ကွဲထားသိုပုံ..... ၅၅
ပုံ ၄-၅အရက်ထုတ်လုပ်ပုံလုပ်ငန်းစဉ်..... ၅၆
ပုံ ၄-၆ကုန်ကြမ်း (ဆန်ကွဲ) ..... ၅၇
ပုံ ၄-၇ပေါင်းအိုးဖြင့် ကုန်ကြမ်းများ ပေါင်းခံချက်လုပ်ပုံ..... ၅၇
ပုံ၄-၈စိမ်ရည်ဖောက်အိုးများ ..... ၅၈
ပုံ ၄-၉စက်ရုံတွင်တပ်ဆင်ထားသော Pot Still ပေါင်းခံအိုး ..... ၅၉
ပုံ ၄-၁၀ ကုန်ချောအရက်သန့်နမူနာပုံများ ..... ၆၀
ပုံ ၄-၁၁ထရန်ဖော်မာ ..... ၆၁
ပုံ ၄-၁၂အစာဖတ်ထွက်ရှိပုံနှင့် သိမ်းဆည်းထားရှိပုံ ..... ၆၂
ပုံ ၄-၁၃မီးသတ်ဆေးဘူးများထားရှိပုံ ..... ၆၄
ပုံ ၅-၁ ညောင်တုန်းမြို့နယ်၏လအလိုက်ပျှမ်းမျှအပူချိန်ပြပုံ ..... ၆၇
ပုံ ၅-၂ ညောင်တုန်းမြို့နယ်၏နှစ်အလိုက် အပူချိန်ပြပုံ..... ၆၈
ပုံ ၅-၃ ညောင်တုန်းမြို့နယ်၏ လအလိုက်ပျှမ်းမျှမိုးရေချိန်ပြပုံ..... ၆၈
ပုံ ၅-၄ ညောင်တုန်းမြို့နယ်၏နှစ်အလိုက်မိုးရေချိန်ပြပုံ..... ၆၉
ပုံ ၅-၅လေအရည်အသွေးတိုင်းတာသည့်နေရာပြပုံ ..... ၇၃
ပုံ ၅-၆လေအရည်အသွေးတိုင်းတာနေသည့်ပုံ..... ၇၃
ပုံ ၅-၇ဆူညံသံတိုင်းတာသည့် နေရာပြပုံ..... ၇၅
ပုံ ၅-၈ဆူညံသံတိုင်းတာနေသည့်ပုံ..... ၇၆
ပုံ ၅-၉ ဆူညံသံတိုင်းတာခြင်းရလဒ် (နေ့အချိန်) ..... ၇၇
ပုံ ၅-၁၀ဆူညံသံတိုင်းတာခြင်းရလဒ် (ညအချိန်)..... ၇၇
ပုံ ၅-၁၁အဝီစိတွင်းရေနမူနာကောက်ယူသည့်နေရာပြပုံ..... ၇၈
ပုံ ၅-၁၂စွန့်ပစ်ရေနမူနာကောက်ယူသည့်နေရာပြပုံ ..... ၇၉
ပုံ ၅-၁၃အဝီစိတွင်းရေနမူနာကောက်ယူပုံ ..... ၇၉
ပုံ ၅-၁၄စွန့်ပစ်ရေနမူနာကောက်ယူပုံ..... ၈၀
ပုံ ၅-၁၅မြေနမူနာကောက်ယူသည့်နေရာဖော်ပြပုံ..... ၈၂

ပုံ ၅-၁၆ မြေနမူနာကောက်ယူနေပုံ ........ ၈၄
ပုံ ၇-၁မကျေနပ်မှုများဖြေရှင်းပေးမည့်အစီအစဉ် ........ ၁၂၈
ပုံ ၈-၁ဆွေးနွေးပွဲအခမ်းအနားမှတ်တမ်းပုံများ ........ ၁၃၅

## ဇယားစာရင်း

ဇယား၂-၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာအကောင်အထည်ဖော်သည့်အဖွဲ့............ ၂၈
ဇယား ၃-၁ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ........................................................၃၀
ဇယား ၃-၂ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ ..............၄၆
ဇယား ၃-၃ လေအရည်အသွေး (NEQEG, လမ်းညွှန်ချက်) ........................................................၄၇
ဇယား ၃-၄ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (NEQEG, လမ်းညွှန်ချက်) ........................၄၈
ဇယား ၃-၅ Drinking Water Quality Standards....................................................................၄၈
ဇယား ၃-၆ ဆူညံသံ (NEQEG, လမ်းညွှန်ချက်) ........................................................................၄၉
ဇယား ၄-၁ စီမံကိန်း အကောင်အထည်ဖော်မှုအချိန်ဇယား ........................................................ ၅၂
ဇယား ၄-၂ စီမံကိန်းရှိ အဆောက်အအုံ အရွယ်အစားနှင့် အရေအတွက်........................................ ၅၂
ဇယား ၄-၃ အသုံးပြုသော စက်ပစ္စည်းနှင့် စက်ကိရိယာများ.......................................................၅၄
ဇယား ၄-၄ ဝန်ထမ်းလုပ်သားစာရင်း.........................................................................................၆၀
ဇယား၄-၅ စက်ရုံတွင် နေ့စဉ်ရေသုံးစွဲမှုခန်မှန်းပမာဏ..............................................................၆၁
ဇယား ၅-၁ တည်နေရာအကျယ်အဝန်း.......................................................................................၆၅
ဇယား ၅-၂ ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ်ပြဇယား ..................................................၇၀
ဇယား ၅-၃ လေအရည်အသွေးတိုင်းတာခြင်းဆိုင်ရာဖော်ပြချက် ................................................. ၇၂
ဇယား ၅-၄ (Ambient Air Quality) ပတ်ဝန်းကျင်လေအရည်အသွေးတိုင်းတာခြင်းရလဒ် ...........၇၄
ဇယား ၅-၅ ဆူညံသံတိုင်းတာသည့်နေရာအမှတ်.........................................................................၇၅
ဇယား ၅-၆ ဆူညံသံတိုင်းတာခြင်းရလဒ်များ...........................................................................၇၆
ဇယား ၅-၇ ရေအရည်အသွေးတိုင်းတာခြင်းဆိုင်ရာဖော်ပြချက် ...................................................၇၈
ဇယား ၅-၈ အဝီစိတွင်းရေ အရည်အသွေးရလဒ်များ..................................................................၈၀
ဇယား ၅-၉ မြေအရည်အသွေးတိုင်းတာခြင်းဆိုင်ရာဖော်ပြချက် ................................................... ၈၂
ဇယား ၅-၁၀ မြေဆီလွှာရလဒ် (Analytical Data) .....................................................................၈၃
ဇယား ၅-၁၁ မြေဆီလွှာရလဒ် (Interpretation) ........................................................................၈၃
ဇယား ၆-၁ ထိခိုက်သက်ရောက်မှုများကို ဆန်းစစ်ခြင်း..............................................................၈၅
ဇယား ၆-၂ သက်ရောက်မှု၏ သိသာထင်ရှားမှု .........................................................................၈၆
ဇယား ၆-၃ စက်ရုံလည်ပတ်ကာလအတွင်း သက်ရောက်မှုအဆင့်သတ်မှတ်ချက်ရလဒ်များ.......၁၀၅
ဇယား ၆-၄ စက်ရုံပိတ်သိမ်းကာလအတွင်း သက်ရောက်မှုအဆင့်သတ်မှတ်ချက်ရလဒ်များ......... ၁၀၆
ဇယား၆-၅ အဆိုပြုစက်ရုံဖော်ဆောင်မှုကြောင့်ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု အကျဉ်းချုပ်.. ၁၀၇

ဇယား ၇-၁ EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT)........................................... ၁၀၈
ဇယား ၇-၂ စီမံကိန်းလည်ပတ်ရေးကာလပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ .......... ၁၂၁
ဇယား ၇-၃ စီမံကိန်းပိတ်သိမ်းရေးကာလပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ........... ၁၂၂
ဇယား ၇-၄ EMP အသုံးစရိတ်လျာထားချက် .............................................................................၁၂၇
ဇယား ၁၀-၁ ကတိကဝတ်များ စာရင်း.........................................................................................၁၃၉

# အတိုကောက်စာလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

| | |
|---|---|
| ACGIH | American Conference of Governmental Industrial Hygienists |
| CSR | Corporate Social Responsibility |
| EAS | Environmental Assessment Services Co., Ltd. |
| ECD | Environmental Conservation Department |
| EHS | Environmental Health and Safety |
| EMP | Environmental Management Plan |
| EIA | Environmental Impact Assessment |
| EPAS | Environmental Perimeter Air Station |
| GHG | Greenhouse Gas |
| IFC | International Finance Corporation |
| MIC | Myanmar Investment Commission |
| MONREC | Ministry of Natural Resources and Environmental Conservation |
| NAAQS | National Ambient Air Quality Standards |
| NEQEG | National Environmental Quality (Emission) Guidelines |
| OHS | Occupational Health and Safety |
| OSHA | Occupational Safety and Health Administration |
| PM | Particulate Matter |
| PPE | Personal Protective Equipment |
| TLV | Threshold Limit Value |
| USD | United States Dollar |
| U.S. EPA | United States Environmental Protection Agency |
| WHO | World Health Organization |

# ၁။ **အကျဉ်းချုပ်အစီရင်ခံစာ**

## **၁.၁။ နိဒါန်း**

ဆားမလောက်အရက်ချက်စက်ရုံသည် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြုပ်နှံမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ ဦးပိုင်အမှတ် (၁၇၊ ၁၈၊ ၁၉)၊ ဆားမလောက်တာဆုံ၊ ကွင်းအမှတ် - ၃၈၂ ရှိ မြေဧရိယာ (၃.၁၅) ဧကပေါ်တွင် အဆိုပြု စီမံကိန်းဖြစ်သော Pot Still နည်းစဉ်ဖြင့် အရက်ထုတ်လုပ်ခြင်းလုပ်ငန်း အား အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး၏ သဘောထားမှတ်ချက် ညွှန်ကြားချက်အရ အဆိုပြုစီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) ရေးဆွဲ ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် အဆိုပါ အရက်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို တတိယအဖွဲ့အစည်းဖြစ်သော Environmental Assessment Services Co., Ltd. (EAS) အား ခန့်အပ်၍ရေးဆွဲ တင်ပြခြင်း ဖြစ်ပါသည်။

## **၁.၂။ ကတိကဝတ်များ**

အဆိုပြုစီမံကိန်းဖြစ်သော "ဆားမလောက်အရက်ချက်စက်ရုံ" မှ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေး လုပ်ငန်းများ၊ စီမံခန့်ခွဲမှုအစီအစဉ်များ၊ ကတိကဝတ်များ၊ သက်ဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများကို အပြည့်အဝ အစဉ်အမြဲ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကတိကဝတ်နှင့် အစီရင်ခံစာရေးဆွဲသည့် အကြံပေးပုဂ္ဂိုလ်များမှ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်သည် တိကျမှုနှင့် ပြည့်စုံမှု ရှိကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပါအဝင် သက်ဆိုင်ရာ ဥပဒေများကို လိုက်နာ၍ ပြုစုရေးဆွဲထားကြောင်း စသည့် ကတိကဝတ်များကို ဤပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာ အစီရင်ခံစာ ရှေ့ဆုံးစာမျက်နှာနှင့် အခန်း(၁၀)တို့တွင် ဖော်ပြထား ပါသည်။

## **၁.၃။ မူဝါဒနှင့်ဥပဒေမူဘောင်**

အဆိုပြုစီမံကိန်းသည် လုပ်ငန်းနှင့်ပတ်သက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချမှတ် ထားသော တည်ဆဲ ဥပဒေနှင့် နည်းဥပဒေများအားလိုက်နာ၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့နှင့်အညီ ဆောင်ရွက်ထားပါသည်။ ထို့အပြင် စီမံကိန်းအနေဖြင့် အောက်ပါ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒ၊ အဖွဲ့အစည်း ဆိုင်ရာ မူဘောင်များအပြင် အခါအားလျှော်စွာထုတ်ပြန်သည့် ဆက်စပ်အမိန့်ကြေငြာချက်များကိုလိုက်နာသွားမည်ဖြစ်ပါသည်။

| စဉ် | ဥပဒေမူဝါဒများ | ပြဋ္ဌာန်းသည့်နှစ် |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂၀၀၈ |
| ၂ | မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ | ၂၀၁၉ |
| ၃ | အမျိုးသား မြေအသုံးချမှု မူဝါဒ | ၂၀၁၆ |
| ၄ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ | ၂၀၁၂ |
| ၅ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများ | ၂၀၁၄ |
| ၆ | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း | ၂၀၁၅/(ပြင်ဆင် ၂၀၁၉) |
| ၇ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၂၀၁၅ |
| ၈ | အမျိုးသားမြေပေါ် အရည်အသွေးဆိုင်ရာ မြန်မာ စံချိန်စံညွှန်း | ၂၀၂၄ |
| ၉ | မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) | ၂၀၂၀ |
| ၁၀ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | ၂၀၁၆/(ပြင်ဆင် ၂၀၁၉) |
| ၁၁ | မြန်မာ့အာမခံဥပဒေ | ၁၉၉၃ |
| ၁၂ | အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် နည်းဥပဒေများ | ၁၉၉၇ |
| ၁၃ | ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ | ၁၉၉၀ |
| ၁၄ | ပို့ကုန်သွင်းကုန်ဥပဒေ | ၂၀၁၂ |
| ၁၅ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ | ၂၀၁၃ |
| ၁၆ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများ | ၂၀၁၆ |
| ၁၇ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ | ၂၀၁၅ |
| ၁၈ | ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ | ၂၀၁၇ |
| ၁၉ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၉ |
| ၂၀ | ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၅ |
| ၂၁ | အလုပ်သမားအဖွဲ့အစည်းဥပဒေ | ၂၀၁၁ |
| ၂၂ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ | ၂၀၁၂ |
| ၂၃ | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၂၀၁၃ |
| ၂၄ | အနည်းဆုံးအခကြေးငွေဥပဒေ | ၂၀၁၃ |

| | | |
|---|---|---|
| ၂၅ | အခကြေးငွေပေးချေရေးဥပဒေ | ၂၀၁၆ |
| ၂၆ | အလုပ်သမားလျော်ကြေးအက်ဥပဒေ | ၁၉၂၃ |
| ၂၇ | လူမှုဖူလုံရေးဥပဒေ | ၂၀၁၂/(ပြင်ဆင် ၂၀၁၄) |
| ၂၈ | ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ | ၁၉၅၁ |
| ၂၉ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ | ၁၉၇၂ |
| ၃၀ | ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေ | ၁၉၉၅/၂၀၁၁ |
| ၃၁ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ | ၂၀၀၆ |
| ၃၂ | အလုပ်ရုံများအက်ဥပဒေ | ၁၉၅၁/(ပြင်ဆင် ၂၀၁၆) |
| ၃၃ | လျှပ်စစ်ဥပဒေ၊ | ၂၀၁၄ |
| ၃၄ | အမျိုးသားအစားအသောက်ဥပဒေ | ၁၉၉၇ |
| ၃၅ | မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ | ၁၉၃၀ |
| ၃၆ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | ၂၀၁၉ |
| ၃၇ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ | ၂၀၁၃ |
| ၃၈ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၂၀၁၅ |
| ၃၉ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ | ၂၀၁၉ |
| ၄၀ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ | ၂၀၂၀ |
| ၄၁ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ | ၂၀၂၂ |
| ၄၂ | မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ | ၁၉၁၇ |
| ၄၃ | မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၂၀၁၅ |

## ၁.၄။ စီမံကိန်းအကြောင်းအရာ

ဆားမလောက်အရက်ချက်စက်ရုံသည် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ ဦးပိုင်အမှတ် (၁၇၊ ၁၈၊ ၁၉)၊ ဆားမလောက်တာဆုံ၊ ကွင်းအမှတ် - ၃၈၂ ရှိ မြေဧရိယာ (၃.၁၅) ဧက ပေါ်တွင် အရက်ချက်လုပ်ခြင်း လုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ပါသည်။ စီမံကိန်းစက်ရုံ၏ အကြောင်းအရာ အကျဉ်း အား အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စီမံကိန်းအကြောင်းအရာဖော်ပြချက်များ | |
|---|---|
| စီမံကိန်းအမည် | ဆားမလောက်အရက်ချက်စက်ရုံ |
| လုပ်ငန်းအမျိုးအစား | Pot Still နည်းဖြင့် အရက်ချက်လုပ်ခြင်းလုပ်ငန်း |
| စီမံကိန်းတည်နေရာ | ကွင်းအမှတ် (၃၈၂)၊ ဆားမလောက်တာဆုံ၊ ဦးပိုင်အမှတ် (၁၇၊၁၈၊၁၉)၊ ဆားမလောက်ကျေးရွာ၊ညောင်တုန်းမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး၊ |
| စီမံကိန်းတာဝန်ခံ/ ဆက်သွယ်ရန်ပုဂ္ဂိုလ် | ဦးစန်းယုနိုင် ၀၉ ၄၅၂၈၈၉၂၉၅ |
| ရင်းနှီးမြှုပ်နှံမှုပမာဏ | မြန်မာကျပ် သန်း (၅၀) |
| ရင်းနှီးမြှုပ်နှံမည့်အချိန် | ကနဦး နှစ် (၃၀) |
| ထုတ်လုပ်နိုင်စွမ်း | အရက်သန့် တစ်ရက် - ၂၀၀ လီတာ |
| လိုအပ်သောကုန်ကြမ်းပစ္စည်း | ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ရက်လျှင် ၂၄ ပြည်ဆန့် ဆန်ကွဲ ၄ အိတ်၊ တဆေး တရက်လျှင် 0.48 kg၊ |
| စီမံကိန်း၏အကျယ်အဝန်း | (၃.၁၅) ဧက |
| အဆောက်အဦအမျိုးအစား၊ | စက်ရုံ - 40’ x 40’ x 28’<br>ရုံးခန်း - 40’ x 20’ x 12’ |
| အလုပ်သမားဦးရေ | ဝန်ထမ်းအင်အား ကျား-၆ ဦး နှင့် မ-၁ ဦး |

## ၁.၅။ အနီးပတ်ဝန်းကျင်အကြောင်းအရာဖော်ပြချက်

ဆားမလောက်အရက်ချက်စက်ရုံသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ ဦးပိုင်အမှတ် (၁၇၊ ၁၈၊ ၁၉)၊ ဆားမလောက်တာဆုံ၊ ကွင်းအမှတ် - ၃၈၂ ရှိ မြေဧရိယာ (၃.၁၅) ဧကပေါ်တွင် တည်ရှိပါသည်။ စီမံကိန်း ဗဟိုအချက်နေရာ၏ ကိုသြဒိနိတ်များမှာ မြောက်လတ္တီကျူ ၁၆ ဒီဂရီ၊ ၅၉ မိနစ်၊ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ၊ ၄၂ မိနစ်၊ ၃၅ စက္ကန့် ဖြစ်ပါသည်။

## ရာသီဥတု

စီမံကိန်းတည်ရှိရာ ညောင်တုန်းမြို့နယ်သည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၄၅ ဒီကရီစင်တီဂရိတ်) နှင့် အနိမ့်ဆုံး အပူချိန်မှာ (၁၀ ဒီကရီစင်တီဂရိတ်) ဖြစ်ပါသည်။

**ဇလဗေဒ**

ညောင်တုန်းမြို့နယ်သည် မြစ်ချောင်း အင်းအိုင်များ ပေါများသည့် ဒေသဖြစ်ပါသည်။မြို့နယ်အတွင်း ဧရာဝတီမြစ်သည် မြောက်မှတောင်သို့ စီးဆင်း၍ (၁၆) မိုင်ရှည်လျားပါသည်။ပန်းလှိုင်မြစ်မှာ အနောက်မှ အရှေ့သို့ စီးဆင်းပြီး (၁၄) မိုင်ရှည်လျားပါသည်။ မှော်ဘီချောင်း၊ ဒွန်းတပဲ့ချောင်း၊ မြောင်းတကာချောင်းတို့ လှိုင်မြစ်အတွင်းသို့ စီးဝင်ပါသည်။ မြစ်ရေများမှာ ရေချိုဖြစ်ပြီး စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အသုံးပြုပါသည်။

## မြေမျက်နှာသွင်ပြင်

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ် မြေပြန့်အနေအထားဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်များ ပေါများပြီး ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များ တည်ရှိပါသည်။ ပင်လယ်ရေ မျက်နှာပြင်ထက် ပျမ်းမျှအမြင့် (၂၀)ပေ အထက်တွင် တည်ရှိပါသည်။

## လူမှုစီးပွားပတ်ဝန်းကျင်

ညောင်တုန်းမြို့နယ်တွင် ကျေးရွာပေါင်း ၃၀၈ ရွာရှိပြီး ကျေးရွာအုပ်စုအနေဖြင့် ၄၄ အုပ်စုနှင့် မြို့ပြဒေသတွင် ရပ်ကွက်ပေါင်း ၁၀ ခုရှိသည်။ ၂၀၁၉ ခုနှစ် နောက်ပိုင်း တစ်မြို့နယ်လုံးတွင် အိမ်ထောင်စုပေါင်း ၄၇၂၃၂ ရှိပြီး ကျေးလက်တွင် ၄၁၇၇၀ အိမ်ထောင်စုနှင့် မြို့ပြတွင် ၅၄၆၂ အိမ်ထောင်စုရှိပါသည်။ မြို့နယ်၏လူဦးရေစုစုပေါင်းမှာ ၁၉၉,၂၂၇ ဦးခန့်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး စီးပွားရေးအရ အချက်အချာကျပြီး ဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခု ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အဓိကထွက်ကုန်များမှာ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရာသီကုန် သီးနှံ ဟင်းသီးဟင်းရွက်များ၊ ငါး၊ ငါးပိ၊ ငါးခြောက်တို့ ထွက်ရှိပါသည်။ညောင်တုန်းမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ရေကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်တစ်ခုလည်း ဖြစ်ပါသည်။

ပညာရေးဆိုင်ရာ အချက်အလက်များအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း (၁၁) ကျောင်း၊ အထက်တန်းကျောင်းခွဲ (၉) ကျောင်း၊ အလယ်တန်းကျောင်း (၅) ကျောင်း၊ အလယ်တန်းကျောင်းခွဲ (၁၂) ကျောင်း၊ မူလတန်းလွန်ကျောင်း (၁၇) ကျောင်း၊ အမကကျောင်း (၁၅၆) ကျောင်း၊ မူလတန်းကြိုကျောင်း (၃၀) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၆) ကျောင်း စသည်တို့ ရှိပါသည်။

စီမံကိန်းဧရိယာ၏ မူလ ပတ်ဝန်းကျင် အခြေခံ အချက်အလက် များ (primary data) ဖြစ်သည့် ဆူညံမှု တိုင်းတာခြင်း၊ လေ၊ ရေအရည်အသွေးတိုင်းတာခြင်းတို့ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ (အသေးစိတ်ကို အခန်း ၅ တွင် ဖော်ပြထားပါသည်)

## ၁.၆။ ထိခိုက်မှုဖြစ်နိုင်ခြေဆန်းစစ်ခြင်းနှင့် လျော့နည်းစေရေးနည်းလမ်းများ

အဆိုပြုစီမံကိန်းကြောင့် စီမံကိန်းဧရိယာတွင် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွား သက်ရောက်မှုများကို ဖေါ်ထုတ်ရန် စီမံကိန်းလုပ်ငန်းစဉ်များကို သက်ရောက်ခံ ပတ်ဝန်းကျင်နှင့် ချိတ်ဆက်ကာ အကဲဖြတ်တိုင်းတာဆန်းစစ်ခြင်းကိုပြုလုပ်ခဲ့ပါသည်။ အကဲဖြတ်တိုင်းတာသည့် သက်မှတ်ချက်ဘောင်များနှင့် ၎င်း၏အတိုင်းအတာများကို အခန်း ၆ တွင် ဖော်ပြထားပါသည်။

အကဲဖြတ်ခြင်းနည်းလမ်းအရ ပတ်ဝန်းကျင်ထိခိုက်မှုများအား ဖော်ထုတ်သတ်မှတ်ရာတွင် စီမံကိန်း တည်ဆောက်ခြင်း (တည်ဆောက်ပြီး ဖြစ်ပါ၍ မဖော်ပြတော့ပါ) ၊ လည်ပတ်ခြင်းနှင့် ဖျက်သိမ်းခြင်း တို့ကြောင့် ဖြစ်ပေါ်နိုင်မည့် သက်ရောက်နိုင်မှုများ အပေါ်မူတည်၍ သိသာထင်ရှားသော သက်ရောက်မှုအဆင့်များကို တွက်ချက်ဖော်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။ အကျဉ်းချုပ်အား အောက်တွင်ဖော်ပြထားပါသည်။

| ထိခိုက်မှု | ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု | |
|---|---|---|
| သက်ရောက်မှုအဆင့် | လည်ပတ်ကာလ | ပိတ်သိမ်းကာလ |
| အလွန်နည်း | ၁ | - |
| နည်း | ၇ | ၇ |
| အလယ်အလတ် | ၃ | - |
| မြင့် | - | - |
| အလွန်မြင့် | - | - |

အဆိုပြုစီမံကိန်းသည် Pot Still နည်းစဉ်ဖြင့် တစ်နိုင်တစ်ပိုင် အရက်ထုတ်လုပ်ခြင်းလုပ်ငန်း ဖြစ်သောကြောင့် သာမန်အရက်ထုတ်လုပ်ခြင်းစက်ရုံများကဲ့သို့ ပတ်ဝန်းကျင်အပေါ် များစွာ ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းမရှိဘဲ သိသာထင်ရှားသော သက်ရောက်မှုအဆင့်များသည် "အလယ်အလတ်" အဆင့်နှင့် "နည်း" အဆင့်အများစုသာရှိကြောင်း တွေ့ရပါသည်။ သို့ရာတွင် သိသာထင်ရှားသော သက်ရောက်မှု များအား နည်းသည်ထက် ပိုမိုနည်းပါးသည့် အခြေအနေများတွင် တည်ရှိနိုင်စေရန် အတွက် ကုစားလျှော့ချသွားမည်ဖြစ်ပါသည်။ စီမံကိန်း၏ လည်ပတ်ရေးကာလ၊

ဖျက်သိမ်းရေး ကာလအလိုက် လျှော့ချမည့်နည်းလမ်းများအား ဇယား (၁.၁)တွင်အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား (၁.၁) ထိခိုက်မှုများနှင့် လျှော့ချရေးအစီအမံများအကျဉ်း

| အကြောင်းအရာ | စီမံကိန်းမှဆောင်ရွက်မှုများ | သက်ရောက်မှု | လျှော့ချခြင်း နည်းလမ်းများ | သိသာထင်ရှားမှု |
|---|---|---|---|---|
| **စီမံကိန်းလည်ပတ်ကာလ** | | | | |
| လေအရည်အသွေး | ကုန်ကြမ်း/ကုန်ချော သယ်ယူပို့ ဆောင်ရေးယာဉ်များ သွားလာခြင်း၊ မီးစက်လည်ပတ်ခြင်း<br>ကုန်ကြမ်းပေါင်းခံခြင်း၊ အရက်ချက်ခြင်း၊ | ဖုန်၊ အမှုန်အမွှားနှင့် ဓာတ်ငွေ့များ ထုတ်လွှတ်မှု၊ ပေါင်းခံအနံ့ငွေ့များထွက်ပေါ်မှု | - ကုန်ကြမ်းပေါင်းအိုးမှထွက်ရှိအခိုးအငွေ့ခေါင်းတိုင်အားသင့်တင်သော အမြင့် (သို့) အဆောက်ဦးပြင်ပအထိ ထားရှိ တပ်ဆင်၍ အသုံးပြုခြင်း<br>- လုပ်သားများအား နှာခေါင်းစည်းများ၊ လက်အိတ်များ ဝတ်ဆင်စေခြင်း<br>- ကောင်းမွန်သည့်ယာဉ်နှင့်ယန္တရားများအသုံးပြုခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း<br>- မီးစက် (generator)တွင် အမှုန်အမွှားနှင့် ဓာတ်ငွေ့စစ် (exhaust filter) တပ်ဆင်၍ အသုံးပြုခြင်း | အလယ်အလတ် |
| ဆူညံသံနှင့် တုန်ခါမှု | သယ်ယူပို့ ဆောင်ရေးယာဉ်များ သွားလာခြင်း၊ မီးစက်လည်ပတ်ခြင်း | ဆူညံသံနှင့် တုန်ခါမှု ဖြစ်ပေါ်ခြင်း | - အသံဆူညံသောနေရာ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် အကာကွယ် နားကြပ်တပ်၍ လုပ်ဆောင်ခြင်း<br>- အသံထွက်သော မီးစက်တွင် အသံထိန်းစနစ် (Silencer/Muffler) များ တပ်ဆင်အသုံး ပြုခြင်း | နည်း |
| ရေအရည်အသွေး | ဆေးကြောရေထွက်ရှိမှု၊ အမှိုက်စွန့်ပစ်ခြင်း၊ စက်ဆီနှင့် ကစော်ဖောက်အရည်များ မတော်တဆ ဖိတ်စင်ခြင်း | အနီးဝန်းကျင်တွင်ရှိသော ရေအရည်အသွေးညစ်ညမ်းခြင်း | - ကစော်ဖောက်အရည်များ နှင့် စက်ဆီချောဆီများအား မတော်တဆ ယိုဖိတ်မှု မဖြစ်စေရန် စနစ်တကျ သယ်ယူကိုင်တွယ်ခြင်း။<br>- ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ခြင်း<br>- မိလ္လာကန်စနစ်နှင့် ရေနုတ်မြောင်းများအားလုံးကို ပုံမှန်စစ်ဆေး ထိန်းသိမ်းခြင်း | အလယ်အလတ် |
| မြေအရည်အသွေး | စက်ဆီများနှင့် ကစော်ဖောက်အရည်များ မတော်တဆ ဖိတ်စင်ခြင်း | အနီးဝန်းကျင်တွင်ရှိသော မြေအရည်အသွေးညစ်ညမ်းခြင်း | - စက်သုံးဆီနှင့် ကစော်ဖောက်အရည်များကို မတော်တဆ ယိုဖိတ်မှုမဖြစ်စေရန် စနစ်တကျ သယ်ယူကိုင်တွယ်ခြင်း။ | နည်း |

| | | | | |
|---|---|---|---|---|
| | | | - မတော်တဆယိုဖိတ်ပါက မြေဆီလွှာသို့စိမ့်ဝင်မှုမရှိစေရန် ကွန်ကရစ်ခင်းထားပြီး အမိုးအကာရှိသော နေရာတွင် သိမ်းဆည်းထားသိုခြင်း | |
| စွန့်ပစ်ပစ္စည်းထွက်ရှိမှု | ဘေးထွက်ပစ္စည်း၊ ကုန်ချောနှင့် ကုန်ကြမ်းထုတ်ပိုးပစ္စည်း များ အလုပ်သမားစွန့်ပစ်အမှိုက်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ | အမှိုက်ထွက်ရှိမှုပမာဏ တိုးပွားလာခြင်း | - ဘေးထွက်ပစ္စည်း (အစာဖတ်) များအား စနစ်တကျထားသို၍ တိရစ္ဆာန်အစာအဖြစ်ပြန်လည်ရောင်းချခြင်း၊<br>- အမှိုက်ပုံးများကို သတ်မှတ်ထားသောနေရာများတွင် စနစ်တကျ ထားရှိဆောင်ရွက်သွားခြင်း<br>- ပြန်လည်အသုံးပြုနိုင်သောအမှိုက်များအားသီးခြားသိမ်းဆည်း၍ ပြန်လည်သုံးခြင်း (သို့) ရောင်းချခြင်း<br>- ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအားသီးခြားသိမ်းဆည်း၍လိုင်စင်ရ လုပ်ငန်းအဖွဲ့အစည်း (သို့) မြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ဆက်သွယ်၍ စွန့်ပစ်ခြင်း | နည်း |
| လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး | ထုတ်လုပ်မှုလုပ်ငန်းခွင် | မတော်တဆထိခိုက်ခြင်း၊ ချော်လဲခြင်း | - လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများအသုံးပြု ဝတ်ဆင်စေခြင်း<br>- ထိခိုက်ဒဏ်ရာရမှုများနှင့် မတော်တဆမှုများအတွက် ရှေးဦးသူနာပြုပစ္စည်းများနှင့် အဆက်အသွယ်အချက်များ ထားရှိပေးခြင်း<br>- ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေး ဆိုင်းဘုတ်များ၊ အမှတ်အသားများ၊ လိုက်နာမှတ်များ သိမြင်သာရန် ထားရှိခြင်း | နည်း |
| အန္တရာယ် (မီးဘေးအန္တရာယ်) | ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ချောပစ္စည်းများ မီးလောင်လွယ်ခြင်း။ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း | လူထိခိုက်ဒဏ်ရာရခြင်း အဆောက်ဦးနှင့်ပစ္စည်းများ ဆုံးရှုံးခြင်း | - မီးဘေးအန္တရာယ်မှ ကာကွယ်ရန် လုပ်ငန်းခွင်နေရာချပုံစံအား ဒေသန္တရ မီးသတ်ဌာနမှ ညွှန်ကြားထားသည့် စက်မှုလုပ်ငန်းခွင်များနှင့် သက်ဆိုင်သော မီးသတ်ကုဒ်များ အတိုင်း အကောင်အထည်ဖော် ထားရှိခြင်း<br>- ပေါက်ကွဲလွယ်သော မီးလောင်လွယ်သော ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ သေချာစွာထားသိုခြင်း | နည်း |

| | | | | |
|---|---|---|---|---|
| | | | - မီးသတ်ရေသိုလှောင်ကန်ထားရှိခြင်း<br>- စက်ရုံတွင် မီးငြိမ်းသတ်ကိရိယာများ၊ အချက်ပေးစနစ်များ လုံလောက်သေချာစွာထားရှိခြင်း၊ ၎င်းကိရိယာများ အသုံးပြုချိန်၌ ကောင်းမွန်မှု ရှိရန်နှင့် အသင့်အနေ အထားဖြစ်ရန် စနစ်တကျ ထိန်းသိမ်း လဲလည် ထားခြင်း<br>- အရေးပေါ်ထွက်ပေါက်များ၊ ထွက်ပေါက်လမ်းကြောင်းများစီမံထားရှိခြင်း နှင့် ၎င်းထွက်ပေါက်များအား အမြဲရှင်းလင်းထားခြင်း<br>- ဒေသန္တရမီးသတ်ဌာနအကူညီဖြင့်လုပ်သားများအား မီးဘေးအန္တရာယ် ကင်းရှင်းရေး အသိပေးသင်တန်းများပို့ချခြင်း | |
| သဘာဝဘေး အန္တရာယ် (ငလျင်၊ ရေကြီးခြင်း) | သဘာဝဘေးအန္တရာယ်များ နှင့် ကြုံတွေ့ရခြင်း | လူထိခိုက်ဒဏ်ရာရခြင်း၊ အသက်အန္တရာယ်ရှိခြင်း၊ အဆောက်ဦးနှင့်ပစ္စည်းများ ဆုံးရှုံးခြင်း၊ | - သဘာဝဘေးအန္တရာယ်များကျရောက်ချိန် ဆောင်ရွက်မည့် အရေးပေါ် တုံ့ပြန်မှု အစီအမံများ ထားရှိခြင်း<br>- အရေးပေါ်စုရပ်နေရာပြုလုပ်ထားခြင်း<br>- စက်ရုံ၌အရေးပေါ်ထွက်ပေါက်များနှင့်လမ်းကြောင်းများစီမံထားရှိပြီး ၎င်းထွက်ပေါက်များကို အမြဲရှင်းလင်းထားခြင်း<br>- ဒေသအတွင်း သက်ဆိုင်ရာဌာနများမှ ပြုလုပ်သော သဘာဝဘေး အန္တရာယ် ကာကွယ်ရေး လေ့ကျင့်မှုများ၊ ဟောပြောပွဲများ၊ ပရဟိတ လုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။ | နည်း |
| လူမှုစီးပွားရေး | စီမံကိန်းဖော်ဆောင်၍ လုပ်ငန်းလည်ပတ်ခြင်း | အလုပ်အကိုင် အခွင့်အလမ်း | - စက်ရုံတွင် ဝန်ထမ်းခေါ်ယူရန်အတွက် နီးစပ်ရာရပ်ရွာများမှ အလုပ်သမားများကို ဦးစားပေး၍ ခေါ်ယူခြင်း<br>- စက်ရုံတွင် အလုပ်သမားများ အလုပ်ပို၊ ဝန်ပို မဖြစ်စေရန် လုပ်သား အင်အား၊ အလုပ်နေရာ လျှော့ချခြင်းအားရှောင်ကျဉ်ခြင်း<br>- အနီးနားရှိ အသိုင်းအဝိုင်းများမှ ဝန်ဆောင်မှုများ အသုံးပြုမှုကို မြှင့်တင်ခြင်း (ဆိုလိုသည်မှာ အနီးနားဈေးဆိုင်များထံမှ စက်ရုံ၏ | အလယ်အလတ် (ကောင်းကျိုး) |

| | | | | |
|---|---|---|---|---|
| | | | လိုအပ်သည့်အရာအချို့ကို ဝယ်ယူခြင်း၊ ကုန်ကြမ်းနှင့် ကုန်စည်ပို့ဆောင်ခြင်း အတွက် ထရပ်ကားများ ငှားရမ်းခြင်း) | |
| | | လူမှုပြဿနာ | - အလုပ်သမား အက်ဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း<br>- အလုပ်သမားများအား ခွဲခြားဆက်ဆံမှု မရှိစေရေးနှင့် တန်းတူညီမျှ အခွင့်အရေးနှင့် တရား မျှတသော ဆက်ဆံမှုများကို ဆောင်ရွက်ခြင်း<br>- ဘေးကင်းပြီး စည်းကမ်းရှိသော လုပ်ငန်းခွင်အခြေအနေအဖြစ် ဆောင်ရွက်ထားရှိခြင်း<br>- လုပ်သားများအတွက် လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေး အစီအမံများလုပ်ဆောင်ပေးခြင်း | နည်း (ဆိုးကျိုး) |
| **စီမံကိန်းပိတ်သိမ်းကာလ** | | | | |
| လေအရည်အသွေး | အဆောက်အဦဖြိုဖျက်ခြင်း၊ ဖြိုဖျက်ခြင်းလုပ်ငန်းအတွက် ယာဉ်နှင့် ယန္တရားများအသုံးပြုခြင်း၊ ဖြိုဖျက်ပြီး အမှိုက်များအား သယ်ယူပို့ဆောင်ခြင်း၊ | ဖုန်၊ သေးငယ်သောအမှုန်များနှင့် ယာဉ်အိတ်ဇောမှ ဓာတ်ငွေ့များထွက်ခြင်း | - လုပ်ငန်းခွင်နေရာနှင့်လမ်းအားရေဖြန်းပေးခြင်း<br>- စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းကိုမပြုလုပ်ခြင်း<br>- ယာဉ်နှင့် ယန္တရားများ အသုံးပြုခြင်းမရှိဘဲ စက်နှိုးထားခြင်းအား လျော့ချခြင်း | နည်း |
| ဆူညံသံနှင့် တုန်ခါမှု | အဆောက်အဦဖြိုဖျက်ခြင်း၊ ဖြိုဖျက်ခြင်းလုပ်ငန်းအတွက် ယာဉ်နှင့် ယန္တရားများအသုံးပြုခြင်း၊ ဖြိုဖျက်ပြီး အမှိုက်များအား သယ်ယူပို့ဆောင်ခြင်း၊ | ဆူညံသံနှင့် တုန်ခါမှုများဖြစ်ပေါ်ခြင်း | - ဖျက်သိမ်းခြင်းလုပ်ငန်းများအားနေ့အချိန်၌သာဆောင်ရွက်ခြင်း<br>- ယာဉ်နှင့် ယန္တရားများ အသုံးပြုခြင်းမရှိဘဲ စက်နှိုးထားခြင်းအား လျော့ချခြင်း<br>- အသံဆူညံသောနေရာ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် အကာကွယ်နားကြပ်တပ်၍ လုပ်ဆောင်ခြင်း | နည်း |

| | | | | |
|---|---|---|---|---|
| ရေအရည်အသွေး | အဆောက်အဦဖြိုဖျက်ခြင်း၊ စက်ပစ္စည်းများဖယ်ရှားခြင်း ဆေးကြောခြင်း၊ | ဆေးကြောရေများ၊ စက်ဆီ၊ ချောဆီအဟောင်းများ အနီး ဝန်းကျင်ရှိ ရေ အရည်အသွေး ပြောင်းလဲနိုင်ခြင်း၊ ဖြိုဖျက်ပြီး အမှိုက်များ ရေမြောင်းအ တွင်း စွန့်ပစ်မှုကြောင့် ရေမြောင်းပိတ်ဆို့ခြင်း | - ဖြိုဖျက်ခြင်းလုပ်ငန်းသုံး ယာဉ်နှင့် ယန္တရားများအား ပုံမှန် စစ်ဆေး ပြင်ဆင်ခြင်း<br>- ရေမြောင်းအတွင်းသို့ ဖြိုဖျက်ပြီးအမှိုက်များစွန့်ပစ်ခြင်းအား ရှောင်ကျဉ်ခြင်း<br>- ဆေးကြောရေများကို များပြားစွာ မဖြစ်အောင် လိုအပ်သည်နှင့် ကိုက်ညီစွာသာ အသုံးပြုခြင်း | နည်း |
| စွန့်ပစ်ပစ္စည်း | အဆောက်အဦဖြိုဖျက်ခြင်း | အမှိုက်ထွက်ရှိမှုပမာဏ တိုးပွားလာခြင်း | - လုပ်ငန်းခွင်အတွင်းယာယီအမှိုက်ပုံးများကို လုံလောက်စွာ ထားရှိပေးခြင်း<br>- ပြန်လည်အသုံးပြုနိုင်သောအမှိုက်များအားခွဲခြားသိမ်းဆည်း၍ ပြန်လည်ရောင်းချခြင်း<br>- မြို့နယ်စည်ပင်သာယာ၏ လမ်းညွှန်ချက်အတိုင်း အမှိုက်စွန့်ပစ်ခြင်း။ | နည်း |
| လုပ်ငန်းခွင်ကျန်းမာ ရေးနှင့် ဘေးကင်းရေး | ဖြိုဖျက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းစက်ပစ္စည်း များ သယ်ယူခြင်း | လုပ်ငန်းများ ဆောင်ရွက်စဉ် မတော်တဆ ထိခိုက်ခြင်း၊ | - လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများအသုံးပြုစေခြင်း<br>- လုပ်ငန်းခွင်တွင် ရှေးဦး သူနာပြုပစ္စည်းများ ထားရှိပေးခြင်း<br>- ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများ၊ လိုက်နာမှတ်များ သိမြင်သာရန် ထားရှိခြင်း | နည်း |
| လူမှုစီးပွားရေး | စက်ရုံပိတ်သိမ်းခြင်း | အလုပ်ကိုင်အခွင့်အလမ်း | - ဒေသတွင်းဆက်စပ်လုပ်ငန်းများအား ရွေးချယ်လုပ်ငန်းအပ်နှံခြင်း | နည်း (ကောင်းကျိုး) |
| | | အလုပ်အကိုင်ဆုံးရှုံးခြင်း | - စက်ရုံမပိတ်မီ အနည်းဆုံး ၃ လကြို၍ အလုပ်သမားများအား အသိပေးခြင်း<br>- အလုပ်သမား နှင့်ဆိုင်သော ဥပဒေများနှင့်အညီ လျော်ကြေး ပေးခြင်း | အလယ်အလတ် (ဆိုးကျိုး) |

## ၁.၇။ ပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း

အဆိုပြုစီမံကိန်းနှင့်ပတ်သက်၍ အများပြည်သူများထံမှ သဘောထားမှတ်ချက်များရယူရန် လူထုတွေ့ဆုံပွဲအား ၂၁.၂.၂၀၂၅ (သောကြာနေ့)တွင် ဆားမလောက်အရက်ချက်စက်ရုံ၏ အစည်းအဝေးခန်းမတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် စက်ရုံ မှ Pot Still စနစ်ဖြင့် အရက်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် တတိယ အဖွဲ့အစည်း ဖြစ်သော Environmental Assessment Services Co., Ltd မှ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းနှင့် ပတ်ဝန်းကျင် ဆိုင်ရာ လေ့လာ တွေ့ရှိချက်များအား ရှင်းလင်း တင်ပြခဲ့ပြီး တက်ရောက်လာသော အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနီးကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၏ သိရှိလိုသည့်အချက်များ၊ သဘောထား မှတ်ချက်များနှင့် အကြံပြုချက်များအား ဖြေကြား ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲတွင် အများပြည်သူများထံမှ အပြုသဘောဆောင်သော သဘောထားမှတ်ချက်များ၊ အကြံပြုချက်များ ရရှိခဲ့ပြီး အဆိုပြု စီမံကိန်းပေါ်တွင် ကန့်ကွက်မှု မရှိပါကြောင်း တွေ့ရှိရပါသည်။

လူထုတွေ့ဆုံပွဲ၏ အသေးစိတ် အချက်အလက်များကို အခန်း (၈) တွင် ဖော်ပြထားပြီး တက်ရောက်သူများစာရင်းကို နောက်ဆက်တွင် ဖော်ပြထားပါသည်။

## ၁.၈။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှု အကျဉ်းချုပ်

ဤပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်သည် အဆိုပြုထားသော စီမံကိန်း၏ ဖြစ်နိုင်ချေရှိသော အပြုသဘောဆောင်သော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ အားလုံးကို စနစ်တကျ စူးစမ်းလေ့လာခဲ့ပြီး လုပ်ငန်းလည်ပတ်မှုအဆင့်များတွင် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများအပေါ် လျော့ပါးသက်သာစေခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း နည်းလမ်းများကို ဖော်ထုတ်ထားပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် အကောင်ထည်ဖော်ဆောင်ရေးအဖွဲ့အား ဖွဲ့စည်းထားပြီး နှစ်စဉ် ရန်ပုံငွေတစ်ရပ် ထားရှိအသုံးပြု၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် အစီအစဉ်ခွဲများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက် သွားပါမည်။

### ၁.၈.၁။ ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် (Environmental Monitoring Plan) ကို ရေးဆွဲထားပြီး စောင့်ကြည့်အဖွဲ့အစည်းဖွဲ့ကာ လိုအပ်ပါက ပြင်ပပညာရှင်များနှင့်အတူ တိုင်ပင်ဆွေးနွေးကာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းတွင် အဓိက စောင့်ကြပ်ကြည့်ရှုရမည့် အကြောင်းအရာများမှာ လေထုညစ်ညမ်းမှု၊ အမှိုက်စွန့်ပစ်မှု၊ လုပ်သားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းမှု တို့ကို စောင့်ကြပ်ကြည့်ရှုပါမည်။ စောင့်ကြပ် ကြည့်ရှုခြင်းအစီအစဉ်တွင် ပြုလုပ်ရမည့် အချက်များ၊ စောင့်ကြည့်ရမည့်နေရာ၊ အချိန်ကာလနှင့် တာဝန်ယူမည့်အဖွဲ့အစည်းတို့

အား ဖော်ပြထားပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် စောင့်ကြပ် ကြည့်ရှုမှု အစီအစဉ် အသေးစိတ်ကို အခန်း (၇) တွင် ဖော်ပြထားပါသည်။

### ၁.၈.၂။ လူမှုစီးပွားတာဝန်သိ အစီအစဉ် (CSR)

အဆိုပြုလုပ်ငန်းမှ CSR အတွက် ကနဦးရန်ပုံငွေ ကျပ်သိန်း (၅၀) ခန့် လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင်အဆိုပြုလုပ်ငန်း၏ နှစ်စဉ်အမြတ်ဝင်ငွေမှ ၂ % အား CSR ရန်ပုံငွေတွင် ဆက်လက် ထည့်ဝင် အသုံးပြုသွားပါမည်။ အဆိုပါ CSR ရန်ပုံငွေ၏ ၃၀ % အား ပညာရေး အတွက်လည်းကောင်း၊ ၂၀% အား လုပ်သားများ လူမှုဖူလုံရေးအတွက် လည်းကောင်း၊ ၃၀ % အား လူမှုရေးနှင့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် လည်းကောင်း ကျန် ၂၀% အား သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီခြင်း လုပ်ငန်းများအတွက် သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၁.၉။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဆားမလောက်အရက်ချက်စက်ရုံသည် လုပ်ငန်းလည်ပတ်ရာတွင် ပတ်ဂန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ဥပဒေ ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာပြီး ယခု ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အစီရင်ခံစာတွင် တင်ပြထားသော အဆိုပြု အချက်အလက်များကို အပြည့်အဝ လိုက်နာဆောင်ရွက် အကောင် အထည်ဖော်ဆောင်မည်ဖြစ်ပါသည်။ အဆိုပြုစီမံကိန်းသည် Pot still နည်းစနစ်ဖြင့်အရက်ချက်လုပ်ခြင်းဖြစ်၍ နေရာအကျယ်အဝန်းများစွာ မလိုခြင်း၊ လုပ်သားများစွာမလိုခြင်း၊ စွမ်းအင်ချွေတာနိုင်ခြင်း၊ ရေဆိုးထွက်ရှိမှုမရှိခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခြင်း စသည့်ကောင်းကျိုးများစွာရှိမည်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး တိုင်းပြည်အတွက် အခွန်ဂင်ငွေ တိုးတက်မှု ရှိလာစေသော စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

# ၂။ နိဒါန်း

## ၂.၁။ နောက်ခံအကြောင်းအရာ

ဆားမလောက်အရက်ချက်စက်ရုံသည် ရခိုင်နွှန်းပြည့် မြန်မာနိုင်ငံသား ပိုင်ဆိုင်သည့် စက်ရုံတစ်ခုဖြစ်ပြီး တစ်ရက်လျှင် လီတာ ၂၀၀ ထုတ်လုပ်နိုင်သော ပေါင်းခံအိုး (Pot Still) ဖြင့် အရက်ချက်လုပ်ခြင်း လုပ်ငန်းအား ၂၀၂၄ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့ပါသည်။ စက်ရုံတည်နေရာမှာ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ ဦးပိုင်အမှတ် (၁၇၊၁၈၊၁၉) ဆားမလောက်တာဆုံ၊ ကွင်းအမှတ် (၃၈၂) တွင်တည်ရှိပါသည်။ စီမံကိန်း မြေဧရိယာမှာ (၃.၁၅) ဧက ရှိ၍ လုပ်ငန်းလည်ပတ်ရေးကာလ ကနဦး နှစ် (၃၀) ဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဖြစ်ပါသည်။

## ၂.၂။ စီမံကိန်းအဆိုပြုသူ

စီမံကိန်းအဆိုပြုသူ၏အကြောင်းအရာအချို့မှာ

| | |
|---|---|
| စီမံကိန်းအမည် | ဆားမလောက်အရက်ချက်စက်ရုံ |
| မှတ်ပုံတင်အမှတ် | ဧရ/ကြီး/၁၇၉၃ |
| စီမံကိန်းဆောင်ရွက်သူ | ဦးတင်ဝင်း<br>၀၉၄၂၀၅၀၉၀၆၀ |
| စီမံကိန်းဆောင်ရွက်သူ၏ စာပို့လိပ်စာ | အမှတ် ၄၀၇/၄၀၈၊ တပင်ရွှေထီး (၉) လမ်း၊ သမိုင်း(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လုပ်ငန်းအမျိုးအစား | အရက်ချက်လုပ်ငန်း (စားသောက်ကုန်ဆိုင်ရာလုပ်ငန်း) |
| ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ရှယ်ယာအမျိုးအစား | ကျပ်သန်း ၅၀<br>ရာနှုန်းပြည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု |
| ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | ဦးစန်းယုနိုင်<br>၀၉ ၄၅၂၈၈၉၂၉၅<br>Email. Syn@kyarmingyi.com |

## ၂.၃။ EMP အစီရင်ခံစာရေးဆွဲခြင်း

ဆားမလောက်အရက်ချက်စက်ရုံ၏ အဆိုပါ အရက်ချက်လုပ်ခြင်းလုပ်ငန်း အတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP)ကို ပတ်ဝန်းကျင်ဆိုင်ရာ နည်းဥပဒေ၊ဥပဒေနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆားမလောက် အရက်ချက်စက်ရုံသည် အဆိုပါလုပ်ငန်း

အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို တတိယအဖွဲ့အစည်းဖြစ်သော Environmental Assessment Services Co., Ltd. (EAS) အား ခန့်အပ်၍ရေးဆွဲ တင်ပြခြင်း ဖြစ်ပါသည်။

## ၂.၄။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲသည့်အဖွဲ့

ဆားမလေသာက်အရက်ချက်စက်ရုံ၏ အရက်ချက်လုပ်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အား တတိယအဖွဲ့အစည်းဖြစ်သော Environmental Assessment Services Co., Ltd. (EAS) မှ တာဝန်ယူ၍ ရေးဆွဲ တင်ပြခြင်းဖြစ်ပါသည်။ အကြံပေးအဖွဲ့အစည်း၏ အကြောင်းအရာ မှာအောက်ပါအတိုင်းဖြစ်ပါသည်။

| အကြံပေးအဖွဲ့အစည်း | |
|---|---|
| ကုမ္ပဏီအမည် | Environmental Assessment Services Co., Ltd. |
| ကုမ္ပဏီ မှတ်ပုံတင်အမှတ် | ၁၀၂၅၄၄၄၆၃ (၃၀/၈/၂၀၁၈) |
| EIA လုပ်ငန်းလိုင်စင် (အဖွဲ့အစည်း) | EIA-CO (B)002/2024 |
| စာပို့လိပ်စာ | အမှတ် (၆၂၆)၊ ၅လွှာ (ဘီ)၊ ခဝဲခြံ (၁) လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| Telephone Number | ၀၉၂၅၉၉၀၆၀၅၇၊ ၀၉၉၆၇၄၂၄၃၂၄ |
| E-mail | thantzinforestry@gmail.com, ea.services@gamil.com |
| ဆက်သွယ်ရန်ပုဂ္ဂိုလ် | ဦးသန့်ဇင် (ESIA Team Leader)<br>၀၉၂၅၉၉၀၆၀၅၇ |

## ၂.၅။ EMP အစီရင်ခံစာရေးဆွဲသည့်အဖွဲ့ဝင်များ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ECD) ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီအရင်ခံစာ လေ့လာပြုစုသည့် အဖွဲ့ဝင်များကို အောက်ပါ ဇယားတွင်ဖော်ပြထားပါသည်။

**ဇယား ၂-၁ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာအကောင်အထည်ဖော်သည့်အဖွဲ့**

| စဉ် | အမည် | လုပ်ငန်းလိုင်စင်အမှတ် | တာဝန်ယူဆောင်ရွက်သည့်နယ်ပယ် |
|---|---|---|---|
| ၁. | ဦးသန့်ဇင် | Associate Consultant (EIA-AC 023/2023) | ▪ လူမှုရေးဆိုင်ရာလေ့လာခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်း<br>▪ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ |

| | | | |
|---|---|---|---|
| | | | ▪ သယံဇာတစီမံအုပ်ချုပ်ခြင်း (သစ်တော)<br>▪ လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း |
| ၂. | ဒေါက်တာကျော်စိုး | Associate Consultant (EIA-AC 040/2023) | ▪ အထွေထွေပတ်ဝန်းကျင်စီမံခန့်ခွဲခြင်း |
| | အထောက်အကူပြုကျွမ်းကျင်ပညာရှင် | | |
| ၁. | ဦးနိုင်ဇော်ဝင်း | - | ▪ မိုးလေဝသနှင့် လေအရည်အသွေး ဆန်းစစ်ခြင်းနှင့် ကြိုတင်ခန့်မှန်းခြင်း |

## ၂.၆။ EMP အစီရင်ခံစာ၏ဖွဲ့စည်းပုံ

EMP အစီရင်ခံစာတွင် အကျဉ်းချုပ်အစီရင်ခံစာ အပါအဝင် အခန်း ၁၀ ခန်းပါဝင်ပြီး အစီရင်ခံစာ၏ ဖွဲ့စည်းပုံကို အောက်ပါအတိုင်း ဖော်ပြထား ပါသည်။

- အကျဉ်းချုပ်အစီရင်ခံစာ
- နိဒါန်း
- မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်
- စီမံကိန်းအကြောင်းအရာဖော်ပြချက်
- လက်ရှိပတ်ဝန်းကျင်အကြောင်းအရာ
- ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လျော့နည်းစေရေးနည်းလမ်းများ
- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်
- အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခြင်း
- နိဂုံး
- ကတိကဝတ်

## ၃။ မူဝါဒ၊ ဥပဒေနှင့် အဖွဲ့စည်းဆိုင်ရာမူဘောင်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသည် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သောလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်သက်ဆိုင်ရာနှီးနွယ်နေသောအစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း ဆက်သွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ မူဝါဒများ၊ နည်းဥပဒေများ၊ စီမံကိန်း၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အဆိုပြုလုပ်ငန်းအားလည်းပတ်ဆောင်ရွက်သွားမည် ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ညွှန်ကြားချက်များအားလည်း လိုက်နာဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### ၃.၁။ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ

အဆိုပြုစီမံကိန်းအားဆောင်ရွက်ရာတွင် စီမံကိန်းဖော်ဆောင်သူနှင့် ဆက်စပ်ပါဝင်သူများအနေဖြင့် မြန်မာနိုင်ငံမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် စီမံကိန်းနှင့်သက်ဆိုင်သည့် အောက်ဖော်ပြပါ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအား အထူးဂရုပြုလိုက်နာသွားမည်ဖြစ်ပါသည်။

**ဇယား ၃-၁ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ**

| စဉ် | ဥပဒေမူဝါဒများ | ပြဋ္ဌာန်းသည့်နှစ် |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ | ၂၀၀၈ |
| ၂ | မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ | ၂၀၁၉ |
| ၃ | အမျိုးသား မြေအသုံးချမှု မူဝါဒ | ၂၀၁၆ |
| ၄ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ | ၂၀၁၂ |
| ၅ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများ | ၂၀၁၄ |
| ၆ | ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း | ၂၀၁၅//(ပြင်ဆင် ၂၀၁၉) |
| ၇ | အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ | ၂၀၁၅ |
| ၈ | အမျိုးသားမြေပေါ် အရည်အသွေးဆိုင်ရာ မြန်မာ စံချိန်စံညွှန်း | ၂၀၂၄ |
| ၉ | မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) | ၂၀၂၀ |

| | | |
|---|---|---|
| ၁၀ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | ၂၀၁၆/(ပြင်ဆင် ၂၀၁၉) |
| ၁၁ | မြန်မာ့အာမခံဥပဒေ | ၁၉၉၃ |
| ၁၂ | အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် နည်းဥပဒေများ | ၁၉၉၇ |
| ၁၃ | ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ | ၁၉၉၀ |
| ၁၄ | ပို့ကုန်သွင်းကုန်ဥပဒေ | ၂၀၁၂ |
| ၁၅ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီး ကာကွယ်ရေးဥပဒေ | ၂၀၁၃ |
| ၁၆ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး နည်းဥပဒေများ | ၂၀၁၆ |
| ၁၇ | မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ | ၂၀၁၅ |
| ၁၈ | ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ | ၂၀၁၇ |
| ၁၉ | ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၉ |
| ၂၀ | ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ | ၂၀၁၅ |
| ၂၁ | အလုပ်သမားအဖွဲ့အစည်းဥပဒေ | ၂၀၁၁ |
| ၂၂ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ | ၂၀၁၂ |
| ၂၃ | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ | ၂၀၁၃ |
| ၂၄ | အနည်းဆုံးအခကြေးငွေဥပဒေ | ၂၀၁၃ |
| ၂၅ | အခကြေးငွေပေးချေရေးဥပဒေ | ၂၀၁၆ |
| ၂၆ | အလုပ်သမားလျော်ကြေးအက်ဥပဒေ | ၁၉၂၃ |
| ၂၇ | လူမှုဖူလုံရေးဥပဒေ | ၂၀၁၂/(ပြင်ဆင် ၂၀၁၄) |
| ၂၈ | ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ | ၁၉၅၁ |
| ၂၉ | ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ | ၁၉၇၂ |
| ၃၀ | ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေ | ၁၉၉၅/၂၀၁၁ |
| ၃၁ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ | ၂၀၀၆ |
| ၃၂ | အလုပ်ရုံများအက်ဥပဒေ | ၁၉၅၁/(ပြင်ဆင် ၂၀၁၆) |
| ၃၃ | လျှပ်စစ်ဥပဒေ၊ | ၂၀၁၄ |
| ၃၄ | အမျိုးသားအစားအသောက်ဥပဒေ | ၁၉၉၇ |
| ၃၅ | မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ | ၁၉၃၀ |
| ၃၆ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ | ၂၀၁၉ |

| | | |
|---|---|---|
| ၃၇ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ | ၂၀၁၃ |
| ၃၈ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေ | ၂၀၁၅ |
| ၃၉ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ | ၂၀၁၉ |
| ၄၀ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ | ၂၀၂၀ |
| ၄၁ | ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ | ၂၀၂၂ |
| ၄၂ | မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ | ၁၉၁၇ |
| ၄၃ | မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၂၀၁၅ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

ပုဒ်မ (၄၅)။ ။ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်စောင့်ရှောက်ရမည်။

ပုဒ်မ(၃၉၀)။ ။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီပေးရန် တာဝန်ရှိသည်-

(က) အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတတ်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်း၊

(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အခန်း (၇)ပုဒ်မ (၁၄)အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့် ပစ္စည်းများ ကိုသတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များ အတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းများနှင့် စုပုံခြင်းများ ကိုပြုလုပ်ရမည်။

၂၀၁၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အခန်း(၇)ပုဒ်မ (၁၅)အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျော့ချရန် သို့မဟုတ် ပပျောက်စေရန်၊ လုပ်ငန်းခွင် အထောက်အကူပြု ပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရမည်။ ယင်းသို့ ဆောင်ရွက်ခြင်း

မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့် အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) တွင်ဖော်ပြထားသော အခန်း(၇)ပုဒ်မ (၁၄)၊ (၁၅) များကို စီမံကိန်းအဆိုပြုသူမှ သေချာစွာသိရှိနားလည်ပြီး စီမံကိန်းအနီးအနားတွင် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၉)

ဤအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒသည် ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင် ရေးရာ မူဝါဒတွင်ပါရှိသော အောက်ပါ ပင်မတန်ဖိုးများကို အခြေပြုရေးဆွဲ ထားပါသည်-

(က) နိုင်ငံတစ်နိုင်ငံ၏ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတပစ္စည်းများပင်ဖြစ်သည်။

(ခ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးငှာ သဘာဝသယံဇာတ ပစ္စည်းများကို ကာကွယ် ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့်နိုင်ငံသားတိုင်း၏ တာဝန် ဖြစ်သည်။

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ် စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ်ထားရှိရမည်ဖြစ်သည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စု အစိုးရ အဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ထားသည့် နည်းဥပဒေများကို လိုက်နာနိုင်ရန် အောက်တွင် ဖော်ပြထားပါသည်။

နည်းဥပဒေ ၅၆။ ။ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုသို့မဟုတ်လုပ်ဆောင်မှုကို ဆောင်ရွက်မည့်အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှုသို့မဟုတ်လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဝန်ကြီးဌာနက လက်ခံသော အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်။

နည်းဥပဒေ ၆၉။ ။

(က) မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ

စွန့်ပစ်ပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ရှိပစ္စည်းများကိုလည်းကောင်း အများပြည်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေထိခိုက်စေနိုင်မည့် နေရာတစ်ခုခု တွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။

(ခ) အများပြည်သူအကျိုးငှာ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတစ်ပါး ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက် ပျက်စီးစေသည့် ပြုလုပ်မှုများကို မည်သူမျှ ဆောင်ရွက်ခြင်းမပြုရ။

၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၅၆)၊(၆၉)များကို စီမံကိန်းဆိုပြုသူမှ သေချာစွာသိရှိပြီး စီမံကိန်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပါက ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅)

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

ဤအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များသည်လူသားတို့၏ ကျန်းမာရေးနှင့်ဂေဟစနစ်ကောင်းမွန်ရေးတို့ကိုကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ညစ်ညမ်းမှုမဖြစ်စေရန်အလို့ငှာ နေရာအသီးသီး၏ ဆူညံသံနှင့်တုန်ခါမှု၊ အခိုးအငွေ့ထုတ်လွှတ်မှု နှင့် အရည်စွန့်ထုတ်မှုများ ထိန်းချုပ်ရေးအတွက် အခြေခံစည်းမျဉ်းအဖြစ်သတ်မှတ်ပြဋ္ဌာန်းထား ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို စီမံကိန်းအဆိုပြုသူမှ သိရှိပြီး စီမံကိန်းအနီးအနားတွင် စီမံကိန်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာပါက ဤလမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက် ရမည်။

## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅) /(ပြင်ဆင် ၂၀၁၉)

အပိုဒ် (၁၀၂) (က)။ ။စီမံကိန်းအဆိုပြုသူသည် မိမိကြောင့်ဖြစ်စေ မိမိကိုယ်စား ဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲ ဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး အတွက် တာဝန်ရှိသည်။

အပိုဒ် (၁၀၂) (ခ)။ ။စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်း မဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည် နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးရန် စီစဉ် ဆောင်ရွက်ရမည်။

အပိုဒ် (၁၀၃) ။ ။စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိ ကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝအကောင်အထည်ဖော်ရမည့် အပြင် ယင်း၏ ကိုယ်စား စီမံကိန်းကို ဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးက စီမံကိန်းအတွက်လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်း၊ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက် များ အားလုံးကို အပြည့်အဝလိုက်နာဆောင်ရွက်စေရန် တာဝန်ရှိသည်။

အပိုဒ် (၁၀၄)။ ။စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ဤလုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းတို့တွင်ပါရှိသော လိုအပ်ချက်များအားလုံးအတွက် တာဝန်ရှိသည့်အပြင် ယင်းတို့ကို အပြည့်အဝထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

အပိုဒ် (၁၀၅)။ ။စီမံကိန်းအဆိုပြုသူသည် အဆိုပြုစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုး သက်ရောက်မှုများကို ဖော်ထုတ်သတ်မှတ်၍ သတင်းအချက်အလက်အပြည့်အစုံကို ဝန်ကြီးဌာန သို့အချိန်နှင့် တစ်ပြေးညီ စာဖြင့်အသိပေးတင်ပြရမည်။

ထို့အပြင် အဆိုပြုလုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)/ (ပြင်ဆင် ၂၀၁၉) ၏ အပိုဒ် ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၃၊ ၁၁၅၊ ၁၂၂ တို့ကို လိုက်နာသွားမည် ဖြစ်ပါသည်။

## အမျိုးသားမြေအသုံးချမှုမူဝါဒ (၂၀၁၆)

အမျိုးသားမြေအသုံးချမှုမူဝါဒသည် မြို့ပြ၊ ကျေးလက်များအပါအဝင် နိုင်ငံတော်အတွင်းရှိ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်များကို မူဝါဒပါ ရည်ရွယ်ချက်များနှင့်အညီ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော် စီမံဆောင်ရွက်နိုင်ရန်ဦးတည်ပြီး မြေနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၏ ညီညွတ်မျှတမှု၊ ယင်းဥပဒေများကို အကောင်အထည်ဖော်မှု အပါအဝင် အမျိုးသားမြေ ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ရေးအတွက်လည်းကောင်း၊ မြေအသုံးချမှု သို့မဟုတ် မြေလုပ်ပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံးက အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များအတွက် လည်းကောင်း လမ်းညွှန်ဖြစ်စေရမည်။

**မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)**

မြန်မာနိုင်ငံတွင် ပိုမိုစိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်အခြေအနေကို ရရှိနိုင်ရေးအတွက် ထုတ်လုပ်သူနှင့် စားသုံးသူအားလုံး ပူးပေါင်းပါဝင်ခြင်း၊ စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးချနိုင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လုံးဝမရှိစေခြင်းနှင့် စွန့်ပစ်ပစ္စည်းအားလုံးကို ပြန်လည်အသုံးပြုသည့် ပတ်လည်စီးပွားရေးစနစ်ဖြစ်ခြင်းတို့ကို အခြေခံသော ဘက်စုံစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်ရန်ဖြစ်ပါသည်။

**ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၃)**

ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ်ဖြစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေခြင်းမှ ကာကွယ်ရန်၊

(ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကိုစနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုသေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသောစနစ်ကို ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

၂၀၁၃ ခုနှစ်တွင်ထုတ်ပြန်ထားသော ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီး ကာကွယ်ရေး ဥပဒေ၏ ရည်ရွယ်ချက်များကို အထက်တွင်ဖော်ပြထားပါသည်။ ဥပဒေ၏ ရည်ရွယ်ချက်ကို စီမံကိန်းအဆိုပြုသူမှ သေချာစွာသိရှိထားပြီး စီမံကိန်းကြောင့်ဆိုးကျိုးများ ဖြစ်ပေါ်လာပါက ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၂၃)

အလုပ်သမားတစ်ယောက်သည် ၁၉၆၀ ခုနှစ်၊ မေလ ၁၂ ရက်နေ့နောက်ပိုင်းမှ စတင်ပြီး ၎င်းလုပ်ကိုင်သောလုပ်ငန်းသဘာဝဘေးအန္တရာယ်ကြောင့်ရောဂါရရှိခဲ့ပါက စီမံကိန်းအဆိုပြုသူ အနေဖြင့် ဤဥပဒေမှ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများအရ လျော်ကြေးငွေပေးချေ ရမည်ဖြစ်သည်။

## အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)

အခန်း(၇)စီမံကိန်းအဆိုပြုသူ(အလုပ်ရှင်)၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

ပုဒ်မ ၂၉။ ။ အလုပ်ရှင်သည် မိမိလုပ်ငန်း၏ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားများ အားကိုယ်စားပြုသည့် အဖွဲ့အစည်းများအဖြစ်အသိအမှတ်ပြုရမည်။

ပုဒ်မ ၃၀။ ။ အလုပ်ရှင်သည် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ဖြင့် တာဝန် တစ်ခုခုပေးအပ်ခြင်းခံရသော အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးအား အခြားနည်းသဘောတူညီ ထားသည်မှအပ ယင်းတာဝန်ကိုထမ်းဆောင်ရန် တစ်လလျှင် နှစ်ရက်ထက် မပိုစေဘဲ ခွင့်ပြုရမည်။ ယင်းကာလကို မိမိလုပ်ငန်းရှိ မူလတာဝန်ကိုထမ်းဆောင်နေသကဲ့သို့ မှတ်ယူရမည်။

ပုဒ်မ ၃၁။ ။ အလုပ်ရှင်သည် အလုပ်သမားအဖွဲ့အစည်းများက မိမိတို့အလုပ်သမားများ၏ အကျိုးအတွက် အကူညီတောင်းခံလျှင် တတ်နိုင်သရွေ့ အကူအညီပေးရမည်။သို့ရာတွင် အလုပ်ရှင် သည် ငွေကြေး သို့မဟုတ် အခြားနည်းဖြင့် ယင်း၏လွှမ်းမိုးမှု သို့မဟုတ် ထိန်းချုပ်မှုဖြင့် အလုပ်သမားအဖွဲ့အစည်းများတည်ဆောက်ခြင်း သို့မဟုတ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း ပြုရန်ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမျှမပြုလုပ်ရ။

၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အလုပ်သမားအဖွဲ့အစည်းဥပဒေ၏ ပုဒ်မ (၂၉)၊ (၃၀)၊ (၃၁) တို့ကိုဖော်ပြထားပါသည်။ စီမံကိန်းအဆိုပြုသူမှ ဤဥပဒေကို သိရှိလိုက်နာဆောင်ရွက်ရပါမည်။

## အလုပ်ရုံများအက်ဥပဒေ (၁၉၅၁)/(ပြင်ဆင် ၂၀၁၆)

၁၉၅၁ ခုနှစ်တွင်ထုတ်ပြန်ထားသော အလုပ်ရုံများအက်ဥပဒေကို စီမံကိန်းအဆိုပြုသူ အနေဖြင့် ကောင်းစွာသိရှိပြီး လိုက်နာဆောင်ရွက်ပါမည်။

ပုဒ်မ ၁၃။ ။လုပ်ငန်းခွင်ရှိ အမှိုက်သရိုက်များကိုနေ့စဉ်လှည်းကျင်းခြင်း၊ ကြမ်းခင်းများကို ရက်သတ္တပတ် တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ရေဖြင့်ဆေးကြောခြင်းနှင့် အတွင်းနံရံမျက်နှာ ကြက်များကို တစ်နှစ်တစ်ကြိမ် ဆေးသုတ်ခြင်းများဆောင်ရွက်ရမည်။သဘော်ာဆေးနှင့်အရောင် တင်ဆီများသုတ်ပါက သုံးနှစ်တစ်ကြိမ်သုတ်ရမည်။

ပုဒ်မ ၁၇။ ။လေကိုစိုထိုင်းအောင်ပြုလုပ်ရသောလုပ်ငန်းများတွင် ကျန်းမာခြင်းနှင့် ညီညွတ်စွာရှိရန်နှင့်အသုံးမပြုရသောရေသည် သန့်ရှင်းသော သို့မဟုတ် သန့်ရှင်းအောင်ဆောင်ရွက်ထားသောရေဖြစ်ရမည်။

ပုဒ်မ ၁၈။ ။အလုပ်ရုံအစိတ်အပိုင်းအသီးသီးတွင်အလင်းရောင်လုံလောက်စွာရရှိစေရန်စီမံထားရမည်။

## အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)

၂၀၁၃ ခုနှစ်တွင်ထုတ်ပြန်ထားသော အနည်းဆုံးအခကြေးငွေဥပဒေကို စီမံကိန်းအဆိုပြုသူ အနေဖြင့်ကောင်းစွာသိရှိပြီး လိုက်နာဆောင်ရွက်ရပါမည်။

## အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်ခြင်း (၂၀၁၈)

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ၂၀၁၃ခုနှစ်၊ ဥပဒေအခကြေးငွေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)အရ အနည်းဆုံးအခကြေးငွေ သတ်မှတ်မည့် အဆိုပြုအနည်းဆုံးအခကြေးငွေအမိန့်ကြေငြာစာကို အများပြည်သူသိရှိစေရန် ၂-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြေငြာစာအမှတ်၊ ၁/၂၀၁၈ ဖြင့်ထုတ်ပြန်ကြေငြာခဲ့ပါသည်။

## လူမှုဖူလုံရေးဥပဒေ (၂၀၁၂) /(ပြင်ဆင် ၂၀၁၄)

စီမံကိန်းအဆိုပြုသူ(အလုပ်ရှင်)နှင့် အလုပ်သမားတို့သည်ဌာနများ၌ အလုပ်သမားများဘေး အန္တရာယ်ကင်းရှင်းရေးနှင့်ပညာရေးလုပ်ငန်းများအပြင် အလုပ်တွင်မတော်တဆဖြစ်ပွားမှုကို လည်းကောင်း၊ အလုပ်တွင်ထိခိုက်မှုကြောင့် ဒဏ်ရာရရှိမှု၊ ရောဂါရရှိမှုနှင့်သေဆုံးမှုတို့ဖြစ်ပွားခြင်း ကိုလည်းကောင်းကာကွယ်ရန်အလို့ငှာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ စီမံချက်များထားရှိခြင်းတို့နှင့် စပ်လျဉ်း၍ လူမှုဖူလုံရေးအဖွဲ့နှင့်ဖြစ်စေ၊ အာမခံကိုယ်စားလှယ်ဌာန များနှင့်ဖြစ်စေ စီမံကိန်းအဆိုပြုသူအနေဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ အခန်း(၇)၊ ပုဒ်မ (၁၃) (က) အရ စက်ရုံ၊ အလုပ်ရုံများ၌မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများအတွက် သီးသန့်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားရှိရန်ညွှန်ကြားချက်အရအလုပ်ရှင်သည် သီးသန့်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းထားရမည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ အခန်း(၇)၊ ပုဒ်မ (၁၃) (ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသော သီးသန့်မီးသတ်တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းပြုလုပ်လိုပါက မီးသတ်ဦးစီးဌာန ၏ ခွင့်ပြုချက်ရယူရမည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) /(ပြင်ဆင် ၂၀၁၉)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၀) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း ပုဒ်မ(၄၁)ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အောက်တွင် ဖော်ပြထားပါသည်။

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသောစွန့်ပစ်ပစ္စည်းများသယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) သုတေသနနှင့်ဖွံ့ဖြိုးတိုးတတ်မှုရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှအပ ပြည်ပမှစမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက် မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၊ အသုံးအဆောင်များသယ်ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) ပြည်သူတို့အပေါ်ဘေးအန္တရာယ်ဖြစ်စေသောလုပ်ငန်းများ၊

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်တို့ကိုကြီးမားစွာထိခိုက်ပျက်စီးစေနိုင်သောရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားသော ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

၂၀၁၆ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို စီမံကိန်းဆိုင်ရာသူအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မြန်မာ့အာမခံဥပဒေ (၁၉၉၃)

မြန်မာ့အာမခံဥပဒေကို အောက်ပါရည်မှန်းချက်များဖြင့်တည်ထောင်သည်-

(က) ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များကြောင့် ပြည်သူများ ကြုံတွေ့နိုင်သည့် လူမှုရေး၊ စီးပွားရေး နစ်နာဆုံးရှုံးမှုများကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်အရ အာမခံထားခြင်းဖြင့် ငွေကြေးပြေလည်မှု ရရှိစေရန်၊

(ခ) လူတစ်ဦးစီအလိုက် အသက်အာမခံထားခြင်းဖြင့် ငွေစုဆောင်းသည့် အလေ့အထတိုးပွားစေပြီး နိုင်ငံတော်၏ အရင်းအနှီး စုဆောင်းမှုကို အထောက်အကူပြုစေရန်၊

(ဂ) လူမှုရေး၊ စီးပွားရေး တိုးတတ်လာသည်နှင့်အညီ လိုအပ်လာမည့် အာမခံအကာအကွယ် အမျိုးမျိုးကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် အာမခံစနစ်အပေါ် ပြည်သူများ ယုံကြည် ကိုးစားမှု ရှိလာစေရန်၊

စီမံကိန်းပိုင်ရှင်သည် မြန်မာ့အာမခံဥပဒေ ပုဒ်မ(၁၅)အရ ကိုယ်ပိုင်ယာဉ်များသုံးစွဲမည်ဆိုပါက လူထိခိုက်မှုဆိုင်ရာအာမခံထားရှိရပါမည်။

မြန်မာ့အာမခံဥပဒေ ပုဒ်မ(၁၆)အရ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်းနှင့်ပြည်သူလူထုကို နစ်နာစေခြင်းဖြစ်ပေါ်လျှင် ယင်းအထွေထွေ ဆုံးရှုံးနစ်နာမှုကို ပေးလျော်နိုင်ရန် ထားရှိရမည့် အာမခံကိုထားရှိရပါမည်။

## ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ (၁၉၇၂)

စီမံကိန်းအဆိုပြုသူ(လုပ်ငန်းရှင်အနေဖြင့်)စီမံကိန်းပတ်ဝန်းကျင် အနီးနားပြည်သူများ၏ ကျန်းမာရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(က) လူအများနေထိုင်ရာပတ်ဝန်းကျင်တွင် အမှိုက်သရိုက်၊ အညစ်အကြေးများကို သိမ်းဆည်းစွန့်ပစ်ခြင်းမပြုလုပ်ရ၊

(ခ) လူအများအတွက်သောက်ရေသုံးရေများကို အပြည်ပြည်ဆိုင်ရာ စံချိန်မှီသတ်မှတ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) လူအများနေထိုင်ရာ ပတ်ဝန်းကျင်လေထုတွက်လူတို့ကို ဘေးအန္တရာယ်ဖြစ်စေမည့် အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှား၊ အသံဗလံ၊ ဓာတ်ရောင်ခြည်များကြောင့် ညစ်ညမ်းခြင်းမှ ကာကွယ်ခြင်း၊

(ဃ) မြို့ရွာစည်ပင်သာယာရေး၊ အိမ်ယာဆောက်လုပ်ခြင်းနှင့် လုပ်သားပြည်သူတို့သွားလာနေထိုင်အသုံးပြုသည့် အဆောက်အဦ သို့မဟုတ် နေရာများ၏ ကျန်းမာသန့်ရှင်းရေးအတွက် ဆောင်ရွက်ခြင်း၊

## ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄)

စီမံကိန်းပိုင်ရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်နှင့် အလုပ်ပိတ်ရက်များကို ခွင့်ပြုရမည်။

## လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းကဏ္ဍအသီးသီး၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ် များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊

(ခ) လုပ်ငန်းခွင်ထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရမှုများ လျော့နည်းပပျောက်စေရန် အလုပ်ရှင်နှင့် အလုပ်သမားအပါအဝင် ဤဥပဒေပါ သက်ဆိုင်သူများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရန်၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများအပေါ် အလုပ်ရှင်၊ အလုပ်သမား များနှင့် ဤဥပဒေပါ သက်ဆိုင်သူများက ကြိုတင်တားဆီးကာကွယ်မှုပြုလုပ်နိုင်ရန်၊

(ဃ) လုပ်ငန်းခွင်ထိခိုက်မှုများ၊

လုပ်ငန်းခွင်ဆိုင်ရာရောဂါများမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်ခြင်းဖြင့်အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာလုပ်ကိုင်နိုင်စေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတတ်လာစေရန်၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအား နိုင်ငံတကာနှင့် ဒေသဆိုင်ရာစံနှုန်းများနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့်သင့်လျော်သော စံချိန်စံညွှန်း သတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သောလုပ်ငန်းခွင် ဖန်တီးပေးရန်၊

(စ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး အတွက် သုတေသနလုပ်ငန်းများကို ထောက်ပံ့ကူညီပေးရန်။

ပုဒ်မ (၁၂) ပုဒ်မခွဲ (က) အရ လုပ်ငန်းရှင်သည် ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်း အမျိုးအစားအလိုက် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးကောင်းမွန်စေရေး အနီးကပ်ကြီးကြပ် ဆောင်ရွက်ရန် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံကို ခန့်ထားရမည်။

ပုဒ်မ (၂၆) ပုဒ်မခွဲ (က) အရ လုပ်ငန်းရှင်သည် လုပ်ငန်းခွင်၊ လုပ်ငန်းစဉ်နှင့် ၎င်းတို့၌ အသုံးပြုသည့် ပစ္စည်းများနှင့်စက်ကိရိယာများ၏ အန္တရာယ်ရှိမှု အတိုင်းအဆအား အကဲဖြတ်ဆန်းစစ်ခြင်းကို လိုအပ်သ လိုစီမံဆောင်ရွက်ရမည်။

ပုဒ်မ (၃၀) ပုဒ်မခွဲ (က) အရ အလုပ်သမားသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးထားသော တစ်ကိုယ်ရည်သုံးကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ၊ ပစ္စည်းများဝတ်ဆင်ခြင်းနှင့် ကိရိယာ တန်ဆာပလာများအား စနစ်တကျ မှန်ကန်စွာ အသုံးပြုရမည်။

## လျှပ်စစ်ဥပဒေ (၂၀၁၄)

စီမံကိန်းအဆိုပြုသူသည် လျှပ်စစ်ဥပဒေတွင်ပါဝင်သော ပုဒ်မ ၄၅၊ ၄၇၊ ၅၂ နှင့် ၅၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ကတိပြုပါသည်။

ပုဒ်မ ၄၅- ခွင့်ပြုမိန့်ရရှိသူ မည်သူမျှခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကိုမျှ လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုရ။

ပုဒ်မ ၄၇- မည်သူမျှလျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ် ခြင်း၊ ဆက်သွယ်အသုံးပြုခြင်း မပြုရ။

ပုဒ်မ ၅၂- ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်းတီးခြင်း၊ အသုံးပြုခြင်း မပြုရ။

ပုဒ်မ ၅၃- မည်သူမျှလျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့်လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်း တစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်း မပြုရ။

## ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၁)

ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

## ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ (၂၀၀၆)

စီမံကိန်းအဆိုပြုသူသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ (၂၀၀၆)ပါ အောက်ပါပြဋ္ဌာန်းချက်များကို လိုက်နာရန် ကတိပြုပါသည်။

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်းအများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးခြင်းမှ ရှောင်ကြဉ်စေရန်၊

(ခ) ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ကျန်းမာရေးကို ထိ ခိုက်စေသည့် အန္တရာယ်မှကာကွယ်ရန်၊

(ဂ) ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်း သောက်သုံးခြင်းအလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝရရှိစေရန်၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့၏ ကျန်း မာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာစေရန်၊

(င) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

ပုဒ်မ ၉- တာဝန်ခံပုဂ္ဂိုလ်သည်-

(က) ပုဒ်မ ၆ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်မရှိသော နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့်စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ခ) ပုဒ်မ ၇ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့်စာတန်းနှင့် အမှတ်အသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှ ဆေးလိပ်သောက်ခြင်းမပြုရန် ကြပ်မတ် ဆောင်ရွက် ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူ ရမည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ (၂၀၁၃)

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ပါးရေး အတွက် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင်ပြည်တွင်း ပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့ အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည် ထိန်းသိမ်းကာကွယ်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့်လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်။

ပုဒ်မ (၁၃) ပုဒ်မခွဲ (က)။ ။သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များနှင့် အညီ လုပ်ငန်းအစီအစဉ်များ ချမှတ်ပြီးအောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ် မကျရောက်မီသဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင် ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ၊

(၂) သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများ၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန် ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်း ကာကွယ်ခြင်း လုပ်ငန်းများ။

ပုဒ်မ (၁၃) ပုဒ်မခွဲ (ခ)။ ။ပုဒ်မခွဲ (က)ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ နှင့် အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်များနှင့် သားသည်မိခင်များ) အား ဦးစားပေးပြီးကူညီ စောင့် ရှောက်ရမည်။

ပုဒ်မ (၁၃) ပုဒ်မခွဲ (ဂ)။ ။ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာထိခိုက် စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်။

ပုဒ်မ (၁၇)။ ။ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေ ကယ်ဆယ်ခြင်း၊

(ခ) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချ ထားပေးခြင်း၊

(ဂ) စားရေရိက္ခာနှင့် ကယ်ဆယ်ရေး ပစ္စည်းများအရေးပေါ် ထောက်ပံ့ပေးခြင်း၊

(ဃ) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမစာရင်းပြုစုခြင်းနှင့် ထောက်ပံ့ရန် လိုအပ်မှုများအတွက် ဆန်းစစ်ချက်များပြုလုပ်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီး အနီးကပ် ကြီးကြပ် ကွပ်ကဲခြင်း၊

(စ) နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များဖွဲ့စည်း၍ ဒေသခံပြည်သူတို့အားအရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း နှင့်ကူးစက်ရောဂါများ မကျရောက်စေရေးအတွက် ကာကွယ် ခြင်း၊

(ဆ) ယာယီဆေးခန်းနှင့်ဆေးရုံများဖွင့်လှစ်၍ထိခိုက်ဒဏ်ရာရသူ နှင့် မကျန်းမာသူများအား ဆေးဝါး ကုသမှုပေးခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

## မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ (၁၉၃၀)

စီမံကိန်းပိုင်ရှင်သည် မြေအောက်ရေကြီးကြပ်မှုအက်ဥပဒေ ပုဒ်မ ၃ နှင့် ၆ တို့နှင့်အညီ လိုအပ်သည့် ခွင့်ပြုချက်များရယူ၍ သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်သွားပါမည်။

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀)

အခန်း (၂) အပိုဒ် (၃) ရည်ရွယ်ချက်

(က) မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာ နေရာ တွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် သတ်မှတ် ချက်များနှင့်အညီ စစ်ဆေးပြီးမှတ်ပုံတင်ပေးရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့် သူများအား သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့် မီမှု ရှိ/မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ)လမ်းအသုံးပြုသူများ သွားလာမှု လွယ်ကူချောမွေ့စေ ရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး ကာကွယ်ဆောင်ရွက်ရန်၊

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ် အန္တ ရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်း ပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုရန်၊

(င) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်း ကျင်ထိခိုက်မှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်။

## ၃.၂။ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ

စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံမှ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ အပြင် အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များအားလည်း သိရှိလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ဇယား ၃-၂ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ

| စဉ် | အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက် | လက်မှတ်ရေးထိုး/ အတည်ပြုသည့်နေ့ | အဖွဲ့ဝင် ဖြစ်သည့်နေ့ | ကတ်ဘိနက် အတည်ပြုနေ့ |
|---|---|---|---|---|
| ၁ | United Nations Agenda 21 | - | 1997 | - |
| ၂ | Plant Protection Agreement for the South-East Asia and the Pacific Region, Rome, 1956 | 4-11-1959 | 4-11-1959 | - |
| ၃ | Vienna Convention for the Protection of the Ozone Layer, Vienna, 1985 | 24-11-1993 | 22-2-1994 | 46/93 |
| ၄ | Montreal Protocol on Substances that Deplete the Ozone Layer, Montreal, 1987 | 24-11-1993 | 22-2-1994 | 46/93 |
| ၅ | London Amendment to the Montreal Protocol on Substances that Deplete the Ozone Layer, London, 1990 | 24-11-1993 | 22-2-1994 | 46/93 |
| ၆ | United Nations Framework Convention on Climate Change (UNFCCC), New York, 1992 | 11-06-1992 | 25-11-1994 | 41/94 |
| ၇ | Convention on Biological Diversity, Rio de Janeiro, 1992 | 11-06-1992 | 25-11-1994 | 41/94 |
| ၈ | The Convention for the Protection of the World Culture and Natural Heritage, Paris, 1972 | - | 29-4-1994 | 6/94 |
| ၉ | ASEAN Agreement on the Conservation of Nature and Nature Resources, Kuala Lumpur, 1985 | 16-10-1997 | - | - |
| ၁၀ | Asia Least Cost Greenhouse | - | 1998 | - |

| | | | | |
|---|---|---|---|---|
| | Gas Abatement Strategy (1998 ALGAS) | | | |
| ၁၁ | Kyoto Protocol to the Convention on Climate Change, Kyoto, 1997 | - | 13-8-2003 | - |
| ၁၂ | Stockholm Convention on Persistent Organic Pollutants (POPs), 2001 | 18-4-2004 | 18-7-2004 | 14/2004 |
| ၁၃ | Basel Convention, 1989 | - | 2015 | - |
| ၁၄ | Workmen's Compensation (Accidents) Convention, 1925 | 30-11-1927 | 16 -2-1956 | - |
| ၁၅ | Workmen's Compensation (Occupational Diseases) Convention 1925 and its Revision 1934 | 30-11-1927 | 17-5-2016 | - |

**၃.၃။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များ (၂၀၁၅)**

အဆိုပြုစီမံကိန်းမှ လိုက်နာဆောင်ရွက်မည့် အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality (Emission) Guidelines (NEQEG, ၂၀၁၅) တွင်ပါဝင်သော အမျိုးသားအဆင့်လမ်းညွှန်ချက်၊ စံချိန်စံညွှန်းများကို အောက်ပါဇယားများအတိုင်းဖော်ပြထားပါသည်။

**ဇယား ၃-၃ လေအရည်အသွေး (NEQEG, လမ်းညွှန်ချက်)**

| Parameter | Averaging Period | Guideline Value µg/ m³ |
|---|---|---|
| Nitrogen dioxide | 1-year<br>1-hour | 40<br>200 |
| Ozone | 8-hour daily maximum | 100 |
| Particulate matter PM10[a] | 1-year<br>24-hour | 20<br>50 |
| Particulate matter PM2.5[b] | 1-year | 10 |

| | | |
|---|---|---|
| | 24-hour | 25 |
| Sulphur dioxide | 24-hour<br>10 -minute | 20<br>500 |

a Particulate matter 10 micrometers or less in diameter

b Particulate matter 2.5 micrometers or less in diameter

စွန့်ထုတ်ရေအဆင့်သတ်မှတ်ချက်အဖြစ် NEQEG, လမ်းညွှန်ချက်၏ အပိုဒ် ၂.၃.၁.၈ ဘီယာနှင့် အရက်ချက်လုပ်ငန်းအတွက် သတ်မှတ်ချက်များကိုလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဇယား ၃-၄ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (NEQEG, လမ်းညွှန်ချက်)**

| Sr. No. | Parameter | Unit | Guideline Value |
|---|---|---|---|
| 1. | 5-day Biochemical Oxygen demand | mg/l | 50 |
| 2. | Active ingredients / Antibiotics | To be determined on a case specific basis | |
| 3. | Chemical Oxygen Demand | mg/l | 250 |
| 4. | Oil and grease | mg/l | 10 |
| 5. | pH | S.U[a] | 6-9 |
| 6. | Temperature increase | ℃ | <3 |
| 7. | Total coliform bacteria | 100 ml | 400 |
| 8. | Total nitrogen | mg/l | 10 |
| 9. | Total phosphorus | mg/l | 2 |
| 10. | Total suspended solids | mg/l | 50 |

a Standard Unit

သောက်သုံးရေ (Drinking Water) စံနှုန်း

သောက်သုံးရေအတွက် WHO ၏ စံနှုန်းများနှင့် အမျိုးသား သောက်သုံးရေ အရည်အသွေး စံနှုန်းများ (ကျန်းမာရေးဝန်ကြီးဌာန) တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား ၃-၅ Drinking Water Quality Standards**

| Sr. No. | Parameters | Unit | Drinking Water Standards | |
|---|---|---|---|---|
| | | | WHO | NDWQS*(MOH) |
| 1. | Arsenic | mg/l | 0.01 | 0.05 |
| 2. | Chloride | mg/l | 250 | 250 |
| 3. | Copper | mg/l | 2 | 2 |
| 4. | Cyanide | mg/l | 0.07 | 0.07 |
| 5. | Manganese | mg/l | 0.1 | 0.4 |
| 6. | pH | - | 6.5~8.5 | 6.5~8.5 |
| 7. | Sulphate | mg/l | 500 | 250 |
| 8. | Fluoride | mg/l | 1.5 | 1.5 |

| | | | | |
|---|---|---|---|---|
| 9. | Total Dissolved Solids | mg/l | 1000 | 1000 |
| 10. | Total Hardness as $CaCO_3$ | mg/l | 500 | 500 |
| 11. | Iron | mg/l | 0.3 | 1 |
| 12. | Turbidity | NTU | 5 | 5 |
| 13. | Color (True) | TCU | 15 | 15 |

* National Drinking Water Quality Standards (Ministry of Health)

**ဇယား ၃-၆ ဆူညံသံ (NEQEG, လမ်းညွှန်ချက်)**

| Receptor | One Hour LAeq (dBA)[a] | |
|---|---|---|
| | Daytime 07:00-22:00 (10:00-22:00 for Public holidays) | Night time 22:00-07:00 (22:00-10:00 for Public holidays) |
| Residential, institutional, educational | 55 | 45 |
| Industrial, commercial | 70 | 70 |

a Equivalent continuous sound level in decibels

အနံ့ (Odor)

စီမံကိန်းလုပ်ငန်းများသည် ထွက်ရှိသော စုစည်းနှင့် ပျံ့လွင့် (Point and Diffuse) အနံ့ကို လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များတွင် ဖော်ပြထားသော အနံ့ထိန်းချုပ်မှု နည်းပညာများ အသုံးပြုပြီး လျှော့ချထိန်းချုပ်မှု ပြုရမည်။

# ၄။ စီမံကိန်းအကြောင်းအရာဖော်ပြချက်

## ၄.၁။ စီမံကိန်းလုပ်ငန်း အမျိုးအစား

စီမံကိန်းလုပ်ငန်း အမျိုးအစားမှာ အရက်ချက် ထုတ်လုပ် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းဖြစ်ပါသည်။ စီမံကိန်းအဆိုပြုသူ ဆားမလောက်အရက်ချက်စက်ရုံအနေဖြင့် ကုန်ကြမ်းအဖြစ် ဆန်ကွဲကို အသုံးပြုပြီး Pot Still ပေါင်းခံအိုးကိုအသုံးပြု၍ အရက်သန့်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ Pot Still နည်းစဥ်ဖြင့် အရက်ချက်လုပ်ခြင်း အား ၂၀၂၄ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့ပြီး တစ်ရက်လျှင် အရက်သန့် ၂၀၀ လီတာခန့် ထုတ်လုပ်လျက်ရှိပါသည်။

## ၄.၂။ စီမံကိန်းတည်နေရာ

ဆားမလောက်အရက်ချက်စက်ရုံ၏ အရက်ချက်လုပ်ခြင်း လုပ်ငန်းသည် ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ ဦးပိုင်အမှတ် (၁၇၊ ၁၈၊ ၁၉)၊ ဆားမလောက်တာဆုံ၊ ကွင်းအမှတ် - ၃၈၂ ရှိ မြေဧရိယာ (၃.၁၅) ဧက ပေါ်တွင် တည်ရှိပါသည်။ စီမံကိန်း ဗဟိုအချက်နေရာ၏ ကိုသြဒိနိတ်များမှာ မြောက်လတ္တီကျူ ၁၆ ဒီဂရီ၊ ၅၉ မိနစ်၊ ၃၄ စက္ကန့်၊ အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ၊ ၄၂ မိနစ်၊ ၃၅ စက္ကန့်ဖြစ်ပါသည်။
အောက်ဖော်ပြပါ ပုံများ တွင် စက်ရုံ စီမံကိန်း၏တည်နေရာအားဖော်ပြထားပါသည်။




**ပုံ ၄-၁စီမံကိန်းတည်နေရာ**




ပုံ ၄-၂စီမံကိန်းတည်နေရာနှင့်အနီးဝန်းကျင်ပြပုံ

## ၄.၃။ စီမံကိန်း အကောင်အထည်ဖော်ကာလ

အဆိုပြုလုပ်ငန်း စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှု ကာလ စုစုပေါင်း (၃၀) နှစ် ဖြစ်ပါသည်။ စက်ရုံ၏ တည်ဆောက်ကာလမှာ ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်း ပိတ်သိမ်းမှု ကာလမှာ (၆) လခန့် ဖြစ်ပါသည်။

စတင်တည်ဆောက်သည့်အချိန်- ၂၀၁၉ ခုနှစ်၊ ဇွန်လ

ထုတ်လုပ်မှုစတင်မည့်အချိန်-(ခန့်မှန်း) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

စီမံကိန်းအကောင်အထည်ဖော်ရန် အဆိုပြုထားသည့် အချိန်ဇယားမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဇယား ၄-၁ စီမံကိန်း အကောင်အထည်ဖော်မှုအချိန်ဇယား**

| | | | |
|---|---|---|---|
| စီမံကိန်း ကာလ | (၁) နှစ် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ၂၀၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ အထိ (နှစ် ၃၀) | (၆)လ |
| တည်ဆောက်ရေးကာလ(ပြီးစီး) | ▬▬▬ | | |
| လည်ပတ်ရေးကာလ | | ▬▬▬ | |
| ပိတ်သိမ်းကာလ | | | ▬▬▬ |

## ၄.၄။ စီမံကိန်းအဆောက်အဦ

အဆိုပြုလုပ်ငန်းဖြစ်သော ဆားမလောက်အရက်ချက်စက်ရုံသည် မြေဧရိယာ (၃.၁၅) ဧက ပေါ်ရှိ ပင်မအဆောက်ဦ တစ်လုံး ပေါ်တွင် အရက်ချက်လုပ်ငန်းတည်ဆောက် လုပ်ကိုင်ခြင်းဖြစ်ပါသည်။ layout plan ကို အောက်ပါပုံတွင်ဖော်ပြထားပါသည်။ စီမံကိန်းတွင်တည်ဆောက်မည့် အဆောက်အဦ အရွယ်အစား နှင့် အရေအတွက်အား ဇယား ၄.၂ တွင် ဖော်ပြထားပါသည်။

**ဇယား ၄-၂ စီမံကိန်းရှိ အဆောက်အအုံ အရွယ်အစားနှင့် အရေအတွက်**

| စဉ် | အဆောက်အဦအမျိုးအစား | အရွယ်အစား (အလျားxအနံ x အမြင့်) |
|---|---|---|
| ၁ | အရက်ချက်စက်ရုံ (အုတ်ညှပ်၊ သွပ်မိုး၊) | ၄၀′ x ၄၀′ x ၂၈′ |
| ၂ | ရုံးခန်း | ၄၀′ x ၂၀′ x ၁၂′ |




ပုံ ၄-၃ စီမံကိန်းအဆောက်အဦနေရာ (Layout Plan) ပြပုံ

## ၄.၅။ စက်ပစ္စည်းနှင့်စက်ကိရိယာများ

ဆားမလောက်အရက်ချက်စက်ရုံ အတွက် အသုံးပြုသော စက်ပစ္စည်းနှင့် စက်ကိရိယာ များကို ဇယား (၄.၃)တွင် ဖော်ပြထားပါသည်။

**ဇယား ၄-၃ အသုံးပြုသော စက်ပစ္စည်းနှင့် စက်ကိရိယာများ**

| စဉ် | စက်ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| ၁ | ကုန်ကြမ်းပေါင်းအိုးမီးဖို (electric steam furnace) | Set | ၁ |
| ၂ | အရက်ပေါင်းခံအိုး (Pot Still – Traditional - Batch Volume – 150–200 L) | Set | ၁ |
| ၃ | မီးစက် (315 kVA) | Set | ၁ |

## ၄.၆။ ကုန်ကြမ်းပစ္စည်းအမျိုးအစား

အဆိုပြုလုပ်ငန်းအတွက် အဓိကကုန်ကြမ်းပစ္စည်းမှာ ဆန်ကွဲကိုအသုံးပြုပြီး ကုန်ကြမ်းရရှိမှု အခြေအနေမှာ ဆန်ကွဲနှင့် တဆေး အဓိကလိုအပ်သောကြောင့် ကုန်ကြမ်းရရှိမှုများပါသည်။ ကုန်ကြမ်းကို ဧရာဝတီတိုင်းဒေသကြီးမှ ရယူပါသည်။ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ရက်လျှင် ၂၄ ပြည်ဆန့် ဆန်ကွဲ ၄ အိတ်၊ တလလျှင် ၆၀ အိတ်၊ တစ်နှစ်လျှင် ၇၂၀ အိတ် လိုအပ်ပါသည်။ တဆေးကို တရက်လျှင် 0.48 kg၊ တလလျှင် 7.2 kg၊ တနှစ်လျှင် 86.4 kg အသုံးပြုပါသည်။

***ကုန်ကြမ်းသိုလှောင်ထားရှိမှု***

ကုန်ကြမ်းမှာ ဆန်ကွဲများအား ဖိုင်ဘာ စည်ပိုင်း (HDPE drums) များတွင် ထည့်သွင်း၍လည်းကောင်း၊ တဆေးအားဝယ်ယူစဉ်အိတ်လိုက်လည်းကောင်း စက်ရုံအဆောက်ဦး၏ ကုန်ကြမ်းထားရှိနေရာတွင် သိုလှောင်ထားရှိမည်ဖြစ်ပါသည်။ စက်ရုံသို့ သယ်ယူ ပို့ဆောင်ရာတွင်လည်း လမ်းကြောင်း တလျောက် ဖိတ်စင်ပျံ့လွင့်မှုမရှိစေရန် (၁)တင်းခွဲ အိတ်များဖြင့် စနစ်တကျ ထုတ်ပိုးအိတ်သွတ်၍ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။




ကုန်ကြမ်း (တဆေး)



**ပုံ ၄-၄ကုန်ကြမ်းဆန်ကွဲထားသိုပုံ**

## ၄.၇။ ကုန်ချောပစ္စည်းအမျိုးအစားနှင့် ကုန်ချောထွက်ရှိမှု

ကုန်ချောထွက်ရှိမှုပမာဏမှာ အရက်သန့် တစ်ရက် လျှင် ၂၀၀ လီတာ၊ တစ်လလျှင် ၃၀၀၀ လီတာနှင့် တစ်နှစ်လျှင် ၃၆၀၀၀ လီတာ ခန့် ထုတ်လုပ်သွားပါမည်။ စက်ရုံမှထွက်ရှိလာသည့် အရက်သန့်များကို ဆားမလောက်မြို့နယ်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။

ဘေးထွက်ပစ္စည်းများ

အရက်ချက်ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ဘေးထွက်ပစ္စည်းများဖြစ်သော အစာဖတ် (ကစော်စိမ်ဖတ်) မှာ တစ်ရက် လျှင် ၁၀၀ kg တစ်နှစ်လျှင် (၂၄,၀၀၀) kg ခန့် ထွက်ရှိမည်ဖြစ်ပါသည်။ ၎င်းတို့ကို တိရစ္ဆာန်အစာအဖြစ် မွေးမြူရေးလုပ်ငန်းများထံ ပြန်လည်ရောင်းချပါသည်။

## ၄.၈။ အရက်ချက်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်

ဆားမလောက်အရက်ချက်စက်ရုံတွင် Pot still ဖြင့် အရက်ချက်လုပ်ခြင်း လုပ်ငန်းစဉ်များမှာ (က) အသုံးပြုသော ကုန်ကြမ်းကို ပေါင်း/ချက်ခြင်း (ခ)သဘာဝတဆေးဖြင့်ကစော်ဖောက်ခြင်း (ဂ) Pot Still အိုးဖြင့်ပေါင်းခံချက်လုပ်ခြင်း (ဃ) ကွန်ဒင်ဆာဖြင့်အရက်ကိုဖမ်းယူခြင်းတို့ပါဝင်ပါသည်။ ထုတ်လုပ်ရေးလုပ်ငန်းစဉ်အား အောက်ပါပုံတွင် ဖော်ပြထားပါသည်။




**ပုံ ၄-၅အရက်ထုတ်လုပ်ပုံလုပ်ငန်းစဉ်**

### (က) ကုန်ကြမ်းပြင်ဆင်ခြင်း

**အချက်အလက်**

- ဆန်ကွဲ – (၄ အိတ်) ၁၉၂ kg
- တဆေး – ၀.၄၈ kg
- ရေ – ၃၅၀–၅၀၀ လီတာ

**လုပ်ဆောင်မှု-**

ဆန်ကွဲကို ရေဖြင့် ပေါင်းစပ်ခြင်းကာ ပေါင်းအိုးထဲတွင် အပူချိန် ၆၅–၇၅°C ဖြင့် ၉၀–၁၂၀ မိနစ် ခန့်ကြာအောင် ကျိုချက်ပါသည်။ ကျိုချက်ပြီးပါက တဆေးထည့်၍ သမအောင် ရောမွှေ (well mixed) ပြုလုပ်ပေးပါသည်။



ပုံ ၄-၆ကုန်ကြမ်း (ဆန်ကွဲ)



ပုံ ၄-၇ပေါင်းအိုးဖြင့် ကုန်ကြမ်းများ ပေါင်းခံချက်လုပ်ပုံ

**(ခ) စိမ်ရည်/ကစော်ဖောက်ခြင်း (Fermentation)**

**အချက်အလက်**

- စဉ့်အိုးများအသုံးပြု
- ပတ်ဝန်းကျင်အပူချိန် ၂၈–၃၂°C

- ကြာချိန် ၃– ၅ ရက်

**လုပ်ဆောင်မှု-**

ကျိုပြီး အရော ကို အခန်းအပူချိန်တွင် အအေးခံပြီး စဥ့်အိုးထဲသို့ထည့်ကာ အပူချိန် ၂၈–၃၂°C တွင် ၃ ရက်မှ ၅ ရက်ကြာအောင် အချဥ့်ဖောက်ခြင်း၊ စဥ့်အိုးများအား ဖုံးအုပ်၍ စိမ်ရည်ကျအောင်ချပါသည်။



**ပုံ၄-၈စိမ်ရည်ဖောက်အိုးများ**

**(ဂ) Distillation (Pot Still)**

**အချက်အလက်**

- Pot Still – Traditional
- Batch Volume – 150–200 L
- Distillation Time – 3–5 နာရီ
- Output – 200 L/day

**လုပ်ဆောင်မှု-**

စဥ့်အိုးမှ ဖောက်ပြီး စိမ်ရည် (mash) ကို Pot Still ထဲထည့်ကာ အပူပေးသည်။ ချက်ပြီး အငွေ့(vapor) ကို condenser ဖြင့် အရက်သန့် (liquid alcohol) အဖြစ်ပြန်ထုတ်ပါသည်။




**ပုံ ၄-၉စက်ရုံတွင်တပ်ဆင်ထားသော Pot Still ပေါင်းခံအိုး**

### (ဃ) သန့်ရှင်းမှု (Sanitation)

Mashing pot, စဥ့်အိုးများ၊ Pot Still နှင့် condenser ကို နှစ်ပတ်တစ်ကြိမ် သန့်ရှင်းရေးပြုလုပ်ပေးသည်။ Alcohol residue မကျန်စေရန် တိုက်ချွတ်ဆေးကြောခြင်း နှင့် ရေနွေးဖြင့်ဆေးကြောခြင်း (brushing & hot rinse) ပြုလုပ်ပါသည်။

### (င) Quality Control (အရည်အသွေးစစ်ခြင်း)

- Alcohol % (ABV): Hydrometer ဖြင့်စစ် (target: 20–35%)ရှိ အရက်သန့်
- Methanol presence: Heads cut ဖြင့် ကြိုတင်ဖြတ်တောက်ခြင်း
- အနံ့/အရသာ (Odor/Clarity Check): Traditional organoleptic testing

### (စ) ထုတ်ကုန်သိုလှောင်ခြင်း (Storage)

စည်ပိုင်း (HDPE drums) ထဲသိုလှောင်ထားရှိသည်။ တစ်လီတာ ဘူးအဖြစ်ထုတ်ကုန်ပြုလုပ်ပါသည်။



**ပုံ ၄-၁၀ ကုန်ချောအရက်သန့်နမူနာပုံများ**

### ၄.၉။ စီမံကိန်းဆိုင်ရာအရင်းအမြစ်

### ၄.၉.၁။ အလုပ်ချိန်နှင့်ဝန်ထမ်းအင်အား

စီမံကိန်းစက်ရုံ၏ ပုံမှန်အလုပ်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့လျှင်အဆိုင်း (၁)ဆိုင်းဖြင့် လည်ပတ်သွားမည်ဖြစ်ပါသည်။ အလုပ်ချိန်မှာနံနက် ၈:၃၀မှ ညနေ ၅:၃၀ အထိဖြစ်ပြီး အချိန်ပိုအနေဖြင့် ရံဖန်ရံခါ စနေနေ့များတွင် (နံနက် ၈:၃၀မှ ညနေ ၁၂:၃၀) အထိ ဖြစ်ပါသည်။ တနင်္ဂနွေနေ့နှင့် အများပြည်သူအားလပ်ရက်များသည် ပိတ်ရက်များဖြစ်ပြီး တစ်နှစ်လျှင် (စက်လည်ပတ်ရက်) အလုပ်လုပ်ရက်ပေါင်း ၂၄၀ ရက်ခန့်ရှိမည်ဖြစ်ပါသည်။ စီမံကိန်းစက်ရုံ လည်ပတ်ရန် အတွက် ဝန်ထမ်းဦးရေမှာ ၇ ဦးဖြစ်ပြီး ဝန်ထမ်းစာရင်းကို ဇယား (၄.၄) တွင်ဖော်ပြထား ပါသည်။

**ဇယား ၄-၄ ဝန်ထမ်းလုပ်သားစာရင်း**

| စဉ် | အလုပ်နေရာ | ဦးရေ |
|---|---|---|
| ၁. | စက်ရုံမန်နေဂျာ | ၁ |
| ၂. | စာရင်းကိုင် | ၁ |
| ၃. | ကြီးကြပ်ရေးမှူး | ၁ |
| ၄. | အထွေထွေလုပ်သား | ၄ |
| | စုစုပေါင်း | ၇ |

### ၄.၉.၂။ စွမ်းအင်

လျှပ်စစ်သုံးစွဲမှု- စက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ရယူသုံးစွဲမည်ဖြစ်ပြီး ပျမ်းမျှလျှပ်စစ် လိုအပ်မှုမှာ ၁၅ KW ခန့် ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားပျက်တောက်ချိန်အတွက် မီးစက် (315 kVA) အားထားရှိ၍ အသုံးပြုပါသည်။



ပုံ ၄-၁၁ထရန်ဖော်မာ

### ၄.၉.၃။ ရေအရင်းအမြစ်နှင့်သုံးစွဲမှု

စက်ရုံအတွက်လိုအပ်သော ရေကို ဝင်းအတွင်း ပေ ၁၄၀ အနက်ရှိ အဝိစိတွင်းမှ ၂ လက်မ (အချင်း) ပိုက်ကို တပ်ဆင်၍ ထုတ်ယူအသုံးပြုပါသည်။ ၎င်းမှ ဂါလံ ၁၇၀၀၀ ခန့် ဆံ့သည့် အုတ်ရေကန် နှစ်ကန် တွင် သိုလှောင်ထား၍ စက်ရုံအတွက် အသုံးပြုပါသည်။ ရေသုံးစွဲမှုအနေဖြင့် တစ်ရက်လျှင် ဂါလံ ၃၅၀ခန့် အသုံးပြုပြီး တစ်နှစ်လျှင် ဂါလံ ၈၀,၀၀၀ ခန့်ရှိပါသည်။ သောက်သုံးရေမှာ တစ်ရက်လျှင် ၃၀ လီတာခန့် သုံးစွဲပြီး ပြင်ပသောက်ရေသန့်လုပ်ငန်းမှ မှာယူသုံးစွဲပါသည်။

**ဇယား၄-၅ စက်ရုံတွင် နေ့စဉ်ရေသုံးစွဲမှုခန့်မှန်းပမာဏ**

| စဉ် | အသုံးပြုနေရာ | သုံးစွဲပမာဏ (gallon/day) |
|---|---|---|
| ၁ | လုပ်ငန်းသုံးရေ | ၂၀၀ |
| ၂ | အထွေထွေသုံးရေ | ၁၂၀ |
| | စုစုပေါင်း | ၃၅၀ |

## ၄.၁၀။ စွန့်ပစ်ပစ္စည်း

### ၄.၁၀.၁။ အစိုင်အခဲစွန့်ပစ်ပစ္စည်း

အဆိုပြုစီမံကိန်း လည်ပတ်စဉ် စက်ရုံလုပ်ငန်းခွင်မှ ထွက်ရှိနိုင်သော စွန့်ပစ်ပစ္စည်းများကို ထုတ်လုပ်ရေးလုပ်ငန်းမှထွက်ရှိသော စွန့်ပစ် ပစ္စည်းများနှင့် ဝန်ထမ်းလုပ်သားများ အသုံးပြုရာမှ ထွက်ရှိသည့်စွန့်ပစ်အမှိုက်များဟူ၍ (၂) မျိုးထွက်ရှိမည်ဖြစ်ပါသည်။ ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ထွက်ရှိသောစွန့်ပစ်ပစ္စည်းများမှာ အရက်ချက်လုပ်ငန်းစဉ်မှ ဘေးထွက်ပစ္စည်းများဖြစ်သော အစာဖတ် တစ်နှစ်လျှင် (၂၄,၀၀၀)ကီလိုဂရမ်ခန့် ထွက်ရှိပြီး ၎င်းတို့ကို တိရစ္ဆာန်အစာအဖြစ် မွေးမြူရေးလုပ်ငန်း များထံ ရောင်းချပါသည်။အခြားထုတ်ပိုးအိတ်ခွံများ၊ ဘူးခွံ နှင့် ထုတ်ပိုးပစ္စည်းများအား လုပ်ငန်း များတွင် ပြန်လည်အသုံးပြု၍ လည်းကောင်း အခြားအသုံးပြုသူများထံ ပြန်လည်ရောင်းချသွားမည် ဖြစ်ပါသည်။

စက်ရုံရှိ ဝန်ထမ်းလုပ်သား (၇)ဦး၏ တစ်နေ့အမှိုက် စွန့်ပစ်မှုနှုန်းမှာ (၃) ကီလိုဂရမ်ခန့်ရှိမည်ဖြစ်ပါသည်။ အဆိုပါ လူသုံးနှင့် အခြားသော ရုံးနှင့် အထွေထွေအမှိုက် စွန့်ပစ်ပစ္စည်းများအား အမှိုက်စို၊ အမှိုက်ခြောက် အမျိုးအစားခွဲခြား၍ အမှိုက်ပုံးများထားရှိ စွန့်ပစ်စေမည်ဖြစ်ပါသည်။ စက်ရုံ အတွင်း သတ်မှတ်နေရာများအလိုက် ယာယီအမှိုက်ပုံးများ ထားရှိစွန့်ပစ်စေ၍ အမှိုက်ပမာဏများလာသည့် အချိန်တွင်မြို့နယ်စည်ပင်အမှိုက်ကားကိုခေါ်ယူ၍ စွန့်ပစ်ပါသည်။




ပုံ ၄-၁၂အစာဖတ်ထွက်ရှိပုံနှင့် သိမ်းဆည်းထားရှိပုံ

### ၄.၁၀.၂။ အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း

စက်ရုံမှထွက်ရှိသော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများဖြစ်သည့် သုံးစွဲပြီး ပုလင်းခွံများ၊ မီးသီး၊ မီးချောင်းကဲ့သို့သော လျှပ်စစ်ပစ္စည်းအဟောင်းများအား သီးခြားသတ်မှတ် သိမ်းဆည်း၍ ၎င်းတို့အားစွန့်ပစ်ရာတွင် မြို့နယ်စည်ပင်သာယာနှင့် ချိတ်ဆက်၍ စွန့်ပစ်သွားမည် ဖြစ်ပါသည်။

## ၄.၁၀.၃။ စွန့်ပစ်ရေ

ဆားမလောက်အရက်ချက်စက်ရုံ၏ အရက်ချက်ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ pot still နည်းကို အသုံးပြုသဖြင့် လုပ်ငန်းဆိုင်ရာ ရေဆိုး (Effluent)များ ထွက်ရှိခြင်းမရှိပါ၊ လုပ်ငန်းဆိုင်ရာ ဆေးကြောရေ နှင့် အလုပ်သမားများ၏ တစ်ကိုယ်ရေသုံးဆေးကြောရေများ ထွက်ရှိမည်ဖြစ်ပါသည်။ မိလ္လာကန် (Septic tank) များကိုလည်း လုံလောက်စွာ စနစ်တကျ တည်ဆောက်သွားမည်ဖြစ်ပါသည်။

နေ့စဉ်စွန့်ထုတ်ရေထွက်ရှိမှုခန့်မှန်းပမာဏ

| စဉ် | စွန့်ထုန်ရေထွက်ရှိနေရာ | ပမာဏ (gallon/day) |
|---|---|---|
| ၁ | လုပ်ငန်းသုံး (ဆေးကြောရေ၊ ပေါင်းအိုးအအေးခံရေ) | ၅၀ |
| ၂ | ရုံးလုပ်ငန်းနှင့်လုပ်သားသုံး (Toilet, Domastic use) | ၇၀ |
| | စုစုပေါင်း | ၁၂၀ |

စက်ရုံမှ လုပ်သားဆေးကြောရေများအား မိလ္လာကန် (Septic tank) အတွင်းသို့လည်းကောင်း၊ လုပ်ငန်းဆိုင်ရာနှင့် အခြားဆေးကြောရေများအား စီမံကိန်း၏ အနောက်အရပ်တွင်ရှိသော ရေမြောင်း အတွင်းသို့စွန့်ပစ်မည်ဖြစ်ပါသည်။

## ၄.၁၁။ မီးဘေးအန္တရာယ်ကာကွယ်ရေး

အဆိုပြုစက်ရုံလုပ်ငန်းများဆောင်ရွက်ရာတွင် မီးဘေးကာကွယ်ရေးအတွက် စက်ရုံ၏ အဆောက်အဦ အတွင်းရှိ လုပ်ငန်းဧရိယာ အထူးသဖြင့် ထုတ်လုပ်မှုပြုလုပ်သည့် ဧရိယာတွင် အရေးပေါ် မီးဘေးကာကွယ်မှုအတွက် မီးသတ်ဆေးဗူးများကို မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် အတိုင်းအလုံအလောက် အဆင်သင့်ထားရှိပါသည်။ ဂါလံ ၄၃၀၀၀ ဆန့် အုတ်ရေကန် တစ်ကန်အား မီးသတ်ရေလှောင်ကန်အဖြစ်ထားရှိပါသည်။ လုပ်ငန်းဆောင်ရွက်မည့် ဧရိယာတွင် မီးပေါ့ဆမှု မဖြစ်ပေါ် စေရန်အတွက် အသိပညာပေးခြင်း၊ အရေးပေါ်မီးဘေးအန္တရာယ်ကာကွယ်မှု အတွက် လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်းကိုလည်း ဆောင်ရွက်ထားပါသည်။ လုပ်ငန်းခွင်နှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ် သောက်ခြင်းမပြုရန် စည်းကမ်းချက်များ ချမှတ်ဆောင်ရွက်ထားပြီး လျှပ်စစ်နှင့်ပတ်သက်၍ မီးဘေးအန္တရာယ် မဖြစ်ပေါ်အောင်လည်း ဆောင်ရွက်ထားပါသည်။



ပုံ ၄-၁၃မီးသတ်ဆေးဘူးများထားရှိပုံ

## ၅။ လက်ရှိပတ်ဝန်းကျင်အကြောင်းအရာ

ဤအခန်းတွင် စီမံကိန်းနှင့်သက်ဆိုင်သည့် လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အခြေအနေများကို ရရှိထားသည့် အခြေခံအချက်အလက်များ (Secondary baseline information) ကို အထွေထွေအုပ်ချုပ်ရေးရုံးမှ ပြုစု တင်ပြထားသော ညောင်တုန်းမြို့နယ် ဒေသဆိုင်ရာ အချက်အလက်များစာအုပ်မှ ကိုးကားထုတ်နုတ်ထားပါသည်။ စီမံကိန်းဧရိယာအတွင်းရှိ မူလအခြေခံအချက်အလက်များဖြစ်သော လေအရည်အသွေး၊ ဆူညံမှု၊ ရေအရည်သွေးများကို ကွင်းဆင်းတိုင်းတာခြင်းနှင့် နမူနာကောက်ခံကာ လိုအပ်သည့် စစ်ဆေးမှုများကို သက်ဆိုင်ရာ ဓာတ်ခွဲခန်းအသီးသီးတွင် စမ်းသပ်စစ်ဆေးစေခြင်းဖြင့် ရရှိပါသည်။

### ၅.၁။ လေ့လာမည့်နယ်နိမိတ်သတ်မှတ်ခြင်း

စီမံကိန်းဧရိယာဆိုသည်မှာ အဆိုပြုထားသည့် စီမံကိန်းကို အကောင်အထည်ဖော်မည့် နေရာဖြစ်ပါသည်။ စီမံကိန်းဧရိယာသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်အတွင်းတွင်တည်ရှိပါသည်။ စီမံကိန်း၏ လေ့လာမည့်နယ်နိမိတ်ကို သတ်မှတ်ရာတွင် စီမံကိန်းဧရိယာ၏ လက်ရှိသဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများကို ကောင်းမွန်စွာနားလည်နိုင်ရန်၊ အဆိုပြုစီမံကိန်း အကောင်ထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များ ကိုဖော်ပြနိုင်ရန် လုံလောက်သော ဧရိယာအဝန်းအဝိုင်းဖြစ်ရန်လိုအပ်ပါသည်။ စီမံကိန်း၏ခြေရာ (Project footprint)နှင့် လွှမ်းမိုးနိုင်သောဧရိယာ Area of Influence (AOI) ကိုခြုံငုံမိစေရန် စီမံကိန်းဧရိယာတဝိုက် ပထဝီမြေပြင်အားဖြင့် အနည်းဆုံး အချင်းဝက် ၅၀၀ မီတာပတ်လည်ကို လေ့လာမှုပြုလုပ်မည်ဖြစ်ပါသည်။

### ၅.၂။ ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များ

#### ၅.၂.၁။ တည်နေရာအကျယ်အဝန်း

ညောင်တုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် နှင့် ၁၇ ဒီဂရီ ၅၅ မိနစ်ကြားအရှေ့လောင်တီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ်နှင့် ၉၅ ဒီဂရီ ၅၅ မိနစ် အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၂၂.၃၀) မိုင် နှင့် တောင်မှ မြောက်သို့ (၂၃) မိုင် ရှည်လျားပါသည်။

**ဇယား ၅-၁ တည်နေရာအကျယ်အဝန်း**

| စဉ် | မြို့နယ် | မြို့ ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စုဧရိယာ စတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ညောင်တုန်း | ၂.၉၃ | ၃၄၅.၃၀ | ၃၄၈.၂၃ |

### ၅.၂.၂။ မြေမျက်နှာသွင်ပြင်နှင့် ဇလဗေဒ

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နိမိတ်ထိစပ်လျှက်ရှိပြီး၊ ထန်းတပင်မြို့နယ်နှင့် တိုက်ကြီးမြို့နယ်၊ အနောက်ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံတေးမြို့နယ်နှင့် မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့တည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ် မြေပြန့်အနေအထားဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်များ ပေါများပြီး ရောဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များ တည်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပျမ်းမျှအမြင့် (၂၀) ပေ အထက်တွင် တည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်၊ ချောင်း၊ အင်းအိုင်များ ပေါများသည့် ဒေသတစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်း လှိုင်မြစ်မှာ မြောက်မှတောင်သို့ စီးဆင်းပြီး (၁၆) မိုင် ရှည်လျားပါသည်။ ပန်းလှိုင်မြစ်မှာ အနောက်မှ အရှေ့သို့ စီးဆင်းပြီး (၁၄) မိုင် ရှည်လျားပါသည်။ မှော်ဘီချောင်း၊ ဒွန်းတပဲ့ချောင်း၊ မြောင်း တကာချောင်းတို့ လှိုင်မြစ်အတွင်းသို့ စီးဝင်ပါသည်။ မြစ်ရေများမှာ ရေချိုဖြစ်ပြီး စိုက်ပျိုးရေးနှင့် သောက်သုံးရေအဖြစ် အသုံးပြုပါသည်။

## ၅.၃။ သဘာဝပတ်ဝန်းကျင်

### ၅ .၃.၁။ မိုးလေဝသနှင့် ရာသီဥတု

စီမံကိန်းတည်ရှိရာ ညောင်တုန်းမြို့နယ်၏ မိုးလေဝသဆိုင်ရာအချက်အလက်များအား weather spark.com နှင့် worldweatherone.com တို့မှကိုးကားထားပြီး အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

ညောင်တုန်းမြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၄၅°C နှင့် အနိမ့်ဆုံးအပူချိန်မှာ ၃၈°C ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (°C) | ဆောင်းရာသီ (°C) |
| | | | | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၆ | ၁၁၂ | ၉၃.၉၂ | ၃၈ | ၁၄ |
| ၂ | ၂၀၁၇ | ၁၁၇ | ၈၉.၃၄ | ၃၅ | ၁၈ |
| ၃ | ၂၀၁၈ | ၁၀၉ | ၉၆.၄၁ | ၃၇ | ၁၈ |
| ၄ | ၂၀၁၉ | ၈၁ | ၆၃.၀၀ | ၃၉ | - |

*ပျမ်းမျှအပူချိန်*

ပူပြင်းသောရာသီသည် မတ်လ ပထမအပတ် မှ မေလ ပထမအပတ် အထိ ၂ လ ခန့် ကြာပြီး ပျမ်းမျှနေ့စဉ်အမြင့်ဆုံးအပူချိန် ၃၇°C အထက်ရှိသည်။ ညောင်တုန်းမြို့တွင် တစ်နှစ်တာ၏ အပူဆုံးလမှာ ဧပြီလဖြစ်ပြီး ပျမ်းမျှ အမြင့်ဆုံး ၃၈°C နှင့် အနိမ့်ဆုံး ၂၅°C ဖြစ်သည်။ အေးမြသောရာသီသည် ဇွန်လဆန်းပိုင်း မှ စက်တင်ဘာ လလယ်အထိ ၃ လကျော်ခန့်ကြာပြီး ပျမ်းမျှနေ့စဉ်အမြင့်ဆုံးအပူချိန် ၃၂°C အောက်တွင်ရှိသည်။ ညောင်တုန်းမြို့နယ်၏ အအေးဆုံးလမှာ ဇန်နဝါရီလဖြစ်ပြီး ပျမ်းမျှအနိမ့်ဆုံး ၁၈°C နှင့် အမြင့်ဆုံး ၃၃°C ဖြစ်သည်။ မြို့နယ်၏ လအလိုက်နှင့် နှစ်အလိုက်ပျမ်းမျှအပူချိန်ကို အောက်ပါပုံ ၅.၁ နှင့် ၅.၂ တို့တွင် ဖော်ပြထား ပါသည်။




ရင်းမြစ်- weatherspark.com

**ပုံ ၅-၁ ညောင်တုန်းမြို့နယ်၏လအလိုက်ပျမ်းမျှအပူချိန်ပြပုံ**




ရင်းမြစ်- worldweatherone.com

**ပုံ ၅-၂ ညောင်တုန်းမြို့နယ်၏နှစ်အလိုက် အပူချိန်ပြပုံ**

*မိုးရွာသွန်းမှု*

ညောင်တုန်းမြို့နယ်သည် လစဉ်မိုးရွာသွန်းမှုတွင် ၂၀၂၅ ခုနှစ်မိုးရာသီသည် ဧပြီလ ၁၈ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ ၇ လ ကျော် ကြာမြင့်ပြီး ကျန်လများတွင်လည်း မိုးအနည်းငယ်ရွာသွန်းသည်ကို တွေ့ရှိရပါသည်။ ညောင်တုန်းမြို့နယ်တွင် မိုးအများဆုံးလသည် ဇူလိုင်လဖြစ်ပြီး ၃၀ ရက်တာရွာသွန်း၍ ပျမ်းမျှမိုးရေချိန် ၁၁၂ မီလီမီတာရှိသည်။

တစ်နှစ်တာ မိုးနည်းသောကာလသည် နိုဝင်ဘာ ၂၈ ရက်မှ ဧပြီ ၁၈ ရက်အထိ ၅ လ ခန့်ကြာမြင့်သည်။ ညောင်တုန်းမြို့တွင် မိုးအနည်းဆုံးလမှာ ဖေဖော်ဝါရီလဖြစ်ပြီး ပျမ်းမျှမိုးရေချိန် ၃ မီလီမီတာ ရှိသည်။




ရင်းမြစ်- weatherspark.com

**ပုံ ၅-၃ ညောင်တုန်းမြို့နယ်၏ လအလိုက်ပျမ်းမျှမိုးရေချိန်ပြပုံ**

လများအတွင်း ကွဲပြားမှုကိုပြသရန် လစဉ်စုစုပေါင်းများသာမက၊ နှစ်စဉ်နှစ်တိုင်း၏နေ့ရက်တိုင်းကို ဗဟိုပြု၍ လျှော့ကျနေသော ၃၁ ရက်တာကာလအတွင်း စုဆောင်းရရှိသောမိုးရေချိန်ကိုအောက်ပါပုံ ၅.၄ တွင်ဖော်ပြထားပါသည်။




ရင်းမြစ်- worldweatherone.com

**ပုံ ၅-၄ ညောင်တုန်းမြို့နယ်၏နှစ်အလိုက်မိုးရေချိန်ပြပုံ**

**၅.၃.၂။ ဂေဟဗေဒဝန်းကျင်**

**(က) သဘာဝပေါက်ပင်များ**

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ် မြေနုကျွန်း မြေမျိုးဖြစ်သဖြင့် ရတနာတန်းဝင်ဖြစ်သည့် သစ်မာအုပ်စု (၁/၂/၃) အပင်များ ပေါက်ရောက်နိုင်ခြင်းမရှိဘဲ ကုက္ကိုလ်၊ ပျဉ်းမ၊ လက်ပံ၊ ဝါး၊ စစ်ပင်များ ပေါက်ရောက်ပါသည်။

**(ခ) တောရိုင်းတိရစ္ဆာန်များ**

ညောင်တုန်းမြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များ မရှိဘဲ အိမ်မွေး တိရစ္ဆာန်များသာ မွေးမြူထားပါသည်။

**(ဂ) သဘာဝပတ်ဝန်းကျင် အခြေအနေ**

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ် မြေနုကျွန်း မြေမျိုးဖြစ်သဖြင့် ရေတိုက်စားမှု ကြုံတွေ့နေရသော မြို့နယ်ဖြစ်ပါသည်။ မြစ်ရေတိုက်စားမှုကြောင့် ပန်းလှိုင်မြစ်ကမ်းဘေးရှိ ရပ်ကွက်

(၆) ခုတို့မှ လူနေအိမ်ခြေ အဆောက်အဦများမှာ ကမ်းပြို ကမ်းစားဒဏ် ခံခဲ့ရသဖြင့် ညောင်တုန်းမြို့အား တိုးချဲ့ရပ်ကွက် ဖော်ထုတ်၍ လူနေအိမ်ခြေနှင့် အဆောက်အဦနေရာများ ချထားပေးခဲ့ရပါသည်။ ညောင်တုန်းမြို့နယ်တွင် အင်း(၉၄) အင်းရှိပြီး (၁)အင်းမှာ မိုးဟုတ်တာကျင်း အင်းဖြစ်ပြီး ဘေးမဲ့ပေးခဲ့သောကြောင့် လျော့နည်းသွားသဖြင့် လက်ရှိ (၉၃) အင်းရှိပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

ညောင်တုန်းမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျွန်း (၄၀၀၀)ပင်၊ ယူကလစ် (၂၀၀၀)၊ ကျေးရွာ ပိုင် (၁) ဧက စိုက်ခင်း၊ အောရေးရှား (၁၉၀၀)၊ လမ်းဘေးဝဲယာ ကျွန်း (၅၀၀၀)၊မဟော်ဂနီ(၇၉၀)ပင်၊ပေါက်ပန်းဖြူ(၁၀၉)ပင်၊ မဲဇလီ(၃၃၆)ပင်၊ သစ်ပင်စိုက်ပွဲတော်များတွင် ကျွန်း (၄၀၀၀)၊ ယူကလစ် (၂၀၀၀)၊ အော်ရေးရှား (၁၉၀၀)၊ မဟော်ဂနီ (၂၀၀၀) ပင်၊ပုဂ္ဂလိကတစ်နိုင်တပိုင်စိုက်ပျိုးခြင်းတွင် ကျွန်း (၅၂၈)၊ ယူကလစ် (၃၇၄)၊ အော်ရေးရှား (၄၀၀)၊ မဟော်ဂနီ (၁၀၇၅)ပင်၊ စုစုပေါင်းအပင် (၂၆၄၁၂)အား စိုက်ပျိုးထားရှိပြီးဖြစ်ပါသည်။

**(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအချက်များ**

ညောင်တုန်းမြို့နယ်သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ကမ်း နံဘေးတွင် တည်ရှိပြီး စိုးရိမ်ရေအမှတ်မှာ (၂၂.၅၀) ပေဖြစ်ပြီး အန္တရာယ် ရေအမှတ်မှာ (၂၅)ပေဖြစ်သဖြင့် နှစ်စဉ် မြစ်ရေ ကြီးမြင့်မှု ဒဏ်မှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်နေရသော မြို့နယ်ဖြစ်ပါသည်။

ညောင်တုန်းမြို့နယ်အတွင်း သဘာဝဘေး အန္တရာယ်ကျရောက်မှု အခြေအနေနှင့်ပတ်သက်၍ အောက်ပါဇယားတွင် တင်ပြထားပါသည်။

**ဇယား ၅-၂ ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ်ပြဇယား**

| စဉ် | အမျိုးအစား | ဖြစ်ပွားကြိမ် | သေ/ပျောက်ဦးရေ | အဆောက်အဦပျက်စီးမှု (လူနေအိမ်) | ဆုံးရှုံးမှုတန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မုန်တိုင်းဘေး | ၂၀ | - | ၂၂၉ | ၄၉.၄၅ |
| ၂ | ဆူနာမီဘေး | - | - | - | - |
| ၃ | ငလျင်ဘေး | - | - | - | - |
| ၄ | ရေဘေး (ကမ်းပြို) | ၁၁ | - | ၅၁ | ၁၁၀.၆၆ |

| | | | | | |
|---|---|---|---|---|---|
| ၅ | မီးဘေး | ၂ | - | ၂ | ၁.၈၂ |
| ပေါင်း | | ၃၃ | - | ၂၈၂ | ၁၆၁.၉၃ |

## ၅.၄။ လူမှုစီးပွားပတ်ဝန်းကျင်

*လူဦးရေနှင့်အိမ်ခြေ*

ညောင်တုန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၄၄ အုပ်စုနှင့် ကျေးရွာ ၃၀၈ ရွာရှိပြီး မြို့ပြဒေသတွင် ရပ်ကွက်ပေါင်း ၁၀ ခုရှိသည်။ ၂၀၁၉ ခုနှစ် နောက်ပိုင်း တစ်မြို့နယ်လုံးတွင် အိမ်ထောင်စုပေါင်း ၄၁,၇၇၀ အိမ်ထောင်စုရှိပြီး မြို့နယ်၏ လူဦးရေ စုစုပေါင်းမှာ ၂၀၂,၉၀၄ ဦးခန့်ရှိပါသည်။ တစ်မြို့နယ်လုံးတွင် အိမ်ထောင်စုပေါင်း ၄၇,၂၃၂ အိမ်ထောင်စုရှိပြီး ကျေးလက်တွင် ၄၁,၇၇၀ အိမ်ထောင်စုနှင့် မြို့ပြတွင် ၅,၄၆၂ အိမ်ထောင်စုရှိပါသည်။ မြို့နယ်၏ လူဦးရေ စုစုပေါင်းမှာ ၁၉၉,၂၂၇ ဦးခန့်ရှိပါသည်။

*စီးပွားရေး*

ညောင်တုန်းမြို့နယ်သည် ဧရာဝတီတိုင်းအတွင်း စီးပွားရေးအရ အချက်အချာကျပြီး ဖွံ့ဖြိုးတိုးတက်သော မြို့နယ် တစ်ခု ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အဓိက ထွက်ကုန်များမှာ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရာသီကုန် သီးနှံဟင်းသီးဟင်းရွက်များ၊ ငါး၊ ငါးပိ၊ ငါးခြောက်တို့ ထွက်ရှိပါသည်။

*ပညာရေးအခြေအနေ*

ပညာရေးဆိုင်ရာ အချက်အလက်များအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း (၁၁) ကျောင်း၊ အထက်တန်းကျောင်းခွဲ (၉) ကျောင်း၊ အလယ်တန်းကျောင်း (၅) ကျောင်း၊ အလယ်တန်းကျောင်းခွဲများ (၁၂) ကျောင်း၊ မူလတန်းလွန်ကျောင်း (၁၇) ကျောင်း၊ အမကကျောင်း (၁၅၆) ကျောင်း၊ မူလတန်းကြိုကျောင်း (၃၀) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၆) ကျောင်း စသည်တို့ ရှိပါသည်။

*လမ်းပန်းဆက်သွယ်ရေး*

ညောင်တုန်းမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ရေကြောင်းလမ်း၊ ရထားလမ်း၊ ကားလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်တစ်ခုလည်းဖြစ်ပါသည်။

## ၅.၅။ ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး

### ၅.၅.၁။ လေအရည်အသွေး

(က) တိုင်းတာသည့်နေရာနှင့်နည်းလမ်း

ပတ်ဝန်းကျင်လေထုအရည်အသွေးကို စီမံကိန်းအတွင်း (Ambient Air Quality) အတွက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့ အထိ HAZ-Scanner EPAS ဖြင့် တိုင်းတာမှုများကို ပြုလုပ်ခဲ့ပါသည်။

တိုင်းတာသည့်အမျိုးအစားများမှာ ($PM_{10}$, $PM_{2.5}$, $NO_2$, $O_3$, $SO_2$, CO, စိုထိုင်းစ၊ အပူချိန်၊ လေတိုက်နှုန်း၊ လေလားရာအရပ်) တို့ဖြစ်ပါသည်။

တိုင်းတာသည့်နည်းလမ်းအနေဖြင့် စက်ရုံဝန်းအတွင်း စဉ်ဆက်မပြတ် အလိုအလျောက် လေအရည်အသွေး တိုင်းတာရေးစက် (HAZ-Scanner EPAS) အသုံးပြု၍ တိုင်းတာခြင်းဖြစ်ပါသည်။ လေအရည်အသွေးတိုင်းတာသည့်တည်နေရာအား အောက်ပါ ဇယား ၅.၃နှင့် ပုံ ၅.၅ တို့တွင်ဖော်ပြထားပါသည်။

ဇယား ၅-၃ လေအရည်အသွေးတိုင်းတာခြင်းဆိုင်ရာဖော်ပြချက်

| စဉ် | တိုင်းတာမှတ် | တည်နေရာ | တိုင်းတာကာလ |
|---|---|---|---|
| ၁ | Ambient Air Quality (AN) | 16°59'34.79"N 95°42'35.88"E | ၂၄ နာရီ (၁၄.၂.၂၅ -၁၅.၂.၂၅) |




ပုံ ၅-၅လေအရည်အသွေးတိုင်းတာသည့်နေရာပြပုံ



ပုံ ၅-၆ လေအရည်အသွေးတိုင်းတာနေသည့်ပုံ

(ခ) လေအရည်အသွေးတိုင်းတာခြင်းရလဒ်

လေအရည်အသွေးတိုင်းတာခြင်းရလဒ်များကို တိုင်းတာအမှတ်များအလိုက် အောက်ပါဇယားများတွင် အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (NEQEG) တန်ဖိုးနှင့် နှိုင်းယှဉ် ဖော်ပြထားပါသည်။

**ဇယား ၅-၄ (Ambient Air Quality) ပတ်ဝန်းကျင်လေအရည်အသွေးတိုင်းတာခြင်းရလဒ်**

| စဉ် | အမျိုးအစား | ရလဒ် | ယူနစ် | တိုင်းတာသည့် ကာလ | NEQEG Limit (µg/m$^3$) | ပျမ်းမျှကာလ |
|---|---|---|---|---|---|---|
| | | AN | | | | |
| 1 | Particulate Matter 10 ($PM_{10}$) | ၂၇ | µg/m$^3$ | ၂၄-နာရီ | ၅၀<br>၂၀ | ၂၄-နာရီ<br>၁ နှစ် |
| ၂ | Particulate Matter 2.5 ($PM_{2.5}$) | ၁၆ | µg/m$^3$ | ၂၄-နာရီ | ၂၅<br>၁၀ | ၂၄-နာရီ<br>၁ နှစ် |
| ၃ | ဆာလဖာဒိုင်အောက်ဆိုဒ် Sulphur dioxide ($SO_2$) | ၃.၉ | µg/m$^3$ | ၂၄-နာရီ | ၂၀<br>၅၀၀ | ၂၄-နာရီ<br>၁၀ မိနစ် |
| ၄ | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် Nitrogen dioxide ($NO_2$) | ၁၇ | µg/m$^3$ | ၁-နာရီ | ၄၀<br>၂၀၀ | ၁ နှစ်<br>၁ နာရီ |
| ၅ | အိုဇုန်း Ozone ($O_3$) | ၅၃ | µg/m$^3$ | ၈-နာရီ | ၁၀၀ | ၈-နာရီ |
| ၆ | ကာဗွန်မိုနောက်ဆိုဒ် Carbon monoxide (CO) | ၀.၀၆၂ | ppm | ၂၄-နာရီ | ၉ ppm NAAQS | - |
| ၇ | အပူချိန် (Temperature) | ၂၆ | °C | ၂၄-နာရီ | - | - |
| ၈ | စိုထိုင်းစ (Humidity) | ၆၆ | % | ၂၄-နာရီ | - | - |
| | လေလားရာအရပ် Wind direction | ၁၆၇ | Deg | ၂၄-နာရီ | - | - |
| ၉ | လေတိုက်နှုန်း Wind speed | ၃.၅ | mph | ၂၄-နာရီ | - | - |

စီမံကိန်းဧရိယာအတွင်းတိုင်းတာထားသော (Ambient Air Quality) ပတ်ဝန်းကျင် လေအရည်အသွေး ရလဒ် အဖြေများမှာ NEQEG ၏ သတ်မှတ် တန်ဖိုးအတွင်း ရှိနေသည်ကိုတွေ့ရပါသည်။ NEQEG တွင် ကာဗွန်မိုနောက်ဆိုဒ် (CO)အတွက် ပြဋ္ဌာန်းထားသော လမ်းညွှန်ချက်တန်ဖိုးမပါဝင်ပါ။ ထို့ကြောင့် (CO) တိုင်းတာခြင်း ရလဒ်ကို USEPA ၏ NAAQS လမ်းညွှန် ချက်တန်ဖိုး (၉ ppm) ဖြင့် နှိုင်းယှဉ်ကြည့်ရာတွင် သတ်မှတ်တန်ဖိုးအောက်တွင်သာရှိပါသည်။

## ၅.၅.၂။ ဆူညံသံတိုင်းတာခြင်း

(က) တိုင်းတာသည့်နေရာနှင့်နည်းလမ်း

ဆူညံသံတိုင်းတာမှုကို စီမံကိန်းအတွင်း၌ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့ အထိ စက်ရုံဝန်းအတွင်းလေအရည်အသွေး တိုင်းတာသည့်နေရာအနီး၌ပင် တိုင်းတာမှတ်သားခဲ့ပါသည်။ ဆူညံသံ တိုင်းတာမှု၏ နေ့နှင့်ည ဆူညံသံတန်ဖိုးများရရှိရန် (၂၄) နာရီ စဉ်ဆက် EXTECH 407780A Sound Level Meter ကိုအသုံးပြု၍ တိုင်းတာခဲ့ပါသည်။

**ဇယား ၅-၅ ဆူညံသံတိုင်းတာသည့်နေရာအမှတ်**

| စဉ် | တိုင်းတာမှတ် | တည်နေရာ | အချိန်ကာလ |
|---|---|---|---|
| ၁ | AN | 16°59'35.07"N<br>95°42'35.76"E | ၂၄ နာရီ (၁၄.၂.၂၅ -၁၅.၂.၂၅) |




**ပုံ ၅-၇ ဆူညံသံတိုင်းတာသည့် နေရာပြပုံ**



**ပုံ ၅-၈ ဆူညံသံတိုင်းတာနေသည့်ပုံ**

(ခ) ဆူညံသံတိုင်းတာခြင်းရလဒ်

ဆူညံသံတိုင်းတာခြင်းရလဒ်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ တိုင်းတာမှုရလဒ်များအရ စက်ရုံဝန်းကျင်၏ အသံဆူညံမှုသည် NEQEG လမ်းညွှန်ချက်သတ်မှတ် တန်ဖိုးအတွင်း တည်ရှိပါသည်။

**ဇယား ၅-၆ ဆူညံသံတိုင်းတာခြင်းရလဒ်များ**

| အမှတ် | အမျိုးအစား/နေရာ | တစ်နာရီ LAeq (dBA)[a] | |
|---|---|---|---|
| | | နေ့အချိန် (07:00-22:00) (10:00-22:00 for Public holidays) | ညအချိန် (22:00-07:00) (22:00-10:00 for Public holidays) |
| AN | စီမံကိန်းနေရာ | ၅၁.၇[b] (၃၉.၂[c] – ၈၅.၉[d]) | ၄၄.၇[b] (၃၈.၇[c] – ၇၃.၉[d]) |
| NEQEG လမ်းညွှန်ချက် | စက်မှုနှင့် စီးပွားရေးဆိုင်ရာ နေရာများ | ၇၀ | ၇၀ |

a Equivalent continuous sound level in decibels, b-Avg, c -Min, d- Max




ပုံ ၅-၉ ဆူညံသံတိုင်းတာခြင်းရလဒ် (နေ့အချိန်)




ပုံ ၅-၁၀ဆူညံသံတိုင်းတာခြင်းရလဒ် (ညအချိန်)

## ၅.၅.၃။ ရေအရည်အသွေး

(က) တိုင်းတာသည့်နေရာနှင့်နည်းလမ်း

လက်ရှိ ရေအရည်အသွေးကိုသိရှိရန် စက်ရုံဝင်းအတွင်းရှိ အဝီစိတွင်းမှ ရေ (မြေအောက်ရေ) နှင့် စက်ရုံမှဆေးကြောရေ (စွန့်ပစ်ရေ)အား ရေနမူနာကောက်ယူ၍ ISO Tech Laboratory ဓာတ်ခွဲခန်းသို့ ပို့ဆောင်ပြီး လေ့လာခဲ့ပါသည်။ ရေအရည်အသွေးတိုင်းတာသည့်တည်နေရာအား အောက်ပါ ဇယား ၅.၃၇နှင့် ပုံ ၅.၁၀ တို့တွင်ဖော် ပြထားပါသည်။

**ဇယား ၅-၇ ရေအရည်အသွေးတိုင်းတာခြင်းဆိုင်ရာဖော်ပြချက်**

| အမှတ် | အမျိုးအစား | တည်နေရာ | တိုင်းတာမှုနည်းလမ်း |
|---|---|---|---|
| WS | အဝီစိတွင်းရေ | 16°59'34.87"N<br>95°42'35.96"E | ဓာတ်ခွဲခန်း သို့ပို့ဆောင် တိုင်းတာပါသည်။ |
| WW | စွန့်ပစ်ရေ | 16°59'35.91"N<br>95°42'35.51"E | |




**ပုံ ၅-၁၁ အဝီစိတွင်းရေနမူနာကောက်ယူသည့်နေရာပြပုံ**




ပုံ ၅-၁၂ စွန့်ပစ်ရေနမူနာကောက်ယူသည့်နေရာပြပုံ



ပုံ ၅-၁၃ အဝီစိတွင်းရေနမူနာကောက်ယူပုံ



**ပုံ ၅-၁၄စွန့်ပစ်ရေနမူနာကောက်ယူပုံ**

(ခ) ရေအရည်အသွေးတိုင်းတာခြင်းရလဒ်

ရေအရည်အသွေးတိုင်းတာခြင်းရလဒ်များကို အောက်ပါဇယားတွင် WHO သောက်သုံးရေ စံနှုန်း နှင့် NEQEG စံနှုန်းတန်ဖိုးများ နှင့် နှိုင်းယှဉ် ဖော်ပြထားပါသည်။

**ဇယား ၅-၈ အဝီစိတွင်းရေ အရည်အသွေးရလဒ်များ**

| စဉ် | အမျိုးအစား | ယူနစ် | ရလဒ် | WHO စံနှုန်း |
|---|---|---|---|---|
| | | | တွင်းရေ (WS) | |
| 1 | pH | S.U | 7.2 | 6.5-8.5 |
| 2 | Colour | TCU | Nil | 15 |
| 3 | Turbidity | NTU | 2 | 5 |
| 4 | Conductivity | µs/cm | 556 | - |
| 5 | Total Hardness | mg/l | 144 | 500 |
| 6 | Calcium Hardness | mg/l | 98 | - |
| 7 | Magnesium Hardness | mg/l | 46 | - |
| 8 | Total Alkalinity | mg/l | 64 | - |
| 9 | Phenolphthalein Alkalinity | mg/l | Nil | - |

| | | | | |
|---|---|---|---|---|
| 10 | Carbonate (CaC03) | mg/l | Nil | - |
| 11 | Bicarbonate (HC03) | mg/l | 64 | - |
| 12 | Iron | mg/l | 0.22 | 0.3 |
| 13 | Chloride | mg/l | 149 | 250 |
| 14 | Sodium Chloride (as NaCL) | mg/l | 246 | - |
| 15 | Sulphate (as SO4) | mg/l | 10 | 500 |
| 16 | Total Solids | mg/l | 282 | 1500 |
| 17 | Total Suspended Solids | mg/l | 4 | - |
| 18 | Total Dissolved Solids | mg/l | 278 | 1000 |
| 19 | Manganese | mg/l | 0.9 | 0.05 |
| 20 | Phosphate | mg/l | Nil | |
| 21 | Phenolphthalein acidity | mg/l | 2 | - |
| 22 | Methyl orange acidity | mg/l | Nil | - |
| 23 | Salinity | ppt | 0.2 | - |
| 24 | Temperature | °C | 25 | - |

အဝီစိတွင်းရေ၏ ဓာတ်ခွဲရလဒ်များအရ Manganese မှာ စံနှုန်းထက်ကျော်လွန်နေပြီး ကျန်တန်ဖိုးအများစုမှာ WHO ၏ သောက်သုံးရေ စံနှုန်းများ အတွင်းတွင် ရှိကြောင်းတွေ့ရှိရပါသည်။ Manganese များခြင်းမှာ မြေအောက်ရေကြော ရှိရာ သဲကြောများ၌ သံဓာတ်ပါဝင်သော ကြေမွကျောက်ကြောများရှိနေခြင်းနှင့် တိုက်ရိုက် သက်ဆိုင်ပြီး တစ်နည်းအားဖြင့် ရေကြောမှာ သံဓာတ်ရှိသော ကျောက်ကြောများနှင့် နီးစပ်ခြင်း စိမ့်ဝင်ခြင်းများခြင်းကြောင့် ဖြစ်နိုင် ပါသည်။

စွန့်ပစ်ရေ အရည်အသွေးရလဒ်များ

| စဉ် | အမျိုးအစား | ယူနစ် | ရလဒ် | NEQEG စံနှုန်း |
|---|---|---|---|---|
| | | | စွန့်ပစ်ရေ (WW) | |
| 1 | pH | S.U | 7.2 | 6-9 |
| 2 | Total Suspended Solids | mg/l | 15 | 50 |
| 3 | Phosphate | mg/l | 1.2 | |
| 4 | Nitrate | mg/l | 1.4 | |
| 5 | Biochemical Oxygen Demand (BOD) | mg/l | 10 | 50 |
| 6 | Chemical oxygen demand (COD) | mg/l | 32 | 250 |
| | Temperature | °C | 25 | ± 3 |

စွန့်ပစ်ရေ အရည်အသွေးရလဒ်များသည် NEQEG ၏ ခေါင်းစဉ်ခွဲ ၂.၃.၁.၈.ရှိ စွန့်ထုတ်အရည် သတ်မှတ်ချက် စံနှုန်းများ အတွင်းတွင် ရှိကြောင်းတွေ့ရှိရပါသည်။

### ၅.၅.၄။ မြေဆီလွှာအရည်အသွေး

(က) တိုင်းတာသည့်နေရာနှင့်နည်းလမ်း

မူလမြေဆီလွှာအရည်အသွေးအား သိရှိနိုင်ရန်အတွက် စီမံကိန်းဧရိယာအတွင်းမှ မြေနမူနာကောက်ယူ၍ ရန်ကုန်မြို့၊ စိုက်ပျိုးရေးဦးစီးဌာန (မြေအသုံးချရေးဌာနခွဲ) သို့ ပို့ဆောင် တိုင်းတာခဲ့ပါသည်။

**ဇယား ၅-၉ မြေအရည်အသွေးတိုင်းတာခြင်းဆိုင်ရာဖော်ပြချက်**

| အမှတ် | အမျိုးအစား | တည်နေရာ | တိုင်းတာမှုနည်းလမ်း |
|---|---|---|---|
| SSP | စီမံကိန်းရှိမူလမြေ | 16°59'33.50"N<br>95°42'35.25"E | ဓာတ်ခွဲခန်း သို့ပို့ဆောင် တိုင်းတာပါသည်။ |




**ပုံ ၅-၁၅မြေနမူနာကောက်ယူသည့်နေရာဖော်ပြပုံ**

(ခ) မြေအရည်အသွေးတိုင်းတာခြင်းရလဒ်

တိုင်းတာရရှိသော မြေဆီလွှာအရည်အသွေးတိုင်းတာမှုရလဒ်များကို အောက်ပါဇယားများတွင် ဖော်ပြထားပါသည်။ (ဓာတ်ခွဲခန်း ရလဒ်အား နောက်ဆက်တွဲ (ဂ)တွင်ဖော်ပြထားပါသည်)

**ဇယား ၅-၁၀ မြေဆီလွှာရလဒ် (Analytical Data)**

| Sr No. | Sample | Mois ture % | pH Soil : Water 1: 2.5 | EC S:W 1:5 (mS/cm) | Texture | | | | Organic Carbon % | Organic Matter % | Total N % |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | San d % | Silt % | Clay % | Total % | | | |
| 1 | Soil | 3.63 | 7.52 | 0.2 | 66.3 | 26.8 8 | 6.82 | 100 | 1.263 | 2.177 | 0.109 |

| Exchangeable Cations meq/100gm | Available Nutrients | |
|---|---|---|
| $K^+$ | P ppm (O) | $K_2O$ mg/100gm |
| 0.47 | 29.49 | 21.81 |

**ဇယား ၅-၁၁ မြေဆီလွှာရလဒ် (Interpretation)**

| Sr No. | Sample plot | pH | EC | Texture | Organic Matter | Total N | Available Nutrients | |
|---|---|---|---|---|---|---|---|---|
| | | | | | | | P | $K_2O$ |
| 1 | Soil | Slightly Alkaline | Low | Sandy Loam | Medium | Low | Very High | High |



ပုံ ၅-၁၆ မြေနမူနာကောက်ယူနေပုံ

## ၆။ ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့် လျှော့နည်းစေရေးနည်းလမ်းများ

### ၆.၁။ သက်ရောက်မှု အကဲဖြတ်မှု နည်းစနစ်

အဆိုပြုစီမံကိန်းဖော်ဆောင်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အလားအလာရှိသော အကျိုးသက်ရောက်မှုများကိုအကဲဖြတ်မှုနည်းစနစ်အသုံးပြု၍ ဆန်းစစ်ထားခြင်း ဖြစ်ပါသည်။ အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်း အတွက်အသုံးပြုသည့်နည်းစနစ်သည် ကနေဒါပတ်ဝန်းကျင် အကဲဖြတ်ခြင်းအေဂျင်စီ (Canadian Environmental Assessment Agency, 1990)၊ ကမ္ဘာ့ဘဏ် (World Bank, 1991) နှင့် နိုင်ငံတကာဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation) (ဒီဇင်ဘာ 1998) မှ အကြံပြုထားသော အကျိုးသက်ရောက်မှုအကဲဖြတ်ခြင်း နည်းစနစ် နည်းလမ်းများမှ ဆီလျော်အောင် ပြုလုပ်၍ကိုးကားထားပါသည်။

အဆိုပြုစီမံကိန်း အကောင်အထည်ဖော်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော အလားအလာရှိသော အနုတ်လက္ခဏာ သို့မဟုတ် အပြုသဘောဆောင်သော သက်ရောက်မှုများကို အမျိုးမျိုးသော စီမံကိန်းဆိုင်ရာလှုပ်ရှားမှုများအကြား အပြန်အလှန်အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစား သုံးသပ်ခြင်းဖြင့် သက်ရောက်မှုရှိသော သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးဆိုင်ရာ အစိတ်အပိုင်းများကို ဖော်ထုတ်ထားတင်ပြထားပါသည်။

လေ၊ ရေ၊ မြေ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားများအပါအဝင် စက်ရုံ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို အကဲဖြတ်ရန် အောက်ပါနည်းစနစ်ကို အသုံးပြုထားပါသည်။ သက်ရောက်မှု အရင်းအမြစ်တစ်ခုစီကို ပြင်းအားပမာဏ (Magnitude)၊ ကြာချိန်ကာလ (Duration)၊ နယ်ပယ် အတိုင်းအတာ (Extent)နှင့် ဖြစ်နိုင်ခြေ ကြိမ်နှုန်း (Probability) များကဲ့သို့သော ဘောင်လေးခုဖြင့် အကဲဖြတ်ထားပြီး အကဲဖြတ်သည့်အချက်တစ်ခုစီတွင် ဇယား ၆.၁ တွင်ဖော်ပြထားသည့်အတိုင်း အတိုင်းအတာ စကေး ၅ ခုဖြင့်ခွဲခြားသတ်မှတ်ထားပါသည်။

ဇယား ၆-၁ ထိခိုက်သက်ရောက်မှုများကို ဆန်းစစ်ခြင်း

| အကဲဖြတ် နည်းလမ်း | အတိုင်းအတာများ | | | | |
|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ |
| ပမာဏ Magnitude (M) | အလွန်နည်း (သိသာထင်ရှားသော ထိခိုက်မှုမရှိ) | အနည်းငယ် ထိခိုက်မှုနှင့် ပတ်ဝန်းကျင် ပေါ်သက် ရောက်မှုမရှိ | အလယ်အလတ် နှင့်ပတ်ဝန်းကျင် ပေါ်သက်ရောက် မှုအနည်းငယ်ရှိ | အမြင့်နှင့် ပတ်ဝန်းကျင်ပေါ် သိသာသော သက်ရောက်မှုရှိ | အလွန်မြင့်နှင့် ပတ်ဝန်းကျင်ကို ရေရှည် ပြောင်း လဲစေခြင်း |
| ကြာမြင့်ချိန် Duration (D) | ၀-၁ နှစ် ခဏတာ | ၂-၅ နှစ် ကာလတို | ၆-၁၅ နှစ် ကာလလတ် | ၁၅ နှစ် အထက် ကာလရှည် | အမြဲတမ်း |

| အတိုင်းအတာ Extent (E) | စီမံကိန်းဧရိယာအတွင်း | ဒေသန္တရအတွင်း | ဒေသအတွင်း | နိုင်ငံအတွင်း | နိုင်ငံရပ်ခြား |
|---|---|---|---|---|---|
| ကြိမ်နှုန်း Probability (P) | လုံးဝဖြစ်နိုင်ချေမရှိခြင်း | ဖြစ်နိုင်ချေမရှိခြင်း | ဖြစ်နိုင်ခြင်း | ဖြစ်နိုင်ချေများခြင်း | အတိအကျဖြစ်နိုင်ခြင်း |

### ၆.၁.၁။ ထိခိုက်သက်ရောက်မှုအဆင့်

သိသာထင်ရှားသောအမှတ် (Significant Point) ကို အောက်ပါပုံသေနည်းဖြင့်တွက်ချက်ပါသည်။

**သိသာထင်ရှားသောသက်ရောက်မှု (SP)= (ပမာဏ+ကြာမြင့်ချိန်+အတိုင်းအတာ)x ကြိမ်နှုန်း**

အထက်ပါအတိုင်းတွက်ချက်ရရှိမှုကို အခြေခံ၍ သိသာထင်ရှားသောသက်ရောက်မှုကို အောက်ပါအတိုင်း အဆင့်သတ်မှတ် ခွဲခြားထားပါသည်။

ဇယား ၆-၂ သက်ရောက်မှု၏ သိသာထင်ရှားမှု

| **သိသာထင်ရှားသောသက်ရောက်မှု (SP)** | **သက်ရောက်မှုအဆင့်** |
|---|---|
| ၁၅ အောက် | အလွန်နည်း (သို့) သက်ရောက်မှုမရှိ |
| ၁၅-၂၉ | နည်း |
| ၃၀-၄၄ | အလယ်အလတ် |
| ၄၅-၅၉ | မြင့် |
| ၆၀နှင့်အထက် | အလွန်မြင့် |

### ၆.၁.၂။ ထိခိုက်မှုလျော့ပါးရေးနည်းလမ်း

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ သက်ရောက်မှုအကဲဖြတ်မှုမှ ဖြစ်ပေါ်လာနိုင်ချေရှိသော သက်ရောက်မှုများကို ခွဲခြားသတ်မှတ်ထားရာ၊ လျော့ပါးရေးအစီအမံများ (ရှောင်ရှားမှု၊ စီမံခန့်ခွဲမှုနှင့် စောင့်ကြည့်ရေးအစီအစဉ်များအပါအဝင်) ကို ဖော်ထုတ်အသုံးပြုပါသည်။ ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ပြီး နောက်တဆင့်မှာ သက်ရောက်မှုကို ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် နည်းလမ်းများရှာဖွေရန်ဖြစ်ပါသည်။

"ဒီဇိုင်းထိန်းချုပ်မှုများ" နှင့် "လျော့နည်းစေရေးအစီအမံများ" ခွဲခြားသတ်မှတ်ခြင်းလုပ်ငန်းစဉ်သည် IFC PS1 ၏ လျော့ပါးစေရေးဆိုင်ရာ အတန်းအဆင့် (ပုံ၆.၁) တွင်ဖော်ပြထားသည့်အတိုင်း ထည့်သွင်းစဉ်းစားပြီး ထိခိုက်သက်ရောက်မှုများကို စီမံခန့်ခွဲရန် လျော့ပါးရေးအစီအမံများအား ဖော်ထုတ်အသုံးပြုထားပါသည်။




**ပုံ ၆-၁ လျှော့ပါးစေရေးဆိုင်ရာ အတန်းအဆင့်**

## ၆.၂။ ထိခိုက်မှုနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်ခြေဆန်းစစ်ခြင်းနှင့် လျှော့ချခြင်းအစီအမံများ

အဆိုပြုစီမံကိန်းကြောင့် စီမံကိန်းဧရိယာတွင် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်သက်ရောက်မှုများကို ဖေါ်ထုတ်ရန် စီမံကိန်းဖော်ဆောင်မှု (တည်ဆောက်ခြင်း၊ လည်ပတ်ခြင်း နှင့် ပိတ်သိမ်းခြင်း) ကာလများအလိုက် လုပ်ငန်းစဉ်များကို သက်ရောက်ခံ ပတ်ဝန်းကျင်နှင့် ချိတ်ဆက်ကာ အကဲဖြတ်တိုင်းတာဆန်းစစ်ခြင်းကိုပြုလုပ်ခဲ့ပါသည်။

### ၆.၂.၁။ စီမံကိန်းတည်ဆောက်ရေးကာလအတွင်းထိခိုက်မှုများ

ဆားမလောက်အရက်ချက်စက်ရုံ၏ အရက်ချက်ထုတ်လုပ်ခြင်း လုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ် အတွင်း တည်ရှိပါသည်။ ယခုလက်ရှိတွင်အဆိုပါလုပ်ငန်း ဖော်ဆောင်ရန် စက်ရုံ အဆောက်ဦတည်ဆောက်ပြီးစီး၍ အရက်ချက်လုပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပြုစီမံကိန်း၏ တည်ဆောက်ရေးကာလ အတွင်း ဖြစ်ပေါ်နိုင်သော ထိခိုက် သက်ရောက်မှုများအား ဆန်းစစ်ခြင်း မပြုလုပ်တော့ပါ။

### ၆.၂.၂။ စီမံကိန်းလည်ပတ်ရေးကာလအတွင်းထိခိုက်မှုများ

အဆိုပြုစီမံကိန်းတွင် ကုန်ကြမ်း ဆန် နှင့် ဆန်ကွဲ ကိုသုံး၍ တစ်ရက်လျှင် ၂၀၀ လီတာ ထုတ်လုပ်နိုင်သော ပေါင်းခံအိုး (Pot Still) နည်းကိုအသုံးပြု၍ အရက်ချက် ထုတ်လုပ်ခြင်းဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်နှင့်လူမှုစီးပွားအပေါ် သက်ရောက်နိုင်မှုများအား အောက်ပါအတိုင်း ဆန်းစစ်ဖော်ထုတ် ထားပါသည်။

## (က) လေအရည်အသွေးပေါ်သက်ရောက်မှု

စက်ရုံလည်ပတ်စဉ်ကာလတွင် ထတ်လုပ်သည့်လုပ်ငန်းစဉ်၌ ကုန်ကြမ်းကျိုချက်ခြင်း၊ ကစော် ဖောက်ခြင်း၊ အရက်ပေါင်းခံချက်ခြင်းတို့မှ အနံ့အသက်နှင့် VOC များ အဓိကထွက်ရှိမည်ဖြစ်ပါသည်။ စက်ရုံ၌ ကုန်ကြမ်း၊ ကုန်ချောများ သယ်ယူတင်ချ ပြုလုပ်စဉ် လည်းကောင်း၊ ကုန်တင်ယာဉ် သွားလာမှုနှင့် မီးစက်လည်ပတ်စဉ်တွင် လည်းကောင်း အမှုန်အမွှား၊ ဖုန်မှုန့် (fine particles PM10, PM2.5) နှင့် (CO, CO2, NO2, SO2) စသည့် ဓာတ်ငွေ့များထွက်ရှိမည်ဖြစ်ရာ စက်ရုံပတ်ဝန်းကျင် လေထုအား ညစ်ညမ်းမှု ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စက်ရုံ၌ ကုန်တင်ကုန်ချယာဉ်သွားလာခြင်းနှင့် မီးစက်မောင်းနှင်ခြင်းတို့သည် စီမံကိန်းဧရိယာအတွင်း အချိန်တို လုပ်ဆောင်မှုများသာဖြစ်မည်ဖြစ်ပါသည်။ အရက်ချက်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်မှ ကုန်ကြမ်းကျိုချက်ခြင်းတွင် အလုံပိတ် ပေါင်းအိုးကို အသုံးပြု၍ ကျိုချက်ခြင်း၊ ကစောဖောက်ခြင်းအား ရာဝင်စဉ့်အိုးများအသုံးပြု၍ အလုံပိတ်ဖုံးအုပ်ထားခြင်း၊ အရက်ချက်ပေါင်းခံအိုးမှာ pot still ပေါင်းခံအိုးကို အသုံးပြု၍ တိုက်ရိုက်ငွေ့ရည်ခံ အရက်ချက်လုပ်ခြင်းဖြစ်၍ အနံ့အသက်နှင့် VOC ထွက်ပေါ်မှုမှာ အနည်းငယ်သာဖြစ်ပေါ်မည်ဖြစ်ပါသည်၊ စက်ရုံအနေဖြင့်ထုတ်လုပ်မှုမှာ တစ်ရက်လျှင် အရက် ၂၀၀ လီတာ ဖြင့် တစ်နိုင်တစ်ပိုင်ထုတ်လုပ်ခြင်းဖြစ်၍ ထိခိုက်မှု၏ ပမာဏနှင့် အတိုင်း အတာမှာ အနည်းငယ်နှင့် လုပ်ငန်းဧရိယာနှင့်ဘေးပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သောကြောင့် အောက်ပါဇယားအတိုင်း ဆန်းစစ်ချက်အရ ထိခိုက်သက်ရောက်မှုမှာ အလယ်အလတ် အဆင့်ရှိမည် ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသော အဆိုပြုထားသည့် လျော့ပါးရေး အစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် စက်ရုံလည်ပတ်မှုမှ လေထုညစ်ညမ်းမှု ဆိုင်ရာ သက်ရောက်မှုများကို ပိုမိုနည်းပါးစေမည် ဖြစ်ပါသည်။

သက်ရောက်မှုဆန်းစစ်ဇယား

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| လေအရည်အသွေး | အမှုန်၊ အနံ့ VOC နှင့် ဓာတ်ငွေ့များ | နည်း (+၂) | ကာလရှည် (+၄) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ချေများ (×၄) | အလယ်အလတ် (၃၂) |

*ကုစားလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း ပတ်ဝန်းကျင်လေထုညစ်ညမ်းစေနိုင်မှုများအား အောက်ပါနည်းလမ်းများအတိုင်းကုစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- ကုန်ကြမ်းပေါင်းအိုးမှထွက်ရှိအခိုးအငွေ့ခေါင်းတိုင်အားသင့်တင်သော အမြင့် (သို့) အဆောက်ဦးပြင်ပအထိ ထားရှိ တပ်ဆင်၍ အသုံးပြုခြင်း
- လုပ်သားများအား အမှုန်အမွှားကာကွယ်ရေးနှာခေါင်းစည်းများဝတ်ဆင် စေခြင်း
- စက်ရုံအတွင်းပုံမှန် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်း
- စက်ရုံပတ်လည်တွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်မျိုးများ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း

## (ခ) ဆူညံသံနှင့် တုန်ခါမှု

ဆူညံသံနှင့် တုန်ခါမှုအနေဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်သည့်ကာလ၌ စက်ရုံရှိ ရေတင် pump နှင့် motor များ လည်ပတ်ချိန် မီးစက်လည်ပတ်ချိန်တို့တွင် ဖြစ်ပေါ်မည် ဖြစ်ပါသည်။ ၎င်း ဆူညံသံနှင့် တုန်ခါမှုတို့အားစနစ်တကျ ထိန်းချုပ်မှုမရှိပါက ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ရှိ လုပ်သားများအပေါ် ထိခိုက် သက်ရောက်မှု ရှိမည်ဖြစ်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

အရက်ချက်ထုတ်လုပ်မှုဆိုင်ရာတွင် အသံထွက်ပေါ်မည့် စက်များမရှိပါ၊ အဓိက အသံထွက်ပေါ်မှုမှာ pump နှင့် motor အသံများသာအများဆုံးဖြစ်ပြီး ၎င်းတို့၏ ဆူညံမှုတန်ဖိုးသည် အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (NEQEG) ၏ စက်ရုံအလုပ်ရုံ အတွက်သတ်မှတ်ချက် ၇၀ (dBA) ထက်မကျော်လွန်ကြောင်း တွေ့ရှိရသည့်အတွက် စက်ရုံ၏ ဘေးပတ်ဝန်းကျင်အပေါ် ဆူညံသံသက်ရောက်မှုမှာ နည်းပါးမည် ဖြစ်ပါသည်။မီးစက်မှ ဆူညံသံ ထွက်ပေါ်နိုင်သောလည်း မီးပျက်ချိန်လိုအပ်မှ မီးစက်လည်ပတ်မည်ဖြစ်ပါသည်။ ထို့အတူတုန်ခါမှု အနေဖြင့် မော်တာစက်ပစ္စည်းများသာဖြစ်သဖြင့် တုန်ခါမှုတန်ဖိုးသည် နည်းပါးပြီး ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု မရှိနိုင်ပါ။ ထို့ကြောင့် လုပ်ငန်းလည်ပတ် ကာလတွင်ဆူညံသံနှင့် တုန်ခါမှုအနေဖြင့် localize စက်ရုံဧရိယာအတွင်း၌သာ ဖြစ်ပေါ်ခြင်း၊ ပမာဏနည်းနှင့် အချိန် အတိုင်းအတာတစ်ခု အတွင်းသာ ဖြစ်ပေါ်ခြင်း ဖြစ်သောကြောင့် အောက်ပါ ဇယားအတိုင်း ဆန်းစစ်ချက်အရ ထိခိုက်သက်ရောက်မှု နည်းပါး အဆင့်ရှိမည် ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်းအရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှုအဆင့် |
|---|---|---|---|---|---|---|
| ဆူညံသံနှင့် တုန်ခါမှု | Noise leve(dBA) vibtation (m/s) | နည်း (+၂) | ကာလရှည် (+၄) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၈) |

*ကုစားလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း ဆူညံသံဖြစ်ပေါ်မှုများအား အောက်ပါနည်း လမ်းများအတိုင်း ကုစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- အသံဆူညံသောနေရာ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် အကာကွယ် နားကြပ်တပ်၍ လုပ်ဆောင်ခြင်း
- အသံထွက်သော မီးစက်၊ တွင် အသံထိန်းစနစ် (Silencer/Muffler) များ တပ်ဆင်အသုံးပြုခြင်း
- စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပုံမှန် ဆောင်ရွက်ပေးခြင်း

**(ဂ) ရေအရည်အသွေးပေါ်သက်ရောက်မှု**

စီမံကိန်းလည်ပတ်စဉ်ကာလတွင် အရက်ချက်လုပ်ငန်းစဉ်မှ ရေဆိုး (Effluent)များ ထွက်ရှိမှုမရှိပါ၊ Pot Distillation စနစ်သည် ကော်လံဖြင့် အရက်ချက်လုပ်သည့် စနစ်ကဲ့သို့စွန့်ပစ်ရေဆိုးထွက်ရှိမှု လုံးဝမရှိသောစနစ်တခုဖြစ်ပါသည်။ Pot Distillationတွင် ရေလည်ပတ်သုံးစွဲမှုမှာ ပေါင်းခံအိုး အအေးခံခြင်းအတွက်သာ ရေလှည့်လည်သုံးစွဲခြင်းရှိပြီး ရေဆိုးထွက်ရှိမှုမရှိသောစနစ် ဖြစ်ပါသည်။ ဆေးကြောရေအဆင့်သာ စွန့်ထုတ်မှု နှင့် အလုပ်သမားများ၏ တစ်ကိုယ်ရေသုံးဆေးကြောရေများ ထွက်ရှိမည်ဖြစ်ပါသည်။ စက်ရုံဝင်း အတွင်းရှိ ရေမြောင်းအတွင်းသို့ အမှိုက်များကို တိုက်ရိုက်စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာ ပိတ်ဆို့နိုင်ခြင်း၊ သန့်စင်ခန်းများမှ မိလ္လာရေများ လျှံတက်ခြင်း၊ မတော်တဆ ဆီများ၊ ချောဆီများနှင့် ကစော်ဖောက်ပြီး စိမ့်ရည်များ ယိုဖိတ်မှု/ကျဆင်းမှု တို့ကြောင့် လက်ရှိ ရေနုတ်မြောင်း မှတစ်ဆင့် ပတ်ဝန်းကျင်ရေအရည်အသွေး ပြောင်းလဲစေပြီး ရေထုညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

ရေနုတ်မြောင်းများအား ပိတ်ဆို့မှုမရှိစေဘဲ တပ်ဆင်တည်ဆောက်သွားမည်အပြင် မိလ္လာကန် (Septic tank) များကိုလည်း လုံလောက်စွာ စနစ်တကျ တည်ဆောက်ထားကြောင်းတွေ့ရပါသည်။ တို့ကြောင့် ပတ်ဝန်းကျင်ရေထု၏ ရေအရည်အသွေးပေါ် သက်ရောက်မှု၏ ပမာဏနှင့် အတိုင်းအတာသည်

နည်းပါးပြီး စီမံကိန်း ဒေသန္တရအတွင်း ပြောင်းလဲမှုမဖြစ်ပေါ်နိုင်ပါ။ စီမံကိန်းလည်ပတ်နေသည့်ကာလ တစ်လျှောက် ဖြစ်ပေါ်မည်ဖြစ်သဖြင့် သက်ရောက်မှု၏ သိသာထင်ရှားမှုကို ""နည်း" " အဆင့် အဖြစ် တွက်ချက်ရရှိပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| ရေအရည်အသွေး | စွန့်ပစ်ရေ | နည်း (+၂) | ကာလရှည် (+၄) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ခြင်း (×၃) | နည်း (၂၄) |

*ကုစားလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှုမဖြစ်စေရန် အောက်ပါနည်းလမ်းများအတိုင်း ကုစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- ကစော်ဖောက်စိမ်ရည်များ နှင့် စက်ဆီချောဆီများအား မတော်တဆ ယိုဖိတ်မှု မဖြစ်စေရန် စနစ်တကျ သယ်ယူကိုင်တွယ်ခြင်း
- မိလ္လာကန်စနစ်နှင့် ရေနုတ်မြောင်းများအားလုံးကို ပုံမှန်စစ်ဆေး ထိန်းသိမ်းခြင်း
- ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ခြင်း

## (ဃ) စွန့်ပစ်ပစ္စည်း

စက်ရုံလည်ပတ်မှုကာလတွင် စွန့်ပစ်ပစ္စည်း (အမှိုက်) များထွက်ရှိမည်ဖြစ်ပါသည်။ စက်ရုံ လုပ်ငန်းခွင်မှ ထွက်ရှိသော စွန့်ပစ်အမှိုက်များကို ထုတ်လုပ်ရေးလုပ်ငန်းမှထွက်ရှိသော စွန့်ပစ် အမှိုက်များနှင့် ဝန်ထမ်းလုပ်သားများ အသုံးပြုရာမှ ထွက်ရှိသည့်စွန့်ပစ်အမှိုက်များဟူ၍ (၂) မျိုးခွဲ ထားပါသည်။ ၎င်းစွန့်ပစ်ပစ္စည်းများအား စနစ်တကျသိမ်းဆည်း၍ စွန့်ပစ်မှုမရှိပါကပတ်ဝန်းကျင် အပေါ် ထိခိုက် သက်ရောက်မှုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် ကုန်ပစ္စည်း ထုပ်ပိုးအိတ်ခွံအဟောင်းများ၊ အရက်ပေါင်းခံအိုးမှ ဘေးထွက်ပစ္စည်း ဖြစ်သော ကစော်ဖတ် စသည်တို့ ထွက်ရှိမည် ဖြစ်ပါသည်။ မီးသီးအဟောင်း၊ ပုလင်းခွံ၊ ဘူးခွံအစရှိသည့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား စနစ်တကျသီးခြားသိမ်းဆည်း၍ မြို့နယ် စည်ပင်နှင့်ချိတ်ဆက်စွန့်ပစ်ခြင်း၊ ဘေးထွက်ပစ္စည်း ကစော်ဖတ်များအား တိရစ္ဆာန်အစာဖတ် အဖြစ် ပြန်လည်အသုံးပြုမည့် လုပ်ငန်းများသို့ ရောင်းချခြင်း၊ လူသုံးစွန့်ပစ်အမှိုက်အနေဖြင့် စက်ရုံဝင်းအတွင်း ယာယီ အမှိုက်ပုံးများထားရှိ စွန့်ပစ်စေပြီး နောက်ဆုံးအမှိုက်များအား မြို့နယ်စည်ပင်သာယာ နှင့် ချိတ်ဆက်၍ စွန့်ပစ်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်ထွက်ရှိမှု

အနေဖြင့် အထွေထွေစွန့်ပစ်အမှိုက်များသာ စွန့်ပစ်မည်ဖြစ်ပြီး ပမာဏမှာ အနည်းငယ်နှင့် စီမံကိန်း ဧရိယာနယ်ပယ်အတွင်းသာ ပြောင်းလဲမည် ဖြစ်သဖြင့် စွန့်ပစ်ပစ္စည်းကြောင့် ပတ်ဝန်းကျင် အပေါ်သက်ရောက်မှု၏ သိသာ ထင်ရှားမှုကို "နည်း" အဆင့်အဖြစ် သတ်မှတ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| စွန့်ပစ်ပစ္စည်း | လုပ်ငန်းသုံးနှင့် လူသုံးစွန့်ပစ် အမှိုက် | နည်း (+၂) | ကာလရှည် (+၄) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၈) |

*ကုစားလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်စဉ်ကာလအတွင်း ပတ်ဝန်းကျင်အမှိုက်ညစ်ညမ်းမှုမဖြစ်စေရန် အောက်ပါနည်း လမ်းများအတိုင်း ကုစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- စက်ရုံတွင်းအမှိုက်ပုံးများကို သတ်မှတ်ထားသောနေရာများတွင် လုံလောက်စွာ ထားရှိ ဆောင်ရွက် သွားခြင်း
- ပြန်လည်အသုံးပြုနိုင်သောအမှိုက်များအားသီးခြားသိမ်းဆည်း၍ ပြန်လည် အသုံးပြုခြင်း (သို့) ရောင်းချခြင်း
- သတ်မှတ်အချိန် (သို့) ပမာဏ အလိုက်နောက်ဆုံးအမှိုက်များစွန့်ပစ်ရန် မြို့နယ်စည်ပင် သာယာရေးအဖွဲ့အားဆက်သွယ်၍ စွန့်ပစ်ခြင်း
- ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအားသီးခြားသိမ်းဆည်း၍လိုင်စင်ရလုပ်ငန်းအဖွဲ့အစည်း (သို့) မြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ဆက်သွယ်၍ စွန့်ပစ်ခြင်း

### (င) မြေဆီလွှာအရည်အသွေး

လုပ်ငန်းလည်ပတ်စဉ်ကာလတွင် ဖြစ်နိုင်ချေရှိသော မြေဆီလွှာအရည်အသွေးအပေါ် သက်ရောက်မှု များသည် သယ်ယူပို့ဆောင်ရေးယာဉ်များမှ ဆီနှင့်ချောဆီများ၊ သိုလှောင်ဆီနှင့် ကစော်ဖောက်စိမ်ရည် များ ကိုင်တွယ်အသုံးပြုစဉ် မတော်တဆ ယိုဖိတ်မှု နှင့် ယိုစိမ့်မှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်ပါသည်။ ၎င်းသည် လည်ပတ်မှုအဆင့်တစ်လျှောက်လုံး စီမံကိန်း ဧရိယာရှိ မြေဆီလွှာအရည်အသွေးကို ညစ်ညမ်းစေနိုင်သည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

အရက်ထုတ်လုပ်မှုအဆောက်အဦအား ကွန်ကရစ်ကြမ်းခင်းတည်ဆောက် ထားပါသည်။ အထူးသဖြင့် ပစ္စည်းထားသိုရာနေရာတွင် ကွန်ကရစ်ခင်းထားပြီး လောင်စာဆီနှင့် ကစော်ဖောက်စိမ်ရည်များကို ကိုင်တွယ်စဉ်နှင့်သိမ်းဆည်းစဉ်တွင် မတော်တဆ ယိုဖိတ်မှုနှင့် ယိုစိမ့်မှုများ ဖြစ်ပေါ်ပါက

စီမံကိန်းဧရိယာရှိ မြေဆီလွှာအရည်အသွေးကို တိုက်ရိုက် ထိခိုက်နိုင်ခြေ နည်းပါးစေမည်ဖြစ်ပါသည်။ ထို့ကြောင့် အကျိုးသက်ရောက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဆင့် သတ်မှတ်ပြီး စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှု ကာလတစ်လျှောက် အဆိုပြုထားသည့် လျော့ပါး သက်သာစေရေး အစီအမံများကို ထပ်ဆောင်း အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| မြေဆီလွှာအရည် အသွေး | ဆီနှင့် စိမ်ရည် ယိုဖိတ်မှု နှင့် ယိုစိမ့်မှု | အလွန်နည်း (+၁) | ကာလရှည် (+၄) | Site ဧရိယာ (+၁) | ဖြစ်နိုင်ခြင်း (×၃) | နည်း (၁၈) |

*ကုစားလျော့ချခြင်း*

လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း မြေဆီလွှာညစ်ညမ်းမှုကို ရှောင်ရှားရန် အောက်ပါလျော့ပါးရေး အစီအမံများကို ဆောင်ရွက်သွားပါမည်။

- မတော်တဆ ယိုဖိတ်မှုမဖြစ်စေရန် စက်ဆီနှင့် စိမ်ရည်များကို စနစ်တကျ သယ်ယူ ကိုင်တွယ်ခြင်း။
- မတော်တဆယိုဖိတ်ပါက မြေဆီလွှာသို့စိမ့်ဝင်မှုမရှိစေရန် ကွန်ကရစ်ခင်းထားပြီး အမိုး အကာရှိသော နေရာတွင် သိမ်းဆည်းထားသိုခြင်း
- ယာဉ်နှင့်မီစက်တို့မှ ဆီများ ယိုဖိတ်မှု မဖြစ်ပေါ်စေရန် ပုံမှန်စစ်ဆေးခြင်း နှင့် ပြုပြင် ထိန်းသိမ်းခြင်း

**(စ) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး**

စက်ရုံလုပ်ငန်းလည်ပတ်စဉ် လုပ်သားများသည် ကုန်ထုတ် လုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များမှ ကျိုအိုးနှင့် ပေါင်းခံအိုးများမှ အပူလောင်ခြင်း၊ လျှပ်စစ်အန္တရာယ်နှင့် မတော်တဆထိခိုက် ဒဏ်ရာရခြင်းကဲ့သို့သော လုပ်ငန်းခွင်အန္တရာယ် အနည်းနှင့်အများ ဖြစ်ပေါ်နိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စက်ရုံသည် စက်ပစ္စည်းနှင့် လျှပ်စစ်သွယ်တန်းမှုများစနစ်တကျလုပ်ဆောင်ထားပါသည်။ လုပ်သားများအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအစဉ်ကို ရေးဆွဲထားပြီး ဦးစားပေးအလေးထား၍ COVID-၁၉ ကာကွယ် တားဆီးရေး အစီအမံများနှင့်အညီ ထုတ်လုပ်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်အတွက် အကျိုးသက်ရောက်မှုရှိသည် ကျန်းမာရေးနှင့် ဘေးကင်းရေး၏

သိသာထင်ရှားမှုကို "နည်း" အဆင့်အဖြစ် သတ်မှတ်ပြီး စက်ရုံလည်ပတ်စဉ်အတွင်း အဆိုပြုထား သော အောက်ပါအစီအမံများကို လုပ်ဆောင်သွားပါမည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး | မတော်တဆ ထိခိုက်ဒဏ်ရာ ရခြင်း | နည်း (+၂) | ကာလရှည် (+၄) | Site ဧရိယာ (+၁) | ဖြစ်နိုင်ခြင်း (×၃) | နည်း (၂၄) |

*ကုစားလျော့ချခြင်း*

လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက်အောက်ပါ လျော့ပါးရေး အစီအမံများကို ဆောင်ရွက်သွားပါမည်။

- ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေး ဆိုင်းဘုတ်များ၊ အမှတ်အသားများ၊ လိုက်နာမှတ်များ သိမြင်သာရန် ထားရှိခြင်း
- လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများ အသုံးပြုစေခြင်း
- ထိခိုက်ဒဏ်ရာရမှုများနှင့် မတော်တဆမှုများအတွက် ရှေးဦးသူနာပြု ပစ္စည်းများနှင့် အဆက်အသွယ်အချက်အလက်များ ထားရှိပေးခြင်း
- စက်ပစ္စည်းများ အသုံးမပြုမီ စက်၏ လျှပ်စစ်ကြိုးများကို ပေါက်ပြဲပျက်စီးနေလျှင် ပြုပြင် လဲလှယ်ခြင်း
- စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များအတွက် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော (COVID-19) ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး နည်းလမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားခြင်း

## (ဆ) မီးဘေးအန္တရာယ်

စက်ရုံအလုပ်ရုံများတွင် ပေါ့ဆမှု အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှု ဖြစ်ပွားနိုင်သည်။ လုပ်ငန်း လည်ပတ်စဉ်ကာလအတွင်း ဖြစ်နိုင်ချေရှိသော မီးဘေးအန္တရာယ်သည် လျှပ်စစ်ချိတ်ဆက်မှု ညံ့ဖျင်းခြင်း၊ (ကုန်ကြမ်း၊ ကုန်ချောနှင့် လောင်စာဆီ) ကဲ့သိုပစ္စည်းများအားမမှန်ကန်သောသိုလှောင် သိမ်းဆည်းမှု၊ ၎င်းပစ္စည်းများအနီးနားတွင်ဆေးလိပ်သောက်ခြင်းကဲ့သို့ လုပ်သားများ၏မမှန်ကန် သောအပြုအမူ စသည့်အချက်များကြောင့် ဖြစ်ပွားနိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စက်ရုံတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးကို အလေးထားပြီး မီးငြိမ်းသတ် ကိရိယာများ တပ်ဆင် ထားရှိပါသည်။ မြို့နယ်မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မီးဘေးအန္တရာယ်ကြိုတင်

ကာကွယ်ရေး စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်အတွက် မီးဘေးအန္တရာယ် ကင်းရှင်းရေး၏ သိသာထင်ရှားမှုကို "အလယ်အလတ်" အဖြစ် သတ်မှတ်ပြီး စက်ရုံ လည်ပတ်စဉ်အတွင်း အဆိုပြုထားသော အစီအမံများကို လုပ်ဆောင် သွားပါမည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| မီးဘေးအန္တရာယ် | ပစ္စည်းဆုံးရှုံး ထိခိုက်ဒဏ်ရာ ရခြင်း | နည်း (+၂) | ကာလရှည် (+၄) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ချေများ (×၄) | အလယ်အလတ် (၃၂) |

*ကုစားလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက်အောက်ပါ လျော့ပါးရေး အစီအမံများကို ဆောင်ရွက်သွားပါမည်။

- မီးဘေးအန္တရာယ်မှ ကာကွယ်ရန် လုပ်ငန်းခွင်နေရာချပုံစံအား ဒေသန္တရမီးသတ်ဌာနမှ ညွှန်ကြားထားသည့် စက်မှုလုပ်ငန်းခွင်များနှင့် သက်ဆိုင်သော မီးသတ်ကုဒ်များ အတိုင်း အကောင်အထည်ဖော်ထားရှိခြင်း
- ပေါက်ကွဲလွယ်သော မီးလောင်လွယ်သော ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ သေချာစွာထားသိုခြင်း
- မီးသတ်ရေသိုလှောင်ကန်ထားရှိခြင်း
- စက်ရုံတွင် မီးငြိမ်းသတ်ကိရိယာများ၊ အချက်ပေးစနစ်များ လုံလောက်သေချာစွာထားရှိခြင်း။ ၎င်းကိရိယာများ အသုံးပြုချိန်၌ ကောင်းမွန်မှုရှိရန်နှင့် အသင့်အနေ အထားဖြစ်ရန် စနစ်တကျ ထိန်းသိမ်း လဲလှည်ထားခြင်း
- အရေးပေါ်ထွက်ပေါက်များ၊ ထွက်ပေါက်လမ်းကြောင်းများစီမံထားရှိခြင်းနှင့် ၎င်းထွက်ပေါက် များအား အမြဲရှင်းလင်းထားခြင်း
- ဒေသန္တရမီးသတ်ဌာနအကူညီဖြင့်လုပ်သားများအား မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပေး သင်တန်းများပို့ချခြင်း

**(ဈ) သဘာဝဘေး အန္တရာယ်**

စီမံကိန်းတည်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်တွင် သဘာဝဘေး အန္တရာယ် ကျရောက်ခဲ့မှုများမှာ မုန်တိုင်းဘေးအနည်းငယ်နှင့် မီးဘေးတို့ အဖြစ်များကြောင်း မြို့နယ်ဆိုင်ရာ အချက်အလက်များအရ တွေ့ရှိရပါသည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်မှု ကြောင့်

လူသေဆုံးခြင်း၊ နေအိမ်များ၊ အစိုးရရုံး အဆောက်အအုံများ ပျက်စီးခြင်း၊ သစ်တောများ ပျက်စီးခြင်း၊ သီးပင်စိုက်ခင်းများ ပျက်စီးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခြင်းများဖြစ်ပေါ်နိုင်ပြီး နောက်ဆက်တွဲ အနေဖြင့် ကုန်စည်စီးဆင်းမှုရပ်တန့်ခြင်းတို့ဖြစ်ပွားခဲ့ရာ နိုင်ငံသားများနှင့် နိုင်ငံ့စီးပွားရေးအပေါ် များစွာထိခိုက် နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

ညောင်တုန်းမြို့နယ်တွင် လှိုင်မြစ်တည်ရှိပြီး စက်ရုံနှင့် အတန်ငယ်ဝေးကွာသောကြောင့် ရေကြီးခြင်းဘေးကြောင့် ထိခိုက်နိုင်မှု အခြေအနေမှာနည်းပါးမည်ဖြစ်ပါသည်။ သို့ရာတွင် မိုးတွင်းကာလတွင် မတော်တဆရေကြီးမှုများဖြစ်ပေါ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စီမံကိန်းစက်ရုံသည် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ဆောင်ရွက်ထားမှုနှင့် ဖြစ်ပွားလာပါက ကယ်ဆယ် တုံ့ပြန်ရေး အစီအမံများကို စက်ရုံလည်ပတ်စဉ်အတွင်း အဆိုပြုထားသော အစီအမံများကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| သဘာဝဘေး အန္တရာယ် | ပစ္စည်းဆုံးရှုံး ထိခိုက်ဒဏ်ရာ ရခြင်း | နည်း (+၂) | ကာလရှည် (+၄) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ခြင်း (×၃) | နည်း (၂၄) |

*ကုစားလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း သဘာဝဘေးအန္တရာယ်များအတွက်အောက်ပါ လျှော့ပါးရေးအစီအမံများကို ဆောင်ရွက်သွားပါမည်။

- သဘာဝဘေးအန္တရာယ်များကျရောက်ချိန် အရေးပေါ်တုံ့ပြန်မှုအစီအမံများ ဆောင်ရွက်ထားရှိခြင်း
- အရေးပေါ်စုရပ်နေရာပြုလုပ်ခြင်း
- စက်ရုံ၌အရေးပေါ်ထွက်ပေါက်များနှင့်လမ်းကြောင်းများစီမံထားရှိပြီး ၎င်းထွက်ပေါက်များကို အမြဲရှင်းလင်းထားခြင်း
- ဒေသအတွင်း သက်ဆိုင်ရာဌာနများမှ ပြုလုပ်သော သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်မှုများ၊ ဟောပြောပွဲများ၊ ပရဟိတလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။

**(ဈ) လူမှုစီးပွားရေး (ဒေသန္တရစီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းမှု)**

စီမံကိန်းလည်ပတ်ဆောင်ရွက်မှုကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်သောကြောင့် ကောင်းကျိုးရှိသော လူမှုစီးပွား သက်ရောက်မှုများကို ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဒေသန္တရစီးပွားရေးအနေဖြင့် ဒေသရှိလုပ်ငန်းများ (ကုန်စည်အရောင်းဆိုင် များ၊ သယ်ယူပို့ဆောင်မှုကားအငှားလုပ်ငန်း) စသည်တို့လည်း စီမံကိန်း ဖော်ဆောင်မှုနှင့်အတူ အကျိုးစီးပွား ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

လုပ်ငန်းလည်ပတ်စဉ် စက်ရုံမှ အလုပ်နေရာ (၇)နေရာအထိ ခန့်ထားလုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည်ဖြစ်သဖြင့် စီမံကိန်းဖော်ဆောင်မှုကြောင့် ကောင်းကျိုးသက်ရောက်မှု၏ သိသာထင်ရှားမှုအား အနည်း အဆင့် ဟုသတ်မှတ်နိုင်ပါသည်။ အလုပ်ရှင်မှလည်း အလုပ်သမား အခွင့်အရေး၊ အလုပ်သမားဥပဒေများ အတိုင်း လိုက်နာဆောင်ရွက်ခြင်း တို့ကြောင့် လူမှုပြဿနာ ဆိုးကျိုးသက်ရောက်မှု၏ သိသာ ထင်ရှားမှုအား နည်းပါးသည်ဟု သတ်မှတ်နိုင်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှုအဆင့် |
|---|---|---|---|---|---|---|
| လူမှုစီးပွားရေး (ကောင်းကျိုး) | အလုပ်အကိုင် အခွင့်အလမ်း | နည်း (+၂) | ကာလရှည် (+၄) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ချေများ (×၄) | အလယ်အလတ် (၃၂) |
| လူမှုစီးပွားရေး (ဆိုးကျိုး) | လူမှုပြဿနာ | နည်း (+၂) | ကာလရှည် (+၄) | Site ဧရိယာ (+၁) | ဖြစ်နိုင်ခြင်း (×၃) | နည်း (၂၁) |

*ကောင်းကျိုးမြှင့်တင်ခြင်း*

လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း လူမှုစီးပွားရေးကို ကောင်းကျိုးမြှင့်တင်ရန် အောက်ပါ အစီအမံများကို ဆောင်ရွက်သွားပါမည်။

- စက်ရုံတွင် ဝန်ထမ်းခေါ်ယူရန်အတွက် နီးစပ်ရာရပ်ကွက်၊ ကျေးရွာများမှ အလုပ်သမားများကို ဦးစားပေး၍ ခေါ်ယူခြင်း
- စက်ရုံတွင် အလုပ်သမားများ အလုပ်ပို၊ ဝန်ပို မဖြစ်စေရန် လုပ်သားအင်အားနှင့် အလုပ်နေရာ လျှော့ချ ခြင်းအားရှောင်ကျဉ်ခြင်း
- အနီးနားရှိအသိုင်းအဝိုင်းများမှ ဝန်ဆောင်မှုများအသုံးပြုမှုကို မြှင့်တင်ခြင်း (ဆိုလိုသည်မှာ အနီးနားဈေးဆိုင်များထံမှ စက်ရုံ၏လိုအပ်သည့်အရာအချို့ကို ဝယ်ယူခြင်း၊ ကုန်ကြမ်းနှင့် ကုန်စည်ပို့ဆောင်ခြင်းအတွက် ကုန်တင်ယာဉ်များ ငှားရမ်းခြင်း)

*ကူးစက်ရောဂါများလျှော့ချခြင်း*

လုပ်ငန်းလည်ပတ်မှုအဆင့်အတွင်း လူမှုစီးပွားဆိုးကျိုးသက်ရောက်မှုကို ရှောင်ရှားရန် အောက်ပါ လျော့ပါးရေး အစီအမံများကို ဆောင်ရွက်သွားပါမည်။

- အလုပ်သမား အက်ဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း
- အလုပ်သမားများအား ခွဲခြားဆက်ဆံမှု မရှိစေရေးနှင့် တန်းတူညီမျှ အခွင့်အရေးနှင့် တရားမျှတသော ဆက်ဆံမှုများကို ဆောင်ရွက်ခြင်း
- ဘေးကင်းပြီး စည်းကမ်းရှိသော လုပ်ငန်းခွင်အခြေအနေအဖြစ်ဆောင်ရွက်ထားရှိခြင်း
- လုပ်သားများအတွက် လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေး အစီအမံများလုပ်ဆောင်ပေးခြင်း

## ၆.၂.၃။ စီမံကိန်းပိတ်သိမ်းရေးကာလအတွင်းထိခိုက်မှုများ

စီမံကိန်းတစ်ခုသည် ၎င်း၏လုပ်ငန်းလည်ပတ်မှု သက်တမ်းကုန်ဆုံးချိန်တွင် စီမံကိန်း ပိတ်သိမ်းခြင်းအား လုပ်ဆောင်ရမည်ဖြစ်ပါသည်။ စီမံကိန်းဖျက်သိမ်းခြင်း (သို့) ပိတ်သိမ်းခြင်း၏ ရည်မှန်းချက်မှာ အဆိုပြုထားသော စီမံကိန်းတစ်ခုလုံးအတွက် အသုံးပြုတည်ဆောက်ထားသော အဆောက် အဦများနှင့် စက်ကိရိယာများကို ဖယ်ရှားပြီး ဖြစ်နိုင်သမျှ မတည်ဆောက်မီ အခြေအနေနှင့် နီးစပ်သည့် အခြေအနေသို့ ပြန်လည် ရောက်ရှိရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

စီမံကိန်းပိတ်သိမ်းရေး (သို့) ဖျက်သိမ်းခြင်းကာလတွင် အဆောက်အဦများ ဖျက်သိမ်းခြင်း၊ လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများဖယ်ရှားခြင်းနှင့် လျှပ်စစ်သွယ်တန်းမှုဆိုင်ရာ ဖယ်ရှားခြင်း၊ ဖျက်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ကျန်ရှိသည့် စွန့်ပစ်ပစ္စည်းများအား သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်း ကဲ့သို့သော လုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်း ပိတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်စဉ် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအပေါ် ထိခိုက် သက်ရောက်နိုင်မှုများအား အောက်ပါအတိုင်းဆန်းစစ်ဖော်ထုတ်ထားပါသည်။

### (က) လေအရည်အသွေးအပေါ်သက်ရောက်မှု

စီမံကိန်းပိတ်သိမ်းရေးကာလအတွင်း အဆောက်အဦများဖြိုဖျက်ခြင်း၊ စက်ပစ္စည်းများ ဖယ်ရှားခြင်း၊ ဖြိုဖျက်ပြီး စွန့်ပစ်ပစ္စည်းများနှင့် စက်ပစ္စည်းများသယ်ယူပို့ဆောင်ရေး ယာဉ်များသွားလာမှု စသည်တို့ကြောင့် ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးအပေါ် ယာယီ ပြောင်းလဲသက်ရောက်မှု ဖြစ်ပေါ်မည် ဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်များသည် ဖုန်မှုန့်များ၊ PM၊ CO, $CO_2$, $SO_2$ နှင့် $NO_2$ ကဲ့သို့သော ဓာတ်ငွေ့များထွက်ပေါ်ပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စက်ရုံဖြိုဖျက်ခြင်း၊ လျှပ်စစ်စနစ်နှင့် စက်ပစ္စည်းများဖယ်ရှားခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖြိုဖျက်ပိတ်သိမ်းသည့် ကာလမှာ တိုတောင်းမည်ဟု ခန့်မှန်းရပါသည်။ ထို့ကြောင့် သက်ရောက်မှု၏ ပမာဏနှင့် အတိုင်းအတာသည် အလယ်အလတ်ရှိပြီး စီမံကိန်း၏ ဧရိယာဝန်းကျင်အတွင်းသာ ပြောင်းလဲမည် ဖြစ်သည့်အတွက် ထိခိုက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဆင့် အဖြစ် သတ်မှတ်နိုင်ပါသည်။ အဆိုပြုထားသော လျော့ပါးရေးအစီအမံများကို မှန်ကန်စွာ အကောင်အထည်ဖော်ပါက ထိခိုက်မှု၏ သိသာထင်ရှားမှုကို "အရေးမပါသော" အဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| လေအရည်အသွေး | Dust, PM CO, $SO_2$, $NO_2$, | အလယ် အလတ် (+၃ ) | ခဏတာ (+၁) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၀) |

*ကုစားလျှော့ချခြင်း*

စီမံကိန်းပိတ်သိမ်းရေးအဆင့်အတွင်း လေထုညစ်ညမ်းမှုကို လျော့ပါးရေးအတွက် အောက်ပါ အစီအမံများ အတိုင်း ဆောင်ရွက်သွားပါမည်။

- လုပ်ငန်းခွင်နေရာနှင့်လမ်းအားရေဖြန်းပေးခြင်း
- စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းကိုမပြုလုပ်ရန်
- ယာဉ်နှင့် ယန္တရားများ အသုံးပြုခြင်းမရှိဘဲ စက်နှိုးထားခြင်းအား လျှော့ချခြင်း

## (ခ) ဆူညံသံနှင့် တုန်ခါမှု

အဆောက်အဦးများ ဖြိုဖျက်ခြင်း၊ စက်ပစ္စည်းများဖယ်ရှားခြင်း၊ သံထည်အစိတ်အပိုင်းများဖယ်ရှား ဖြတ်တောက်ခြင်းစသည့်လုပ်ငန်းဆောင်တာများနှင့် အသုံးပြုစက်ကရိယာများမှ လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များသွားလာမှုတို့ကြောင့် လည်းကောင်း စီမံကိန်း ပိတ်သိမ်းရေးကာလ အတွင်း ဆူညံသံနှင့် တုန်ခါမှုတို့ ဖြစ်ပေါ်မည်ဖြစ်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စက်ရုံဖျက်သိမ်းခြင်းကြောင့် ဆူညံသံနှင့် တုန်ခါမှုတို့၏ ထိခိုက်နိုင်မှုမှာ အနီးဝန်းကျင် (localize) သာ ခံစားရ၍ ဖြိုဖျက်ခြင်း၏ ကြာချိန်အတိုင်းအတာသည်ပိတ်သိမ်းကာလဖြစ်၍ တိုတောင်းမည် ဖြစ်ပါသည်။ ထို့ကြောင့် ဆူညံသံနှင့် တုန်ခါမှု၏ ပြင်းအားနှင့် ပမာဏသည် အလယ်အလတ်နှင့်

စီမံကိန်း၏ ဧရိယာဝန်းကျင်အတွင်းသာ ပြောင်းလဲမည် ဖြစ်သည့်အတွက် ထိခိုက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဆင့်အဖြစ် သတ်မှတ်နိုင်ပါသည်။ အဆိုပြုထားသော လျှော့ပါးရေးအစီအမံများကို မှန်ကန်စွာ အကောင်အထည်ဖော်ပါက ထိခိုက်မှု၏ အရေးပါမှုကို "အရေးမပါသော" အဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်းအရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှုအဆင့် |
|---|---|---|---|---|---|---|
| ဆူညံသံနှင့် တုန်ခါမှု | Noise leve(dBA) vibration (mm/s) | အလယ် အလတ် (+၃ ) | ခဏတာ (+၁) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၀) |

*ကုစားလျှော့ချခြင်း*

စီမံကိန်းပိတ်သိမ်းရေးအဆင့်အတွင်း ဆူညံသံနှင့် တုန်ခါမှုဖြစ်ပေါ်မှုအား လျှော့ပါးရေးအတွက် အောက်ပါ အစီအမံများအတိုင်း ဆောင်ရွက်သွားပါမည်။

- လုပ်ငန်းသုံးစက်ပစ္စည်းကရိယာများ တစ်ပြိုင်နက်ဆက်တိုက်အသုံးမပြုရန်နှင့် ညအချိန်တွင် ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမပြုခြင်း
- ယာဉ်/စက်များ အသုံးပြုခြင်းမရှိဘဲ စက်နှိုးထားခြင်းအားလျှော့ချခြင်း
- အသံဆူညံသောနေရာ၌ လုပ်ဆောင်သောအလုပ်သမားများအားအကာကွယ် နားကြပ်တပ်၍ လုပ်ဆောင်စေခြင်း

## (ဂ) ရေအရည်အသွေးအပေါ်သက်ရောက်မှု

စီမံကိန်းပိတ်သိမ်းရေးအဆင့်တွင် စက်ပစ္စည်းများဖယ်ရှားခြင်း၊ ဆေးကြောခြင်းမှ ထွက်ရှိမည့် စက်ဆီ၊ ချောဆီအဟောင်းများ၊ ဆေးကြောရေများကြောင့်လည်းကောင်း၊ ရေမြောင်းများအတွင်း စွန့်ပစ်အမှိုက်များ စွန့်ပစ်ခြင်း၊ အလုပ်သမားများ၏ဆေးကြောရေနှင့် ယာဉ်နှင့်စက်များမှ ဆီများ ယိုစိမ့်ခြင်းကြောင့် ပတ်ဝန်းကျင် ရေအရည် အသွေး ပြောင်းလဲခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စီမံကိန်းပိတ်သိမ်းရေးကာလတွင် ပတ်ဝန်းကျင်ရေအရည်အသွေးအပေါ် သက်ရောက်မှု၏ အချိန်မှာကာလတိုဖြစ်၍ ပမာဏနှင့် အတိုင်းအတာမှာ အနည်းငယ်နှင့် စီမံကိန်းဒေသတွင်းအတွင်း ပြောင်းလဲမည်ဖြစ်ပါသည်။ ထို့ကြောင့် သက်ရောက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဖြစ် သတ်မှတ်နိုင်ပြီး အဆိုပြုထားသော အစီအမံများကို ကောင်းစွာအကောင်အထည်ဖော်ပါက ထိခိုက်မှု၏ အရေးပါမှုကို "အရေးမပါသော" အဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်းအရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှုအဆင့် |
|---|---|---|---|---|---|---|
| ရေအရည်အသွေး | စွန့်ပစ်ပစ္စည်းနှင့် ဆေးကြောရေ | နည်း (+၂) | ခဏတာ (+၁) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၀) |

*ကုစားလျှော့ချခြင်း*

စီမံကိန်းပိတ်သိမ်းရေးအဆင့်အတွင်း ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှု လျော့ပါးရေးအတွက် အောက် ပါ အစီအမံများအတိုင်း ဆောင်ရွက်သွားပါမည်။

- ရေမြောင်းအတွင်းသို့ ဖြိုဖျက်ပြီးအမှိုက်များစွန့်ပစ်ခြင်းအား တားမြစ်ခြင်း
- ဖြိုဖျက်ခြင်းလုပ်ငန်းသုံး ယာဉ်နှင့်စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပုံမှန် ဆောင်ရွက်ပေးခြင်း
- ဆေးကြောရေများကို များပြားစွာ မဖြစ်အောင် လိုအပ်သည်နှင့် ကိုက်ညီစွာသာ အသုံးပြုခြင်း

**(ဃ) စွန့်ပစ်ပစ္စည်း (အမှိုက်) ထွက်ရှိမှု**

စီမံကိန်းပိတ်သိမ်းရေးကာလတွင် ဖြိုဖျက်ပြီးအပျက်အစီးများ၊ စက်ပစ္စည်းအဟောင်းနှင့် အစိတ်အပိုင်းအကြွင်းအကျန်များ၊ လုပ်သားစွန့်ပစ်အမှိုက်များစသည်ဖြင့် ထွက်ရှိမည်ဖြစ်သည်။ ၎င်းစွန့်ပစ်ပစ္စည်းများအား စည်းကမ်းမဲ့ ကျပန်းစွန့်ပစ်ခြင်းကြောင့် လုပ်ငန်းဧရိယာအတွင်းနှင့် အနီးတစ်ဝိုက်တွင် အမှိုက်များဖြစ်ပေါ်မှု ပမာဏကို တိုးမြင့်လာစေနိုင်ပြီး ဘေးပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်နိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စီမံကိန်းပိတ်သိမ်းရေးကာလ၏ ကြာချိန်သည် တိုတောင်းမည်ဖြစ်ပြီး ထွက်ရှိလာသော လုပ်ငန်းသုံး ဖြိုဖျက်ပြီးအပျက်အစီးများနှင့် စက်ပစ္စည်းအဟောင်းများအား ပြန်လည်အသုံးချသူများထံသို့ ရောင်းချမည်ဖြစ်ပါသည်။ ကျန်ရှိသည့် အခြားစွန့်ပစ်ပစ္စည်းအစိုင်အခဲများအား မြို့နယ်စည်ပင်သာယာ၏ သတ်မှတ်ထားသော နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းလုပ်ဆောင်မည်ဖြစ်ပါသည်။ ထို့ကြောင့် စွန့်ပစ်အမှိုက်ထွက်ရှိမှု ပမာဏမှာ အနည်းငယ်သာဖြစ်ပြီး အတိုင်းအတာမှာ စီမံကိန်းအတွင်းသာ လုပ်ဆောင်ခြင်းဖြစ်သောကြောင့် ထိခိုက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဖြစ်သတ်မှတ် နိုင်ပါသည်။ အဆိုပြုထားသော လျော့ပါးရေးအစီအမံများကို မှန်ကန်စွာ အကောင် အထည်ဖော်ပါက သိသာထင်ရှားမှုကို "အရေးမပါသော" အဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်းအရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှုအဆင့် |
|---|---|---|---|---|---|---|
| စွန့်ပစ်ပစ္စည်း | ဖြိုဖျက်အမှိုက်၊ လုပ်သားစွန့်ပစ်အမှိုက် | နည်း (+၂) | ခဏတာ (+၁) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၁၆) |

*ကုစားလျှော့ချခြင်း*

စီမံကိန်းပိတ်သိမ်းရေးအဆင့်အတွင်း အမှိုက်ကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ပါးရေးအတွက် အောက်ပါ အစီအမံများအတိုင်း ဆောင်ရွက်သွားပါမည်။

- လုပ်ငန်းခွင်အတွင်းယာယီအမှိုက်ပုံးများကို လုံလောက်စွာ ထားရှိပေးခြင်း
- ပြန်လည်အသုံးပြုနိုင်သောအမှိုက်များအားခွဲခြားသိမ်းဆည်း၍ ပြန်လည်ရောင်းချခြင်း
- မြို့နယ်စည်ပင် သာယာ၏ လမ်းညွှန်ချက်အတိုင်း အမှိုက်စွန့်ပစ်ခြင်း။

**(င) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး**

ဖြိုဖျက်ခြင်းလုပ်ငန်းစဉ်အဆင့်တိုင်းတွင် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်နိုင်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

ဖြိုဖျက်ခြင်းလုပ်ငန်းခွင်အတွင်း မတော်တဆမှုဖြစ်ပွားရခြင်းအကြောင်းရင်းများသည် လုပ်ငန်းကန်ထရိုက်တာ၏ ဘေးကင်းရေးအစီအမံများနှင့် အလုပ်သမားများ၏လိုက်နာခြင်း အပြုအမူပေါ်တွင်များစွာ မူတည်ပါသည်။ ဖျက်သိမ်းမှု ပမာဏ၊ ကြာချိန်နှင့်အတိုင်းအတာများအရမှု ထိခိုက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဆင့် အဖြစ် အောက်ပါအတိုင်း သတ်မှတ်နိုင်ပါသည်။ အဆိုပြုထားသော လျှော့ပါးရေးအစီအမံများကို မှန်ကန်စွာ အကောင်အထည် ဖော်ပါက ထိခိုက်မှု၏ အရေးပါမှုကို "အရေးမပါသော" အဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်းအရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှုအဆင့် |
|---|---|---|---|---|---|---|
| လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းရေး | မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း | နည်း (+၂) | ခဏတာ (+၁) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၁၆) |

*ကုစားလျှော့ချခြင်း*

စီမံကိန်းပိတ်သိမ်းရေးအဆင့်အတွင်း လုပ်ငန်းခွင်ဘေးကင်းရေးအတွက် အောက်ပါအစီအမံများ အတိုင်း ဆောင်ရွက်သွားပါမည်။

- ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများ၊ လိုက်နာမှတ်များ သိမြင်သာရန် ထားရှိခြင်း
- လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများ အသုံးပြုစေခြင်း
- လုပ်ငန်းခွင်တွင်ရှေးဦးသူနာပြု ပစ္စည်းများနှင့် အရေးပေါ်အဆက်အသွယ်အချက်လက်များ ထားရှိပေးခြင်း

**(စ) လူမှုစီးပွားရေး**

စီမံကိန်းပိတ်သိမ်းရေးကာလအတွင်း ဖြိုဖျက်ရေးလုပ်ငန်းများ၌ အလုပ်အကိုင်အခွင့်အလမ်းများ အနည်းနှင့်အများ ဖန်တီးပေးနိုင်သောကြောင့် ကောင်းကျိုးရှိသော လူမှုစီးပွား သက်ရောက်မှုများကို ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဒေသန္တရစီးပွားရေးအနေဖြင့် ဒေသရှိလုပ်ငန်းများ (ဖြိုဖျက်ရေး ကန်ထရိုက်၊ သယ်ယူပို့ဆောင်ရေးကားအငှားလုပ်ငန်း) စသည်တို့လည်း စီမံကိန်းပိတ်သိမ်းရေး ကာလအတွင်း လုပ်ငန်းရရှိ၍ အကျိုးစီးပွားဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဆိုးကျိုးသက်ရောက်မှု အနေဖြင့် လက်ရှိလုပ်ကိုင်နေသော အလုပ်သမားများ အလုပ်အကိုင်ဆုံးရှုံးမည်ဖြစ်ပါသည်။

*ထိခိုက်သက်ရောက်မှုအတိုင်းအတာ*

စီမံကိန်းပိတ်သိမ်းခြင်းကြောင့် ဖြစ်ပေါ်သော လူမှုစီးပွားကောင်းကျိုးအနေဖြင့် ပမာဏနှင့် အတိုင်းအတာမှာ အသင့်အတင့်နှင့်ဒေသန္တရအတွင်းဖြစ်သောလည်း အချိန်အားဖြင့် ခဏတာကာလ အတွင်းဖြစ်သဖြင့် သက်ရောက်မှု၏ သိသာထင်ရှားမှုကို "နည်း" အဆင့်အဖြစ် သတ်မှတ်နိုင်ပါသည်။ လူမှုစီးပွားဆိုးကျိုးအနေဖြင့် လုပ်သားများအလုပ်ကိုင် ဆုံးရှုံးမှု၏ ပမာဏနှင့် အတိုင်းအတာမှာ အသင့်အတင့်နှင့်ဒေသန္တရအတွင်းဖြစ်ပြီး ရေရှည်ဆုံးရှုံးခြင်းဖြစ်သဖြင့် ထိခိုက်မှု၏ သိသာထင်ရှားမှု ကို "အလယ်အလတ်" အဖြစ် သတ်မှတ်နိုင်ပါသည်။ ဆိုးကျိုးသက်ရောက်မှုအား အဆိုပြုထားသော လျော့ပါးရေးအစီအမံများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

*သက်ရောက်မှုဆန်းစစ်ချက်ဇယား*

| အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သိသာထင်ရှားမှု အဆင့် |
|---|---|---|---|---|---|---|
| လူမှုစီးပွားရေး (ကောင်းကျိုး) | အလုပ်အကိုင် အခွင့်အလမ်း | နည်း (+၂) | ခဏတာ (+၁) | ဒေသန္တရတွင်း (+၂) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၀) |
| လူမှုစီးပွားရေး (ဆိုးကျိုး) | အလုပ်အကိုင် ဆုံးရှုံး | နည်း (+၂) | ကာလရှည် (+၄) | Site ဧရိယာ (+၁) | ဖြစ်နိုင်ချေများ (×၄) | နည်း (၂၈) |

*ကူစားလျှော့ချခြင်း*

လုပ်ငန်းပိတ်သိမ်းအဆင့်အတွင်း လူမှုစီးပွားဆိုးကျိုးသက်ရောက်မှုကို လျှော့ပါးရန် အောက်ပါ အစီအမံများကို ဆောင်ရွက်သွားပါမည်။

- စက်ရုံမပိတ်မီ အနည်းဆုံး ၃ လကြို၍ အလုပ်သမားများအား အသိပေးခြင်း
- ဖြစ်နိုင်လျှင် လုပ်ငန်းတူစက်ရုံများတွင် အလုပ်အကိုင်ရရှိစေရန် အလုပ်သမားများကို ထောက်ခံချက်ပေးခြင်း
- အလုပ်သမားနှင့်ဆိုင်သော ဥပဒေများနှင့်အညီ လျော်ကြေးပေးခြင်း

**ဇယား ၆-၃ စက်ရုံလည်ပတ်သည့်ကာလအတွင်း သက်ရောက်မှုအဆင့်သတ်မှတ်ချက်ရလဒ်များ**

| စဉ် | အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သက်ရောက်မှတ် | သက်ရောက်မှုအဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | လေအရည်အသွေး | အမှုန်, PM, CO, $SO_2$, $NO_2$, | ၂ | ၄ | ၂ | ၄ | ၃၂ | အလယ်အလတ် |
| ၂ | ဆူညံသံနှင့် တုန်ခါမှု | Noise leve(dBA), vibration (m/s) | ၂ | ၄ | ၁ | ၄ | ၂၈ | နည်း |
| ၃ | ရေအရည်သွေး | စွန့်ပစ်ရေ | ၂ | ၄ | ၂ | ၃ | ၂၄ | နည်း |
| ၄ | စွန့်ပစ်ပစ္စည်း | လုပ်ငန်းသုံးနှင့် လူသုံးစွန့်ပစ် အမှိုက် | ၂ | ၄ | ၁ | ၄ | ၂၈ | နည်း |
| ၅ | မြေအရည်အသွေး | လောင်စာဆီ ယိုဖိတ်မှု နှင့် ယိုစိမ့်မှု | ၁ | ၄ | ၁ | ၃ | ၁၈ | နည်း |
| ၆ | လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး | မတော်တဆ ထိခိုက်မှု၊ ကူးစက်ရောဂါ | ၂ | ၄ | ၁ | ၃ | ၂၄ | နည်း |
| ၇ | မီးဘေးအန္တရာယ် | ထိခိုက်ဒဏ်ရာ၊ ပစ္စည်းဆုံးရှုံး | ၂ | ၄ | ၂ | ၄ | ၃၂ | အလယ်အလတ် |
| ၈ | သဘာဝဘေး အန္တရာယ် | ထိခိုက်ဒဏ်ရာ၊ ပစ္စည်းဆုံးရှုံး | ၂ | ၄ | ၂ | ၃ | ၂၄ | နည်း |
| ၉ | လူမှုစီးပွားရေး | အလုပ်အကိုင်အခွင့်အလမ်း | ၂ | ၄ | ၂ | ၄ | ၃၂ (ကောင်းကျိုး) | အလယ်အလတ် |
| | | လူမှုပြဿနာ | ၂ | ၄ | ၁ | ၃ | ၂၁ (ဆိုးကျိုး) | နည်း |

**ဇယား ၆-၃ စက်ရုံပိတ်သိမ်းကာလအတွင်း သက်ရောက်မှုအဆင့်သတ်မှတ်ချက်ရလဒ်များ**

| စဉ် | အကြောင်း အရာ | ဖြစ်ပေါ်မှု | ပမာဏ | ကြာချိန် | အတိုင်းတာ | ကြိမ်နှုန်း | သက်ရောက်မှတ် | သက်ရောက်မှုအဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | လေအရည်အသွေး | dust, PM CO, $SO_2$, $NO_2$, | ၃ | ၁ | ၁ | ၄ | ၂၀ | နည်း |
| ၂ | ဆူညံသံနှင့် တုန်ခါမှု | Noise leve(dBA), vibration (m/s) | ၃ | ၁ | ၁ | ၄ | ၂၀ | နည်း |
| ၃ | ရေအရည်သွေး | စွန့်ပစ်ပစ္စည်းနှင့် ဆေးကြောရေ | ၂ | ၁ | ၂ | ၄ | ၂၀ | နည်း |
| ၄ | စွန့်ပစ်ပစ္စည်း | ဖြိုဖျက်ပြီးအမှိုက်၊ လုပ်သားစွန့်ပစ်အမှိုက် | ၂ | ၁ | ၁ | ၄ | ၁၆ | နည်း |
| ၅ | လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး | မတော်တဆထိခိုက်မှု၊ ကူးစက်ရောဂါ | ၂ | ၁ | ၁ | ၄ | ၁၆ | နည်း |
| ၆ | လူမှုစီးပွားရေး | အလုပ်အကိုင်အခွင့်အလမ်း | ၂ | ၁ | ၂ | ၄ | ၂၀ (ကောင်းကျိုး) | နည်း |
| | | အလုပ်အကိုင်ဆုံးရှုံး | ၂ | ၄ | ၁ | ၄ | ၂၈ (ဆိုးကျိုး) | နည်း |

## ဇယား၆-၄ အဆိုပြုစက်ရုံဖော်ဆောင်မှုကြောင့်ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု အကျဉ်းချုပ်

| ထိခိုက်မှု | | ပတ်ဝန်းကျင်အပေါ်သက်ရောက်မှု | |
|---|---|---|---|
| သက်ရောက်မှုအဆင့် | ဖော်ပြချက် | လည်ပတ်ကာလ | ပိတ်သိမ်းကာလ |
| အလွန်နည်း | အသေးအဖွဲ့ သို့မဟုတ် လျော့ပါးရေး ကုစားရန် မလိုအပ်ပါ | ၁ | - |
| နည်း | အသေးစား ကုစားရန် လိုအပ် | ၇ | ၇ |
| အလယ်အလတ် | ထပ်လောင်း ကုစားရန် အနည်းနှင့် အများ လိုအပ် | ၃ | - |
| မြင့် | ထပ်လောင်း ကုစားမှု များစွာ (သို့) ပရောဂျက်ဒီဇိုင်း ပြုပြင်မွမ်းမံမှု လိုအပ် | - | - |
| အလွန်မြင့် | ထပ်လောင်း ကုစားမှု များစွာ လိုအပ် သည့်အပြင် ပရောဂျက်ဒီဇိုင်းကို ပြုပြင် မွမ်းမံမှု (သို့) အခြားရွေးချယ်စရာ လုပ်ဆောင်ချက် လိုအပ်နိုင်ပါသည်။ | - | - |

## ၇။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ဤအခန်းတွင် စီမံကိန်း၏ သက်တမ်းကာလတစ်လျှောက် စီမံကိန်းအဆိုပြုသူမှ အကောင်အထည်ဖော်ရန် လိုအပ်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan- EMP) နှင့် ပတ်ဝန်းကျင်စောင့်ကြပ် ကြည့်ရှုရေး အစီအစဉ် (Environmental Monitoring Plan- EMoP) ကို တင်ပြထားပါသည်။ ဤ EMP သည် အဆိုပြုထားသော စီမံကိန်း၏ ဖြစ်နိုင်ခြေရှိသော ပတ်ဝန်းကျင်ဆိုင်ရာ ကောင်းကျိုးနှင့် ဆိုးကျိုး သက်ရောက်မှု အားလုံးကို စနစ်တကျ စူးစမ်းလေ့လာခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုအဆင့်များတွင် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများအပေါ် လျော့ပါးသက်သာစေရေးနှင့် စောင့်ကြည့်ရေးအစီအမံများကို ဖော်ထုတ်ထားပါသည်။

### ၇.၁။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရေးအဖွဲ့

EMP/EMoP ကို အကောင်အထည်ဖော်ရန်အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရေးအဖွဲ့ Environmental Management Plan Implementation Team (EMPIT) အားဇယား ၇.၁ တွင်ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းထားမည်ဖြစ်ပါသည်။

ဇယား ၇-၁ EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT)

| စဉ် | ရာထူး | တာဝန် | ဦးရေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | စက်ရုံပိုင်ရှင် | ဥက္ကဋ္ဌ | ၁ | ဆားမလောက်အရက်ချက်စက်ရုံ |
| ၂ | စက်ရုံမန်နေဂျာ | အဖွဲ့ခေါင်းဆောင် | ၁ | ဆားမလောက်အရက်ချက်စက်ရုံ |
| ၃ | ကြီးကြပ်ရေးမှူး | အဖွဲ့ဝင် | ၁ | ဆားမလောက်အရက်ချက်စက်ရုံ |
| ၄ | အလုပ်ကြပ် | အဖွဲ့ဝင် | ၁ | ဆားမလောက်အရက်ချက်စက်ရုံ |
| ၅ | စားရင်းကိုင် | အဖွဲ့ဝင် | ၁ | ဆားမလောက်အရက်ချက်စက်ရုံ |

EMPIT အဖွဲ့၏တာဝန်ဝတ္တရားများ

*ဒါရိုက်တာ*

မန်နေးဂျင်းဒါရိုက်တာတစ်ဦး၏ တာဝန်နှင့် ဝတ္တရားများမှာ မူဝါဒများ ချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ တာဝန်များကို ခွဲဝေပေးခြင်း၊ စီစဉ်ခြင်း၊ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ ပါဝင်သည်။

*စက်ရုံမှူး (အဖွဲ့ခေါင်းဆောင်)*

- ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ကြီးကြပ်၍အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

- EMP/EMoP ဆောင်ရွက်မှု ရလဒ်များအပေါ် သုံးသပ်ခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် မှတ်တမ်းများကို ထိန်းသိမ်းခြင်း။
- EMP နှင့် EMoP အကောင်အထည်ဖော်မှုအတွက် လိုအပ်သောဘတ်ဂျက်ကို ပြန်လည်သုံးသပ်ပြီး အတည်ပြုခြင်း၊
- ပတ်ဝန်းကျင်ဆိုင်ရာအစီရင်ခံစာများ တင်ပြနိုင်ရေးဆောင်ရွက်ခြင်း။

*အဖွဲ့ဝင်များ*

- *ဒါရိုက်တာ*နှင့် အဖွဲ့ခေါင်းဆောင်၏ ညွှန်ကြားသည့်အတိုင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးခြင်း။
- စက်ရုံအလုပ်သမားများ စက်ရုံ၏ EMP ကို လိုက်နာရန် လမ်းညွှန်မှုပေးခြင်း။
- EMP တွင် အလုပ်နှင့် သုံးစွဲခဲ့သော ဘတ်ဂျက်အားလုံးကို မှတ်တမ်းပြုစုပြီး စက်ရုံမှူးထံ တင်ပြခြင်း။
- သဘာဝပတ်ဝန်းကျင်ကာကွယ်မှုရရှိရန်အတွက် လျှော့ပါးသက်သာရေး (သို့) ထိန်းချုပ်မှု အစီအမံများ၏ ထိရောက်မှုကို စောင့်ကြည့်အကဲဖြတ်ရန်၊
- လိုအပ်ပါက၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ကာကွယ်ရန် နည်းပညာဆိုင်ရာ အဆင့်မြှင့်တင်မှုအတွက် စက်ရုံမှူးကို တင်ပြခြင်း။
- EMoP လုပ်ဆောင်ရန် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ပြင်ပအတိုင်ပင်ခံများ၊ ဓာတ်ခွဲခန်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

## ၇.၂။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ

### ၇.၂.၁။ လေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်

(က) စီမံခန့်ခွဲမှုရည်ရွယ်ချက်

လေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်သည် ဘေးပတ်ဝန်းကျင်အပေါ် အနံ့အသက်၊ လေထုညစ်ညမ်းမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဖြစ်နိုင်ချေကို လျှော့ချခြင်းဖြင့် စက်ရုံကို လည်ပတ်ရန် စီမံ ပြင်ဆင်ထားသည်။

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (NEQEG) ပါ သက်ဆိုင်ရာလေထုအရည်အသွေးစံနှုန်းများကို လိုက်နာရန် (ဤအစီရင်ခံစာ၏ အပိုင်း ၃.၃ တွင် ဖော်ပြထားသည်)

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်းဆောင်ရွက်သွားမည့် လေထုအရည်အသွေးအတွက် သင့်လျော်သော လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါဇယားတွင်ဖော်ပြထားပါသည်။

<table>
<tr><th colspan="3">စီမံကိန်းလည်ပတ်ကာလ</th></tr>
<tr><td rowspan="4">စီမံချက်များ</td><td>လုပ်ဆောင်ချက်အစီအစဉ်</td><td>အကြိမ်ရေ</td></tr>
<tr><td>- ကုန်ကြမ်းပေါင်းအိုးမှထွက်ရှိအခိုးအငွေ့ခေါင်းတိုင်အားသင့်တင်သော အမြင့် (သို့) အဆောက်ဦးပြင်ပအထိ ထားရှိ တပ်ဆင်၍ အသုံးပြုခြင်း</td><td>တစ်ကြိမ်</td></tr>
<tr><td>▪ စက်ရုံအတွင်းပုံမှန် သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ခြင်း<br>▪ လုပ်သားများအားအမှုန်အမွှားကာကွယ်ရေးနှာခေါင်းစည်းများ၊ လက်အိတ်များဝတ်ဆင် စေခြင်း(လိုအပ်သည့်နေရာတိုင်း)</td><td>နေ့စဉ်</td></tr>
<tr><td>▪ စက်ရုံပတ်လည်တွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်မျိုး များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း</td><td>လစဉ်</td></tr>
<tr><td>ငွေကြေးလျာထားမှု</td><td colspan="2">၈၀၀,၀၀၀ ကျပ် (နှစ်စဉ်)</td></tr>
<tr><td>ဆောင်ရွက်မည့်အဖွဲ့</td><td colspan="2">EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT)</td></tr>
<tr><th colspan="3">စီမံကိန်းပိတ်သိမ်းကာလ</th></tr>
<tr><td rowspan="2">စီမံချက်များ</td><td>လုပ်ဆောင်ချက်အစီအစဉ်</td><td>အကြိမ်ရေ</td></tr>
<tr><td>- လုပ်ငန်းခွင်နေရာနှင့်လမ်းအားရေဖြန်းပေးခြင်း<br>- စွန့်ပစ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းကိုမပြုလုပ်ရန်<br>- ကောင်းမွန်သည့်ယာဉ်နှင့်ယန္တရားများ အသုံးပြုခြင်းနှင့် ပုံမှန် စစ်ဆေးခြင်း</td><td>နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း</td></tr>
<tr><td>ငွေကြေးလျာထားမှု</td><td colspan="2">၃၀၀,၀၀၀ ကျပ် (ပိတ်သိမ်းကာလ- ၆လ)</td></tr>
<tr><td>ဆောင်ရွက်မည့်အဖွဲ့</td><td colspan="2">EMPIT (or) Contractor</td></tr>
</table>

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

ဤ EMP ၏ အပိုင်း ၇.၃ (EMoP) တွင် ဖော်ပြထားသည့်အတိုင်း လေထုအရည်အသွေး စောင့်ကြည့်ခြင်းကို လုပ်ဆောင်ပါမည်။

## ၇.၂.၂။ ဆူညံသံ စီမံခန့်ခွဲမှုအစီအစဉ်

(က) စီမံခန့်ခွဲမှုရည်ရွယ်ချက်

စီမံကိန်းမှ ဆူညံသံ ဖြစ်ပေါ်မှုနှင့်ထိခိုက်နိုင်မှုအား ကာကွယ်ရန်

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (NEQEG) ပါ သက်ဆိုင်ရာ ဆူညံသံအဆင့်စံနှုန်းများကို လိုက်နာရန် (ဤအစီရင်ခံစာ၏ အပိုင်း ၃.၃ တွင် ဖော်ပြထားသည်)

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်းဆောင်ရွက်သွားမည့် ဆူညံသံအဆင့်ကြောင့် ထိခိုက်မှု လျော့ပါးရေးအတွက် သင့်လျော်သော လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါ ဇယားတွင် ဖော်ပြထားပါသည်။

| စီမံကိန်းလည်ပတ်ကာလ | | |
|---|---|---|
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - အသံဆူညံမှုနည်းသောစက်များကို အသုံးပြုခြင်း (မှတ်ချက်-စီမံကိန်းဖော်ဆောင်မှု၏ ဘတ်ဂျက်ထဲတွင်ပါဝင်ပြီး) | တစ်ကြိမ် |
| | ▪ အသံဆူညံသောနေရာ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်နာရီ အချိန်အတိုင်း အတာ အတွင်းလုပ်ဆောင်ရန်နှင့် အကာကွယ် နားကြပ်တပ်၍ လုပ်ဆောင်ခြင်း | နေ့စဉ် |
| | ▪ စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း များ ပုံမှန် ဆောင်ရွက်ပေးခြင်း | လစဉ် |
| ငွေကြေးလျာထားမှု | ၅၀၀,၀၀၀ ကျပ် (နှစ်စဉ်) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT) | |
| စီမံကိန်းပိတ်သိမ်းကာလ | | |
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - လုပ်ငန်းသုံးစက်ပစ္စည်းကရိယာများ တစ်ပြိုင်နက်ဆက်တိုက် အသုံးမပြုရန်နှင့် ညအချိန်တွင် ဖျက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုမပြုခြင်း<br>- ယာဉ်/စက်များ အသုံးပြုခြင်းမရှိဘဲ စက်နှိုးထားခြင်းအား လျော့ချခြင်း | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |

| | | |
|---|---|---|
| | - အသံဆူညံသောနေရာ၌ လုပ်ဆောင်သောအလုပ်သမားများအား အကာကွယ် နားကြပ်တပ်၍ လုပ်ဆောင်စေခြင်း | |
| ငွေကြေးလျာထားမှု | ၂၀၀,၀၀၀ ကျပ် (ပိတ်သိမ်းကာလ- ၆လ) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMPIT (or) Contractor | |

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

ဤ EMP ၏ အပိုင်း ၇.၃ (EMoP) တွင် ဖော်ပြထားသည့်အတိုင်း ဆူညံသံစောင့်ကြည့်ခြင်းကို လုပ်ဆောင်ပါမည်။

### ၇.၂.၃။ ရေအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်

(က) စီမံခန့်ခွဲမှုရည်ရွယ်ချက်

စီမံကိန်းဖော်ဆောင်မှုမှ ပတ်ဝန်းကျင်ရှိ ရေအရည်အသွေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သော ညစ်ညမ်းမှုများ ထွက်လာခြင်းမှ ကာကွယ်ရန်

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

NEQEG လမ်းညွှန်ချက်ပါ သက်ဆိုင်သော ရေအရည်အသွေး စံနှုန်းများကို လိုက်နာရန် (ဤအစီရင်ခံစာ၏ အပိုင်း ၃.၃ တွင် ဖော်ပြထားပါသည်)

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်းဆောင်ရွက်သွားမည့် ရေအရည်အသွေးအတွက် သင့်လျော်သော လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါဇယားတွင်ဖော်ပြထားပါသည်။

| စီမံကိန်းလည်ပတ်ကာလ | | |
|---|---|---|
| | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| စီမံချက်များ | - မိလ္လာကန်စနစ်နှင့် ရေနုတ်မြောင်းများအားလုံးကို ပုံမှန်စစ်ဆေး ထိန်းသိမ်းခြင်း<br>- မတော်တဆ ယိုဖိတ်မှုမဖြစ်စေရန် လောင်စာဆီနှင့် ကစော်ဖောက်စိမ်ရည်များကို စနစ်တကျ သယ်ယူ ကိုင်တွယ်ခြင်း။<br>- ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းကို တားမြစ်ခြင်း | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၅၀၀,၀၀၀ ကျပ် (နှစ်စဉ်) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT) | |

| စီမံကိန်းပိတ်သိမ်းကာလ | | |
|---|---|---|
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - ရေမြောင်းအတွင်းသို့ ဖြိုဖျက်ပြီးအမှိုက်များစွန့်ပစ်ခြင်းအား တားမြစ်ခြင်း<br>- ဖြိုဖျက်ခြင်းလုပ်ငန်းသုံး ယာဉ်နှင့်စက်ပစ္စည်းများအား စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်း ခြင်းများ ပုံမှန် ဆောင်ရွက်ပေးခြင်း ဆေးကြောရေများကို များပြားစွာ မဖြစ်အောင် လိုအပ်သည်နှင့် ကိုက်ညီစွာသာ အသုံးပြုခြင်း | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၂၀၀,၀၀၀ ကျပ် (ပိတ်သိမ်းကာလ- ၆လ) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMPIT (or) Contractor | |

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

ဤ EMP ၏ အပိုင်း ၇.၃ (EMoP) တွင် ဖော်ပြထားသည့်အတိုင်း ရေအရည်အသွေး စောင့်ကြည့်ခြင်းကို လုပ်ဆောင်ပါမည်။

### ၇.၂.၄။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အစီအစဉ်

(က) စီမံခန့်ခွဲမှုရည်ရွယ်ချက်

စီမံကိန်းမှ စွန့်ပစ်ပစ္စည်း (အမှိုက်)တို့ကြောင့် ပတ်ဝန်းကျင်အပေါ်ဆိုးရွားစွာ ထိခိုက်မှုများ အား ကာကွယ်ရန်

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)-၂၀၂၀

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်း ဆောင်ရွက်သွားမည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အတွက် သင့်လျော် သော လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါဇယားတွင်ဖော်ပြထားပါသည်။

| စီမံကိန်းလည်ပတ်ကာလ | | |
|---|---|---|
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - အမှိုက်ပုံးများကို သတ်မှတ်ထားသောနေရာများတွင် လုံလောက်စွာ ထားရှိဆောင်ရွက် သွားခြင်း | တစ်ကြိမ် |

| | | |
|---|---|---|
| | ▪ ပြန်လည်အသုံးပြုနိုင်သောအမှိုက်များအားသီးခြား သိမ်းဆည်း၍ ပြန်လည် အသုံးပြုခြင်း (သို့) ရောင်းချခြင်း<br>▪ သတ်မှတ်အချိန် (သို့) ပမာဏ အလိုက်နောက်ဆုံး အမှိုက်များ စွန့်ပစ်ရန် မြို့နယ်စည်ပင် သာယာရေးအဖွဲ့အားဆက်သွယ်၍ စွန့်ပစ်ခြင်း<br>▪ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအား စနစ်တကျ ထားသို သီးခြားသိမ်းဆည်းပြီး လိုင်စင်ရအဖွဲ့အစည်း (သို့) မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့်ချိတ်ဆက်၍ စွန့်ပစ်ခြင်း | အပတ်စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၅၀၀,၀၀၀ ကျပ် (နှစ်စဉ်) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT) | |
| စီမံကိန်းတည်ဆောက်ကာလနှင့်ပိတ်သိမ်းကာလ | | |
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - လုပ်ငန်းခွင်အတွင်း ယာယီအမှိုက်ပုံးများကို လုံလောက်စွာ ထားရှိပေးခြင်း<br>- ပြန်လည်အသုံးပြုနိုင်သောအမှိုက်များအားခွဲခြားသိမ်းဆည်း၍ ပြန်လည်ရောင်းချခြင်း<br>- မြို့နယ်စည်ပင် သာယာ၏ လမ်းညွှန်ချက်အတိုင်း အမှိုက် စွန့်ပစ်ခြင်း။ | အပတ်စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၂၀၀,၀၀၀ ကျပ် (ပိတ်သိမ်းကာလ- ၆လ) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMPIT (or) Contractor | |

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

ဤ EMP ၏ အပိုင်း ၇.၃ (EMoP) တွင် ဖော်ပြထားသည့်အတိုင်း စွန့်ပစ်ပစ္စည်းစောင့်ကြည့်ခြင်းကို လုပ်ဆောင်ပါမည်။

### ၇.၂.၅။ မြေဆီလွှာအရည်အသွေးစီမံခန့်ခွဲမှု အစီအစဉ်

(က) စီမံခန့်ခွဲမှုရည်ရွယ်ချက်

စက်ရုံလည်ပတ်မှုမှ ပတ်ဝန်းကျင်ရှိ မြေဆီလွှာအရည်အသွေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သော ညစ်ညမ်းမှုများ ထွက်လာခြင်းမှ ကာကွယ်ရန်

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

NEQEG လမ်းညွှန်ချက်တွင် မြေဆီလွှာအရည်အသွေးအတွက် လိုက်နာရန် စံနှုန်းများမပါဝင်သောကြောင့် မြေဆီလွှာအရည်အသွေး အား အသိမှတ်ပြုခေတ်ခွဲခန်းတွင် ခေတ်ခွဲ၍ ရလာဒ်များအား မှတ်တမ်းပြု သိမ်းဆည်းထားမည်ဖြစ်ပြီး နောက်တိုင်းတာမှု တန်ဖိုးများဖြင့် နှိုင်းယှဉ်မှုအရ ပိုမိုတိုးတက်လာသည် (သို့မဟုတ်) ဆုတ်ယုတ်လာသည်တို့ကို သိရှိနိုင်မည်ဖြစ်ပါသည်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းတည်ဆောက်ကာလနှင့်ပိတ်သိမ်းကာလတို့တွင် မြေအရည်အသွေးပြောင်းလဲမှုမှာယာယီသာ သက်ရောက်မှုရှိမည့်ဖြစ်ပါသဖြင့် စီမံကိန်းလည်ပတ်ကာလအတွင်း ဆောင်ရွက်သွားမည့် မြေဆီလွှာ အရည်အသွေးအတွက် သင့်လျော်သော လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံကိန်းလည်ပတ်ကာလ | | |
|---|---|---|
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - မတော်တဆယိုဖိတ်ပါက မြေဆီလွှာသို့စိမ့်ဝင်မှုမရှိစေရန် လောင်စာဆီနှင့် အခြားဓာတုပစ္စည်းများကို ကွန်ကရစ်ခင်းထား၍ အမိုးအကာရှိသော နေရာတွင် သိမ်းဆည်းထားသိုခြင်း | တစ်ကြိမ် |
| | - မတော်တဆ ယိုဖိတ်မှုမဖြစ်စေရန် လောင်စာဆီနှင့် အခြားဓာတု ပစ္စည်းများကို စနစ်တကျ သယ်ယူကိုင်တွယ်ခြင်း။<br>- မော်တော်ယာဉ်နှင့်စက်ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၅၀၀,၀၀၀ ကျပ် (နှစ်စဉ်) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT) | |

## ၇.၂.၆။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု အစီအစဉ်

(က) စီမံခန့်ခွဲမှုရည်ရွယ်ချက်

ဤလုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးစီမံခန့်ခွဲမှုအစီအစဉ်သည် စီမံကိန်းအဆင့်တစ်ခုစီ အတွင်း စက်ရုံရှိ အလုပ်သမား/ဝန်ထမ်းများအတွက် ကျန်းမာရေးနှင့် ဘေးကင်းစေရန်အတွက် ပြင်ဆင်ထားပါသည်။

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

<u>လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဥပဒေ (၂၀၁၉)</u>

လုပ်ငန်းခွင် မတော်တဆမှုများနှင့် ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းဖြင့် အလုပ်ရှင်သို့မဟုတ် လုပ်ငန်းရှင်များသည် အလုပ်သမားများ၏ ကုန်ထုတ်စွမ်းအားနှင့် ကျန်းမာရေးကို မြှင့်တင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်းဆောင်ရွက်သွားမည့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးအတွက် လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံကိန်းလည်ပတ်ကာလ | | |
|---|---|---|
| | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - ထိခိုက်ဒဏ်ရာရမှုများနှင့် မတော်တဆမှုများအတွက်(First aid kit) ရှေးဦးသူနာပြုပစ္စည်းများနှင့် အဆက်အသွယ် အချက်အလက်များ ထားရှိပေးခြင်း<br>- ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေး ဆိုင်းဘုတ်များ၊ အမှတ်အသားများ၊ လိုက်နာမှတ်များ သိမြင်သာရန် ထားရှိခြင်း | တစ်ကြိမ် |
| စီမံချက်များ | ▪ လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး (PPE) ပစ္စည်းများ အသုံးပြုစေခြင်း<br>▪ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များအတွက် ကျန်းမာရေးဝန်ကြီးဌာမှ ထုတ်ပြန်ထားသော (COVID-19) ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး နည်းလမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားခြင်း | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| | ▪ စက်ပစ္စည်းနှင့်ကိရိယာများကို အသုံးပြုခြင်းနှင့် ကိုင်တွယ်ခြင်း အတွက် အလုပ်သမားများအား လိုအပ်သော သင်တန်းများနှင့်လမ်းညွှန်မှုပေးခြင်း<br>▪ ရှေးဦးသူနာပြုသင်တန်းများလုပ်ဆောင်ပေးခြင်း | နှစ်စဉ်(သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၁,၀၀၀,၀၀၀ ကျပ် (နှစ်စဉ်) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT) | |

| စီမံကိန်းတည်ဆောက်ကာလနှင့်ပိတ်သိမ်းကာလ | | |
|---|---|---|
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |

| | | |
|---|---|---|
| | - လုပ်ငန်းခွင်တွင်ရှေးဦးသူနာပြု ပစ္စည်းများနှင့် အရေးပေါ် အဆက်အသွယ်အချက်လက်များ ထားရှိပေးခြင်း<br>- ထိခိုက်အန္တရာယ်ရှိနိုင်သောနေရာများတွင် သတိပေး ဆိုင်းဘုတ်များ၊ အမှတ်အသားများ၊ လိုက်နာမှတ်များ သိမြင်သာရန် ထားရှိခြင်း | တစ်ကြိမ် |
| | - လိုအပ်သည့်နေရာများအလိုက် တစ်ကိုယ်ရေသုံးကာကွယ်ရေး (PPE) ပစ္စည်းများ အသုံးပြုစေခြင်း | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၃၀၀,၀၀၀ ကျပ် (ပိတ်သိမ်းကာလ- ၆လ) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMPIT (or) Contractor | |

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

ဤ EMP ၏ အပိုင်း ၇.၃ (EMoP) တွင် ဖော်ပြထားသည့်အတိုင်း လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်း ရေးအတွက် စောင့်ကြည့်ခြင်းကို လုပ်ဆောင်ပါမည်။

## ၇.၂.၇။ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်

(က) ရည်ရွယ်ချက်

အဆိုပြုစက်ရုံလည်ပတ်စဉ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ခြင်း။

(ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

<u>မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅)</u>၊

ပုဒ်မ ၂၅ အရ စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရ သော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ-

- သီးသန့်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းရန် ပျက်ကွက်ခြင်းမရှိစေရ။
- မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

(ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု စီမံချက်

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်းဆောင်ရွက်သွားမည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် လုပ်ဆောင်မှုအစီအစဉ်များအား အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံကိန်းလည်ပတ်ကာလ | | |
| --- | --- | --- |
| | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - မီးဘေးအန္တရာယ်မှ ကာကွယ်ရန် လုပ်ငန်းခွင်နေရာချပုံစံအား ဒေသန္တရမီးသတ်ဌာနမှ ညွှန်ကြားထားသည့် စက်မှုလုပ်ငန်းခွင်များနှင့် သက်ဆိုင်သော မီးသတ်ကုဒ်များ အတိုင်း အကောင်အထည် ဖော်ထားရှိခြင်း၊<br>- စက်ရုံတွင် မီးငြှိမ်းသတ်ကိရိယာများ၊ မီးသတ်ရေလှောင်ကန် တပ်ဆင်တည်ဆောက်ထားခြင်း၊<br>- အရေးပေါ်ထွက်ပေါက်များ၊ လမ်းကြောင်းများစီမံထားရှိခြင်း၊ | တစ်ကြိမ် |
| စီမံချက်များ | ▪ အရေးပေါ်ထွက်ပေါက်များ၊ လမ်းကြောင်းများအား အမြဲရှင်းလင်းထားခြင်း | နေ့စဉ် |
| | ▪ မီးငြှိမ်းသတ်ကိရိယာများ အသုံးပြုချိန်၌ ကောင်းမွန်မှုရှိရန်နှင့် အသင့်အနေ အထားဖြစ်ရန် စနစ်တကျ ထိန်းသိမ်း လဲလည်ထားခြင်း | (၆)လတစ်ကြိမ် |
| | ▪ ဒေသန္တရမီးသတ်ဌာန၏ အကူအညီဖြင့်လုပ်သားများအား မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရေးပေါ် မီးငြှိမ်းသတ်မှု သင်တန်းများ ပို့ချခြင်း | (၁)နှစ် တစ်ကြိမ် |
| ငွေကြေးလျာထားမှု | ၁,၅၀၀,၀၀၀ ကျပ် (နှစ်စဉ်) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMP/EMoP အကောင်အထည်ဖော်ရေးအဖွဲ့ (EMPIT) | |

| စီမံကိန်းတည်ဆောက်ကာလနှင့်ပိတ်သိမ်းကာလ | | |
| --- | --- | --- |
| စီမံချက်များ | *လုပ်ဆောင်ချက်အစီအစဉ်* | *အကြိမ်ရေ* |
| | - လုပ်ငန်းခွင်တွင် မီးငြှိမ်းသတ်ကိရိယာများထားရှိပေးခြင်း | တစ်ကြိမ် |
| | - လုပ်သားများအား လုပ်ငန်းခွင်တွင် ပေါ့ဆမီးနှင့် မီးဘေး အန္တရာယ် ဖြစ်ပေါ်မှုမရှိစေရန် သတိပေးလိုက်နာမှု စည်းကမ်း များချမှတ်ဆောင်ရွက်ခြင်း။ | နေ့စဉ် (သို့) လိုအပ်သည့် အခါတိုင်း |
| ငွေကြေးလျာထားမှု | ၅၀၀,၀၀၀ ကျပ် (ပိတ်သိမ်းကာလ- ၆လ) | |
| ဆောင်ရွက်မည့်အဖွဲ့ | EMPIT (or) Contractor | |

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

ဤ EMP ၏ အပိုင်း ၇.၃ (EMoP) တွင် ဖော်ပြထားသည့်အတိုင်း မီးဘေးအန္တရာယ်ကာကွယ်ရေး အတွက် စောင့်ကြည့်ခြင်းကို လုပ်ဆောင်ပါမည်။

## ၇.၃။ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်

### ၇.၃.၁၊ ရည်ရွယ်ချက်

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ် လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ

- အဆိုပါလုပ်ငန်းဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင် အစိတ်အပိုင်းတစ်ခု၏ အရည်အသွေး (သို့မဟုတ်) ပမာဏသည် သတ်မှတ်ထားသော စံနှုန်း (သို့မဟုတ်) လမ်းညွှန်ချက် တန်ဖိုး ထက်ကျော်လွန်၍ ပြောင်းလဲခြင်းရှိ၊ မရှိကို စစ်ဆေးရန်၊
- ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးထိခိုက်မှုများအား လျှော့ချရေးနည်းလမ်းများ၏ ထိရောက်မှုကို ဆန်းစစ်ရန်နှင့် ထပ်မံလျှော့ချရေး ပြင်ဆင်မှုလုပ်ငန်းများ လိုအပ်ခြင်းရှိ၊ မရှိကိုဆုံးဖြတ်ရန်၊ တို့ဖြစ်ပါသည်။

### ၇.၃.၂။ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုလုပ်ဆောင်မည့်အဖွဲ့အစည်း

ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အထက်တွင်ဖော်ပြထားပြီးသော ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ရေးအဖွဲ့ Environmental Management Plan Implementation Team (EMPIT) မှတာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးတိုင်းတာမှုများအား ပြင်ပပတ်ဝန်းကျင်ဆိုင်ရာ တိုင်းတာရေးအဖွဲ့ (သို့) ပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးအဖွဲ့အစည်းများနှင့်ပူးပေါင်း အကောင်ထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ၇.၃.၃။ လမ်းညွှန်ချက်များနှင့် စံနှုန်းများ

စောင့်ကြပ်ကြည့်ရှုမည့် ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးတန်ဖိုးများအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (NEQEG) ပါ သက်ဆိုင်ရာ အရည်အသွေးစံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။ (လိုက်နာမည်အရည် အသွေးစံနှုန်းများအသေးစိတ်ကို ဤအစီရင်ခံစာ၏ အခန်း၃၊ အပိုင်း ၃.၃ တွင် ဖော်ပြထားပါသည်)

### ၇.၃.၄။ စောင့်ကြပ်ကြည့်မှုအစီအစဉ်များ

စီမံကိန်းကာလအဆင့်တစ်ခုစီအတွင်းဆောင်ရွက်သွားမည့် စောင့်ကြည့်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးများ၊ လုပ်ဆောင်မှုများ၊ စောင့်ကြည့်သည့်နေရာများ၏ တည်နေရာ၊ ကြိမ်နှုန်း၊ လျာထားငွေနှင့် စောင့်ကြည့်မှုဘောင်တစ်ခုစီအတွက် တာဝန်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ဇယား ၇-၂ စီမံကိန်းလည်ပတ်ရေးကာလပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ

| အမျိုးအစား | စောင့်ကြပ်ကြည့်ရှုမည့်အရာများ | အကြိမ်ရေ | စောင့်ကြပ်ကြည့်ရမည့်နေရာများ | တာဝန်ယူဆောင်ရွက်မည်သူ | နှစ်စဉ် ခန့်မှန်းကုန်ကျစရိတ် (ကျပ်) |
|---|---|---|---|---|---|
| *စီမံကိန်းလည်ပတ်ကာလ* | | | | | |
| လေအရည်အသွေး | $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, CO, $O_3$ | (၆)လ တစ်ကြိမ် | ထုတ်လုပ်မှုစက်ရုံအနီး (17°36'35.11"N 95°28'48.23"E) | EMPIT | ၁,၂၀၀,၀၀၀ |
| ဆူညံသံ | Noise level in dB(A) | (၆)လ တစ်ကြိမ် | ထုတ်လုပ်မှုစက်ရုံအတွင်း (17°36'35.11"N 95°28'48.23"E) | EMPIT | ၄၀၀,၀၀၀ |
| ရေအရည်အသွေး | pH, Turbidity, Total Dissolved Solids, Iron, Fluoride, Color, Total Hardness, Chloride and Sulphate | (၆)လ တစ်ကြိမ် | အဝီစိတွင်းရေ (17°36'35.07"N 95°28'48.48"E) | EMPIT | ၃၀၀,၀၀၀ |
| | DO, COD, BODs, pH, TSS, TDS, oil & grease, TP, Ammonia, Iron | (၆)လ တစ်ကြိမ် | စွန့်ပစ်ရေ (EPT outlet) (17°36'35.05"N 95°28'47.40"E) | EMPIT | ၃၀၀,၀၀၀ |
| စွန့်ပစ်ပစ္စည်း | လူသုံးကုန်အမှိုက်၊ အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ၊ အမှိုက်အိတ်များထားရာနေရာ | အပတ်စဉ် | စက်ရုံတွင်း နှင့် ယာယီအမှိုက်ကန် | EMPIT | ၁၅၀,၀၀၀ |
| ကျန်းမာရေးနှင့် ဘေးကင်းရေး | စက်ရုံတွင်း မတော်တဆ ထိခိုက်မှု အဖြစ်အပျက် မှတ်တမ်းတင်ခြင်း | လစဉ် | စက်ရုံဝင်းတွင်း (မှတ်တမ်းစာရွက်စာတမ်းများ) | EMPIT | ၁၅၀,၀၀၀ |
| မီးဘေးအန္တရာယ် | မီးသတ်ဗူးများ၊ မီးဘေးအချက်ပြ စနစ် စသည်တို့ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းရှိ/ မရှိ | လစဉ် | စက်ရုံတွင်း (မှတ်တမ်းစာရွက်စာတမ်းများ) | EMPIT | ၂၀၀,၀၀၀ |

## ဇယား ၇-၃ စီမံကိန်းပိတ်သိမ်းရေးကာလပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်များ

| အမျိုးအစား | စောင့်ကြပ်ကြည့်ရှုမည့်အရာများ | အကြိမ်ရေ | စောင့်ကြပ်ကြည့်ရှုမည့်နေရာများ | တာဝန်ယူဆောင်ရွက်မည့်သူ | ခန့်မှန်း ကုန်ကျစရိတ် (ကျပ်) |
|---|---|---|---|---|---|
| *စီမံကိန်းပိတ်သိမ်းကာလ (ပိတ်သိမ်းကာလမှာ အများဆုံး ကြာချိန်ခြောက်လခန့်ဖြစ်၍ တိုင်းတာမှုမှာ တစ်ကြိမ်သာရှိမည်ဖြစ်ပါသည်)* | | | | | |
| လေအရည်အသွေး | $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, CO, $CO_2$, $O_3$ | ခြောက်လတစ်ကြိမ် | ဖြိုဖျက်ခြင်းလုပ်ငန်းခွင်နေရာ (17°36'35.11"N 95°28'48.23"E) | EMPIT (or) Contractor | ၆၀၀,၀၀၀ |
| ဆူညံသံ | Noise level in dB(A) | ခြောက်လတစ်ကြိမ် | ဖြိုဖျက်ခြင်းလုပ်ငန်းခွင် (17°36'35.11"N 95°28'48.23"E) | EMPIT (or) Contractor | ၂၀၀,၀၀၀ |
| ရေအရည်အသွေး | DO, COD, BODs, pH, TSS, TDS, oil & grease, TP, Ammonia, Iron, | ခြောက်လတစ်ကြိမ် | ဖြိုဖျက်ခြင်းလုပ်ငန်းခွင်မှ စွန့်ပစ်ရည် (Effluent) (17°36'35.05"N 95°28'47.40"E) | EMPIT (or) Contractor | ၂၀၀,၀၀၀ |
| စွန့်ပစ်ပစ္စည်း | အမှိုက်ခွဲခြားစွန့်ပစ်ခြင်း၊ စွန့်ပစ်နေရာ | အပတ်စဉ် | ဖြိုဖျက်ခြင်းလုပ်ငန်းခွင် | EMPIT (or) Contractor | ၁၀၀,၀၀၀ |
| ကျန်းမာရေးနှင့် ဘေးကင်းရေး | လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှု အဖြစ်အပျက် မှတ်တမ်းတင်ခြင်း | လစဉ် | ဖြိုဖျက်ခြင်းလုပ်ငန်းခွင် (မှတ်တမ်းစာရွက်စာတမ်းများ) | EMPIT (or) Contractor | ၁၀၀,၀၀၀ |

### ၇.၃.၅။ မှတ်တမ်းထားရှိခြင်းနှင့် အစီရင်ခံခြင်း။

မှတ်တမ်းထိန်းသိမ်းခြင်းနှင့် အစီရင်ခံခြင်းတို့သည် စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်မှုကို သေချာစေရန်အတွက် အရေးကြီးသောစီမံခန့်ခွဲမှုကိရိယာတစ်ခုဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်း၊ စောင့်ကြပ်ကြည့်မှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ပြဿနာများအတွက် မှတ်တမ်းများကို ပြုစုထိန်းသိမ်းထားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အပိုဒ် ၁၀၈ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု (EMP) အချိန်ဇယားပါလိုအပ်သော ကန့်သတ်ဘောင်များ၏ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ခြောက်လတစ်ကြိမ် သို့မဟုတ် ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန (ECD) သို့ တင်ပြသွားမည်ဖြစ်သည်။

### ၇.၄။ အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်

### (က) ရည်ရွယ်ချက်

စီမံကိန်းဆောင်ရွက်လည်ပတ်စဉ်ကာလအတွင်း လူသားများကြောင့်ဖြစ်စေ၊ သဘာဝဘေးကြောင့်ဖြစ်စေ ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်အမျိုးမျိုး၏ နောက်ဆက်တွဲ အကျိုးဆက်များကို လျော့ချရန်နှင့် အချိန်နှင့် တပြေးညီထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ် Emergency Response Plan (ERP) အား ရေးဆွဲထားခြင်း ဖြစ်ပါသည်။ အစီအစဉ်အား စက်ရုံဧရိယာအတွင်းရှိ ဝန်ထမ်းလုပ်သားများ ထိခိုက်မှုများ၊ ပစ္စည်းကိရိယာနှင့် အဆောက်အဦ ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် (သို့) ကြိုတင်ကာကွယ်မှုပေးရန် စသည့်ဖြင့် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

### (ခ) ဥပဒေ၊စည်းမျဉ်းလိုအပ်ချက်

ERP အစီအစဉ်အား လုပ်ငန်းခွင်ဘေးကင်းရေးနှင့် ကျန်းမာရေးဥပဒေ (၂၀၁၉)၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅) စသည့် တည်ဆဲဥပဒေများအားလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ဂ) အဖွဲ့အစည်းနှင့်နှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်

အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်အား EMPIT အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရေးအပေါ်အခြေအနေတွင် စက်ရုံရှိ ဝန်ထမ်းလုပ်သားများအားလုံး လိုက်နာဆောင်ရွက်ရန် အရေးပေါ်လှုပ်ရှားမှုအစီအစဉ်များရေးဆွဲထားရှိမည်ဖြစ်ပါသည်။

**(ဃ) ဆက်သွယ်ရန်စာရင်း**

ERP အစီအစဉ် တွင် သတင်းပို့နိုင်သော အဖြစ်အပျက် အသိပေးချက်၊ ဆက်သွယ်ရန် အချက်အလက်နှင့် အရေးပေါ် အချက်ပေးအသံ (ဥသြဆွဲခြင်း၊ သံချောင်းခေါက်ခြင်း) စသည်ဖြင့် အချက်အလက်များ ပါဝင်ရန်လိုအပ်သည်။ ထို့အပြင် မီးသတ်ဌာန၊ အနီးဆုံးဆေးရုံ၊ ပရဟိတ ဝန်ဆောင်မှုများ စသည်တို့ကို ဆက်သွယ်ရန် ဖုန်းနံပါတ်များကိုလည်း စက်ရုံ၏မြင်သာသည့် နေရာတွင်ထားရှိမည်ဖြစ်ပါသည်။

**(င) အကောင်အထည်ဖော်ရေး အစီအစဉ်**

အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်တွင် အရေးပေါ်အခြေအနေအဖြစ် အောက်ပါအတိုင်း အမျိုးအစားခွဲသတ်မှတ်ထားပါသည်၊

- ဆေးဘက်ဆိုင်ရာ အရေးပေါ်လုပ်ငန်းစဉ်များ။
- လူမှုရေးဆိုင်ရာ အရေးပေါ်လုပ်ငန်းစဉ်များ (ဆိုလိုသည်မှာ အငြင်းပွားမှု၊ ယာဉ်မတော်တဆမှုများ)၊
- မီးဘေးအရေးပေါ်စီမံချက်
- သဘာဝဘေးအန္တရာယ် (မြေငလျှင်လှုပ်ခြင်း/မုန်တိုင်းများ/ရေလွှမ်းမိုးမှုဖြစ်ရပ်များ)

*ဆေးဘက်ဆိုင်ရာအရေးပေါ်ကိစ္စရပ်များ*

လုပ်သားများမတော်တဆထိခိုက်မှု၊ နာမကျန်းဖြစ်မှု၊ ဓာတုပစ္စည်းအဆိပ်သင့်မှု စသည့် ဆေးဘက်နှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ လုပ်ဆောင်ခြင်း လိုအပ်ပါက အနီးဆုံးဆေးရုံသို့ပို့ဆောင်ပေးခြင်း

*လူမှုရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များ*

လူမှုရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်စဉ် စက်ရုံမှ တာဝန်ရှိ EMITအဖွဲ့သို့ အကြောင်းကြားမည်ဖြစ်ပြီး ၎င်းမှတဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ပါသည်။

*မီးဘေးအရေးပေါ်စီမံချက်*

မီးဘေးဆိုင်ရာအရေးပေါ်အတွက် Emergency Response Plan သည် မီးလောင်မှုဖြစ်ပွားပါက ဝန်ထမ်းအားလုံး လုပ်ဆောင်ရမည့် လုပ်ဆောင်ချက် နှင့် မီးသတ်တပ်ဖွဲ့ကို ခေါ်ဆိုရန် အစီအစဉ်များ

ပါဝင်သည့် စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်ပုံစံများအား မြင်သာသောနေရာတွင် ကပ်ထားရမည် ဖြစ်သည်။ မီးဘေးဆိုင်ရာအတွက် အောက်ပါအချက်များ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

- မီးသတိပေးသံ/အချက်ပေးသံအားလုံးကြားနိုင်စေရန်အတွက် လုပ်ဆောင်ခြင်း၊
- မီးသတ်တပ်ဖွဲ့ကို ခေါ်ဆိုခြင်း၊
- အဓိကထွက်ပေါက်လမ်းကြောင်းများကို ဖော်ထုတ်ခြင်း၊
- ဘေးကင်းသောစုဝေးရာနေရာသို့ ခေါ်ဆိုခြင်း၊
- မီးငြိမ်းသတ်ကိရိယာများ ထောက်ပံ့ပေးခြင်းစသည်တို့ဖြစ်ပါသည်။

စက်ရုံရှိဝန်ထမ်းများအားလုံး၏ ဘေးကင်းလုံခြုံရေးအတွက် အခြေခံလိုအပ်ချက်မှာ မီးလောင်မှု ဖြစ်ပွားပါက ပြင်ပအကူအညီမပါဘဲ ဘေးကင်းရာသို့ ရောက်ရှိနိုင်သည့် လွတ်လမ်းရှိရမည်ဖြစ်သည်။ လွတ်မြောက်ရန် နည်းလမ်းဖြစ်သည့် လမ်းကြောင်းများနှင့် ထွက်ပေါက်များကို အချိန်တိုင်းတွင် အသုံးပြုနိုင်ရန် ထားရှိသင့်ပြီး အဟန့်အတားများ ကင်းဝေးစေရမည်ဖြစ်သည်။ မီးလောင်မှုတိုင်းတွင် မီးငြိမ်းသတ်သည်ဖြစ်စေ မငြိမ်းသည်ဖြစ်စေ မီးသတ်တပ်ဖွဲ့ကို အမြန်ဆုံး ခေါ်ယူရမည်ဖြစ်သည်။

*သဘာဝဘေးအန္တရာယ်များအတွက်ကြိုတင်ပြင်ဆင်ခြင်း*

မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်သည့် မြေငလျှင်လှုပ်ခြင်း၊ မိုးကြိုးမုန်တိုင်းများ၊ ရေလွှမ်းမိုးမှုဖြစ်ရပ်များအတွက် အောက်ဖော်ပြပါ အစီအမံများဆောင်ရွက်သွားပါမည်

- မိုးလေဝသတင်းများနှင့် သတိပေးကြေညာချက်များကိုအမြဲနားထောင်ခြင်း
- အရေးပေါ်ဖြစ်ပေါ်ပါက ဆေးဝါး၊ သောက်ရေ၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်၊ ဖုန်းများ စသည်တို့အားကြိုတင်စီမံထားရှိခြင်း၊
- ရေလွှမ်းမိုးမှုမဖြစ်ခင် လိုအပ်ပါက ရွှေ့ပြောင်းနေထိုင်နိုင်ရန် နေရာရှာဖွေသတ်မှတ်ထားခြင်း၊
- ညအချိန်ဖြစ်ပါက အရေးပေါ်အချက်ပြမီးစနစ်များသတ်မှတ်ထားရှိခြင်း၊
- မိုးကြိုးလွှဲများတပ်ဆင်ထားခြင်း၊
- မိုးကြိုးပစ်ချိန်တွင် နီးစပ်ရာအဆောက်အဦသို့ဝင်ရန်၊ မြင့်မားသောအရာဝတ္ထုများအနီးနှင့် သစ်ပင်အောက်တွင် မနေရန်၊
- မြေငလျှင်လှုပ်ပါက အဆောက်အဦတွင်းရှိနေစဉ် အပြင်သို့ထွက်ခွာနည်းနှင့် ကြိုတင် ဇာတ်တိုက်လေ့ကျင့်ခြင်းများပြုလုပ်ခြင်း၊

ထိုအပြင် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြုံဆုံတိုင်း ပြုလုပ်ဆောင်ရွက်ရမည်အချက်များမှာ-

- ထိခိုက်မှုဖြစ်ပေါ်သည့်နေရာတွင် ဘေးကင်းအောင်ချက်ချင်းပြုလုပ်ခြင်း၊

- အကယ်၍ တက်နိုင်လျှင် ကောင်းစွာထိန်းချုပ်နိုင်သည့် လုပ်ထုံးလုပ်နည်းများ အဆက် မပြတ်ပြုလုပ်ရန်
- ကယ်ဆယ်ရေးတွင် တာဝန်ရှိသူကို နောက်ဆုံးရသတင်းအခြေအနေကို ချက်ချင်းအသိပေးခြင်း၊
- နောက်ဆက်တွဲအရေးပေါ်ကုသသည့် အဖွဲ့အစည်း ရောက်သည့်တိုင်အောင် ဆေးဝါးနှင့် ရှေးဦး သူနာပြုနည်းတို့ဖြင့်ကုသပေးထားခြင်း၊
- နောက်ဆုံးရသတင်းအခြေအနေကို တုံ့ပြန်ရေးအဖွဲ့ဝင်များကို အသိပေးရန်
- လုံခြုံမှု သို့မဟုတ် လိုအပ်လျှင်ဘေးလွတ်ရာသို့ ရောက်ရှိနိုင်စေရန်အတွက် ကူညီရန်၊
- နောက်ဆုံးစုရပ်တွင် လူဦးရေ စုစုပေါင်းအရေအတွက်ကိုပါ သေချာရေတွက်ရန်နှင့်
- အစိုးရ (သို့) ပြင်ပအဖွဲ့အစည်းများ (ရဲ၊ မီးသတ်၊ ဆေးဘက်ဆိုင်ရာ စသည့်) နှင့်ပူးပေါင်း လုပ်ဆောင်ရန်

| | |
|---|---|
| ငွေကြေးလျာထားမှု | ၁,၅၀၀,၀၀၀ (နှစ်စဉ်) |
| ဆောင်ရွက်မည့်အဖွဲ့ | EMPIT (လိုအပ်လျှင်) ဝန်ထမ်းများအားလုံး |

## ၇.၅။ လူမှုစီးပွားတာဝန်သိ အစီအစဉ် (CSR)

ဆားမလောက်အရက်ချက်စက်ရုံ အနေဖြင့် စီမံကိန်း တည်ရှိရာဒေသ ပတ်ဝန်းကျင် နေထိုင်သူများ၏ လူမှုစီးပွားပိုမိုတိုးတက် ကောင်းမွန်ပြီး ရင်းနှီးမှုခိုင်မာစေရန် အဆိုပြုလုပ်ငန်းမှ နှစ်စဉ်ရရှိသည့် အသားတင်အကျိုးအမြတ်များထဲမှ ၂ % အား လူမှုရေးအရ တာဝန်ယူ ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (Corporate Social Responsibility-CSR) အတွက် သုံးစွဲသွားမည် ဖြစ်ပါသည်။

### ၇.၅.၁။ CSR ၏ရန်ပုံငွေလျာထားချက်

ဆားမလောက်အရက်ချက်စက်ရုံသည် CSR အတွက် ကနဦးရန်ပုံငွေ ကျပ်သိန်း ၅၀ ခန့် လျာထား ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ထို့အပြင်အဆိုပြုလုပ်ငန်း၏ နှစ်စဉ် အမြတ်ဝင်ငွေမှ ၂ % အား CSR ရန်ပုံငွေ တွင် ဆက်လက်ထည့်ဝင်အသုံးပြုသွားပါမည်။ အဆိုပါ ရန်ပုံငွေအား အောက်ဖော်ပြပါ အကျိုးပြု လုပ်ငန်းများတွင်အချိုးကျသတ်မှတ်ပြီးခွဲဝေသုံးစွဲ သွားမည် ဖြစ်ပါသည်။

| စဉ် | ကဏ္ဍ | သုံးစွဲမည့်ရာခိုင်နှုန်း |
|---|---|---|
| ၁. | ပညာရေး | ၃၀% or (၁၅ သိန်း) |
| ၂. | လုပ်သားများဖူလုံရေး | ၂၀% or (၁၀ သိန်း) |
| ၃. | လူမှုရေးနှင့် ဒေသခံလူထုဖွံ့ဖြိုးတိုးတက်ရေး | ၃၀% or (၁၅ သိန်း) |

| | | |
|---|---|---|
| ၄. | သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီခြင်း | ၂၀% or (၁၀ သိန်း) |

## ၇.၆။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်လျာထားချက်

အဆိုပြုထားသော စီမံကိန်း၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များ အတွက် ခန့်မှန်းခြေ အသုံးစရိတ်လျာထားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ဇယား ၇-၄ EMP အသုံးစရိတ်လျာထားချက်**

| အစီအစဉ်အမည် | လျာထားငွေ (ကျပ်) | |
|---|---|---|
| | လည်ပတ်ကာလ (နှစ်စဉ်) | ပိတ်သိမ်းကာလ (၆ လ) |
| ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ခွဲများ | ၅,၃၀၀,၀၀၀ | ၁,၇၀၀,၀၀၀ |
| ပတ်ဝန်းကျင် စောင့်ကြပ်ကြည့်မှု အစီအစဉ် | ၂,၇၀၀,၀၀၀ | ၁,၂၀၀,၀၀၀ |
| အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ် | ၁,၅၀၀,၀၀၀ | - |
| CSR ရန်ပုံငွေ | ၅,၀၀၀,၀၀၀ | - |
| အထွေထွေကုန်ကျစရိတ် (သက်ဆိုင်ရာများထံမှစစ်ဆေးခြင်း/စာရင်းစစ်၊ စာရွက်စာတမ်း၊ ပို့ဆောင်ရေးစသည်ဖြင့်) | ၁,၀၀၀,၀၀၀ | ၅၀၀,၀၀၀ |
| **စုစုပေါင်း** | **၁၅,၅၀၀,၀၀၀** | **၃,၄၀၀,၀၀၀** |

စီမံကိန်းအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်ထည်ဖော်ဆောင်ရွက်ရမည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်များအတွက် ခန့်မှန်းခြေ အသုံးစရိတ်လျာထားချက်မှာ လုပ်ငန်းလည်ပတ်စဉ် ကာလတွင် နှစ်စဉ် (ကျပ်) ၁၅၅ သိန်း နှင့် လုပ်ငန်း ပိတ်သိမ်းရေးကာလ၌ (ကျပ်) ၃၄ သိန်း သုံးစွဲသွားမည် ဖြစ်ပါသည်။ အဆိုပါ လျာထားချက်ထက် ကျော်လွန်သုံးစွဲရန် လိုအပ်ပါက ထပ်မံဖြည့်စွက်သုံးစွဲသွားမည်ဖြစ်ပါသည်။

## ၇.၇။ မကျေနပ်မှုများဖြေရှင်းပေးမည့်အစီအစဉ်

စီမံကိန်းဖော်ဆောင်နေသည့်ကာလအတွင်း ဒေသခံများ (သို့) ဝန်ထမ်းများမှ မကျေလည်မှုများ ဖြစ်ပေါ်လာပါက တိုင်ကြားနိုင်မည်ဖြစ်ပါသည်။ တိုင်ကြားမှုများကို စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ Media များမှလည်းကောင်း တိုင်ကြားနိုင်ပြီး စီမံကိန်းစက်ရုံမှ မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါသည်။ တိုင်ကြားမှုများအား ပြန်လည်ဖြေရှင်းပေးရာတွင် မကျေနပ်မှု

ပြဿနာများ (သို့) စက်ရုံမှ တိုက်ရိုက်ဖြေရှင်း ပေးနိုင်မည့် ကိစ္စရပ်များအားလုံး အလျှင်အမြန် ပြန်လည်ဖြေရှင်းပေးသွားမည်ဖြစ်ပါသည်။ လူမှုပြဿနာများ (သို့) အခြားမဖြေရှင်းနိုင်သေးသည့် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့တင်ပြ၍ ပူးတွဲဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ မကျေလည်သေးပါက နောက်ဆုံးအဆင့်မှာ တရားဥပဒေနှင့်အညီ တရားရုံးက ဆုံးဖြတ်စေမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ အစီအစဉ်အဆင့်များအတိုင်း ဖြေရှင်း ပေးသွားမည် ဖြစ်ပါသည်။




**ပုံ ၇-၁မကျေနပ်မှုများဖြေရှင်းပေးမည့်အစီအစဉ်**

## ၇.၈။ စီမံကိန်းစက်ရုံပိတ်သိမ်းရေးအစီအစဉ်

